ပခုက္ကူမြို့

မဟာဝိသုတာရာမတိုက်

တိုက်အုပ်ဆရာတော်

အရှင်နန္ဒိယမဟာထေရ်၏

# ဩဝါဒကထာများ

၃
သ

သာသနာ ၂၅၁၅

ကောဇာ ၁၃၃၃-ခု၊ တော်သလင်းလ



ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်
တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမထေရ်
သက်တော် ၆၉ နှစ်တွင် ပျံလွန်တော်မူသည်

၂၂၀၈၈

ပခုက္ကူမြို့

မဟာဝိသုတာရာမတိုက်

တိုက်အုပ်ဆရာတော်

အရှင်နန္ဒိယမဟာထေရ်၏

# ဩဝါဒကထာများ

သာသနာ ၂၅၁၅

ကောဇာ ၁၃၃၃-ခု၊ တော်သလင်းလ

**ထုတ်ဝေသူ။** ။ဦးခင်မောင်ကျော်၊ အမှတ် ၁၀၊ သုံးမြှောင့်လမ်း၊
ကန်တော်ကလေး၊ရန်ကုန်မြို့၊(မှတ်ပုံတင် ကင်းလွတ်
ခွင့်အမှတ်-၀၁၂၈၄)

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၅၁၄၆)

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ
ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် အတွင်းရေးမှူး (အုပ်ချုပ်ရေး
အရာရှိချုပ်) ဦးလှမောင် M.A.,M.S.,B.L. (မှတ်ပုံတင်အမှတ်
၀၇၇၉) က ပုံနှိပ်သည်။

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နိဒါန်း .... .... .... | ဂ |
| ၂။ | ကျမ်းဦးအမှာ .... .... .... | ဆ |
| ၃။ | ပခုက္ကူ မဟာသုခိတာရာမ သတိပဋ္ဌာန် သာသနာ့ရိပ်သာ၌ မိန့်ကြားသောဩဝါဒ .... | ၁ |
| ၄။ | ဒသဗလဉာဏ်ဆယ်ပါး .... .... | ၃၆ |
| ၅။ | မကွေးမြို့ စိန်ပန်းပင်ကျောင်းတိုက်၌ ဟောကြားသောတရား .... .... | ၄၅ |
| ၆။ | ချောက်မြို့ မဟာဝိသုတာရာမ စလင်းကျောင်းတိုက် သိမ်သမုတ်အလှူပွဲ၌ မိန့်ကြားသောဩဝါဒ .... .... | ၇၁ |


မာတိကာ ပြီး၏။

# နိဒါန်း

ဤ သြဝါဒကထာရတနာသည် ပခုက္ကူမြို့ မဟာသုခိတာရာမ
သတိပဋ္ဌာန်တိုက် သာသနာ့ရိပ်သာ၌ ၁၃၃၂-ခု၊
တော်သလင်းလပြည့်ကျော် (၇) ရက်နေ့ည (၇) နာရီအချိန်တွင်
ဖြစ်ထွန်း ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်

## ဆိုဦးအံ့

တော်သလင်းလပြည့်ကျော် (၈) ရက်နေ့သည် ပခုက္ကူမြို့ မဟာသုခိတာရာမ သတိပဋ္ဌာန်တိုက် သာသနာ့ရိပ်သာ၌ နှစ်စဉ်ကျင်းပမြဲဘုရားပွဲတော်ရက် ဖြစ်ပါသည်။ ယင်းဘုရားပွဲတော်ကို တရားပွဲများနှင့် ကျင်းပပူဇော်လေ့ရှိပါသည်။ ထိုဘုရားပွဲအတွက် တရားဟောရန် ရွေးချယ်ကြသောအခါ အားလုံးကျောင်းရှိ ရဟန်းတော်များနှင့် တကာတကာမများက ပခုက္ကူမြို့၏ကျက်သရေဆောင် မဟာဝိသုတာရာမတိုက် ရတနသိဒ္ဓိကျောင်းတော်မှ ကြီးမား ထူးချွန်သော သီလ, သမာဓိ, ပညာဂုဏ်တို့နှင့် ပြည့်စုံလှသောတိုက်အုပ်ဆရာတော် အရှင်နန္ဒိယ မဟာထေရ်အရှင်မြတ်ကို ပင့်ဆောင်ရန် သဘောတူကြပါသည်။

သို့အတွက် အများဆန္ဒအရ ဤစာရေးသူက တော်သလင်းလဆန်း (၅) ရက်နေ့တွင် တိုက်အုပ်ဆရာတော်ဘုရား အထံတော်သို့ ယခုလပြည့်ကျော် (၇) ရက်နေ့ တရားဟောတော်

မူပါရန် သွားရောက်လျှောက်ထား တောင်းပန်သောအခါ ဆရာတော်ဘုရားက "ရိပ်သာဘုန်းကြီးလေးရဲ့ ဒို့က အဘိ ဓာန်ကျမ်း ရေးသားခြင်းကိစ္စ၊ စာချခြင်းကိစ္စတွေများ၍ မအားလပ်ပါ၊ တရားဟောပြောလေ့လဲ မရှိပါ။ သို့အတွက် ကြောင့် သည်းခံပါဘုန်းကြီးလေး သည်းခံပါ"ဟု ကြည်ရွှင် ချိုသာစွာ မိန့်တော်မူလေ့ရှိသည့်အတိုင်း မိန့်တော်မူ၍ ထပ်မံ မလျှောက်ဝံ့ဘဲ ပြန်ခဲ့ရပါသည်။

## ဆက်ပါဦးမည်

အများတကာ တကာမအပေါင်းတို့က "ပတ္တမြားဆိုဒါ ပုတ်ကြီးလောက် ရရ၊ မရရ လက်သီးလောက်ရရင် တော်ပါပြီ၊ အရှေ့ကြီးမဟုတ်တောင် တိုတိုဘဲဖြစ်ဖြစ် နာလိုပါသည်"ဟု ဆိုကြပြန်၏။ ဟုတ်ပါသည် ဒီလို သုံးခပ်မကုန်အောင် များ ပြားလှသော သမုဒ္ဒရာပမာ ပညာတွေ၊ တည်တံ့ခိုင်မြဲ မြင့်မား ဖွံ့ဖြိုးစင်လှသော မြင့်မိုရ်ပမာ သီလတွေ၊ မတုန်မလှုပ် ယိမ်းယိုင် မှုမရှိသော မြေထုပမာ ကြီးမားလှတဲ့ ခန္တီ သစ္စာ သမာဓိ တရားတွေနှင့် ပြည့်စုံသော တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ မဟာထေရ်၏ တရားတော်ကို အဘယ်သူသည် မနာယူလိုဘဲ ရှိအံ့နည်း၊ သို့အတွက် တော်သလင်းလပြည့်နေ့ နံနက် (၇) နာရီအချိန်တွင် တိုက်အုပ်ဆရာတော်ဘုရားထံတော် မှောက် တခါက်ရောက်ကာ တရားဟောတော်မူပါရန် ရိုသေ စွာ လျှောက်ထားရပြန်ပါသည်။

ယင်းသို့ လျှောက်ထားပြန်သောအခါ ဆရာတော်ဘုရား က "ယခုအခါမှာ တရားဟော တရားနာနေရုံနဲ့ ပြီးတဲ့အချိန်

မဟုတ်တော့ဘူး၊ ကျင့်ကြံအားထုတ်မှ ရတဲ့အချိန်ဖြစ်နေပြီ၊ ဒို့လဲ အားလပ်တဲ့အချိန်လေးများ လုပြီးအားထုတ်နေတယ်၊ အခြားသူများလဲ ဒီကလိုဘဲ အားထုတ်စေချင်တဲ့ သဒ္ဒါဆန္ဒ တွေရှိပါတယ်၊ သို့သော်လဲ တရားဟောနေတဲ့ ဘုန်းကြီး မဟုတ်လို့ သည်းခံပါ"ဟု ရွှင်ပြုံးကြည်နူးစွာ မိန့်တော်မူပြန် ၍ ပြန်ခဲ့ရပြန်ပါသည်။

## ဆက်ဦးအုံ့

ထူးဆန်းထွေလာ တိုက်ဆိုင်သည်မှာဖြင့် ပြောမယုံ ကြုံမှ သိဆိုတာလိုဘဲ "ငါလျှောက်တာ ၂ ကြိမ်ရှိပြီ၊ ဒီတကြိမ်တော့ မဖြစ်ဘူး ဆရာတော်ဘုရား မအားလပ်တာလဲ သိနေတယ်။ နေ့မအားရင် ညလေးတော့ အားပါလိမ့်မယ်ဘုရား၊ အဲဒီညအားတဲ့အချိန်လေးမှာ အများတကာ တကာမ သနားပြီး ချီးမြှင့်တော်မူပါဘုရား"လို့ ဇွတ်အတင်း လျှောက်ထားရန် စိတ်ကူးသွားပါသည်။ ဆရာတော်ဘုရားထံမှောက် ရောက်တော့ "ဘုန်းကြီးလေးရဲ့ ဒို့များ နေ့မှာ စာကိစ္စနှင့် မအားသလို ညကျတော့လဲ မိမိကျန်းမာရေးအတွက် လမ်းလျှောက်ရ,ဘုရားဝတ်ပြုရ, မိမိအားထုတ်နေကျတရားကလေး ရှုမှတ်ရနဲ့ အားတာမဟုတ်ဘူး ဘုန်းကြီးလေးရဲ့"ဟု မိန့်တော်မူလိုက် တော့ "ဟာ ငါ့အကြံတွေများ ဆရာတော်ဘုရားက သိနေ ရော့သလား"ဟု တွေးပြီး ဘာမှမလျှောက်ဝံ့ဘဲ ခဏငြိမ်နေ မိပါသည်၊ အတန်ကြာမှ "မှန်လှပါ ဆရာတော်ဘုရား တရား ဟော ဘုန်းကြီးမဟုတ်လို့ တရားမဟောသော်လဲ တပည့်များ ကို သနားငဲ့ညှာပြီး အဆုံးအမ ဩဝါဒတော့ ပေးတော်မူပါ ဘုရား"လို့ လျှောက်ထားသောအခါ ခဏစဉ်းစားပြီး—

အင်းဒါလောက်တောင်ဆိုလဲ အေးဒို့များကဒါန သီလတရားတွေထက် ဝိပဿနာအလုပ်တရားကိုတော့ မိမိအားထုတ်ထားသည်အားလျော်စွာ စိတ်ကလဲပါတယ်၊ တရားအားထုတ်ကြရန် တိုက်တွန်းနှိုးဆော်ချင်တဲ့ သဒ္ဓါဆန္ဒတွေလဲ ရှိပါတယ်၊ မအားသပ်လွန်းလို့သာပါ၊ ကိုင်းကိုင်း အားနာပါတယ်၊ ဩဝါဒတော့ ပေးရတာပေါ့။ အင်း တခုတော့ မှာလိုက်မယ် ဒို့တရားဩဝါဒပေးမည့်အကြောင်း မကြော်ငြာရဘူး၊ ကြီးကြီးကျယ်ကျယ် မလုပ်ရဘူး ကြားလား"၊ "မှန်လှပါဘုရား"။ ဤကား တော်သလင်းလပြည့်ကျော် (၄) ရက်နေ့မှာ ဆရာတော်ဘုရား အမိန့်ရှိလိုက်ပြီး၊ (၇) ရက်နေ့ည (၇) နာရီအချိန်မှာ (တရားဟောနေတဲ့ ဘုန်းကြီးမဟုတ်ပါ) အစဖြာသောဩဝါဒကထာ ရတနာသည် ဘယ်တော့မှ မရိုးနိုင် လ ပန်းခိုင်ကြီးပမာ ကမ္ဘာတည်သရွေ့ မွေးကြူလှိုင်သင်း တကြိုင်ကြိုင်လင်းလျက် ဝေနေယျအများအတွက် ငွါးငွါးစွင့်စွင့် ပွင့်ထွန်းပေါ်ထွက်၍ လာရပါပေသည် တကား။ ။

ယုတ္တာယုတ္တံ ဝိစာရေထ၊
ယုတ္တံ ဂဏှေယျ ပဏ္ဍိတော။
အယုတ္တံ စ ခမေယျာထ၊
မက္ခံ ဒေါသဉ္စ နာကရေ။

ဦးတေဇဝန္တ
မဟာသုခိတာရာမသတိပဋ္ဌာန်တိုက်
သာသနာ့ရိပ်သာ
ပခုက္ကူမြို့
၁၃၃၃-ခု၊ တော်သလင်းလပြည့်ကျော် ၁-ရက်။

## ကျမ်းဦးအမှာ

ဤဩဝါဒကထာ ဒေသနာတော်ကို လင်္ဗီပေသလ, သိက္ခာကာမ, ပရိယတ္တိဝိသာရဒ, ပရိယတ္တိဆောက, ပရိယတ္တိမာမက, ပိဋကတ္တယကောဝိဒ, နိကာယဏ္ဏဝပါရဂူ, သဒ္ဓမ္မစိရဋ္ဌိတိကာမ, သဒ္ဓမ္မဝုဍ္ဍိကာမ, မဟုဿာဟ, ပုဂ္ဂလဝိသေသ, ဂန္ထကာရက, တိပိဋက ပါဠိမြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့၏ ဦးစီးတာဝန်ခံနာယက မဟာဝိသုတာရာမ (အလယ်) တိုက်ကြီး၏ တိုက်အုပ်ဆရာတော် ရတနသိဒ္ဓိကျောင်းတွင် ယာပိုထ်လေးလီ မျှညီရှင်ပြုး သီတင်းသုံးနေတော်မူသော ကျေးဇူးရှင် အရှင်နန္ဒိယမဟာထေရ်မြတ်သည် ပခုက္ကူမြို့ ခံတောရပ် ဗိုလ်ချုပ်လမ်းမဟာသုခိတာရာမ, သတိပဋ္ဌာန်သာသနာ့ရိပ်သာ ဆရာတော်အရှင်တေဇဝန္တနှင့်တကွ တပည့်ယောဂီဒါယကာ ဒါယိကာမတို့က ဩဝါဒပေးတော်မူပါဘုရားဟု အထပ်ထပ် အဖန်ဖန်တောင်းပန် လျှောက်ထားအပ်သည် ဖြစ်ပါသောကြောင့် ၁၃၃၂-ခု၊ တော်သလင်း လပြည့်ကျော် (၇)ရက်နေ့ ည (၇) နာရီအချိန်မှ(၈)နာရီ(၁၅)မိနစ် အချိန်အထိ ရဟန်းယောဂီလူယောဂီအပေါင်းတို့အား ဩဝါဒပေးတော်မူခဲ့ပေသည်။

ထိုသို့ ဩဝါဒပေးတော်မူစဉ်ကာလက မဟာဝိသုတာရာမ (အလယ်)တိုက် ဓမ္မာယတနကျောင်းနေဆရာတော်၏ဓမ္မန္တေဝါသိက တပည့် အရှင်ဥက္ကံသ (ညောင်ဦး)က တိပ်ရီကော်ဒါ ခေါ် အသံဖမ်းစက်ဖြင့် အသံသွင်းယူခဲ့ပေသည်။ ထိုကဲ့သို့ အသံသွင်းယူခဲ့သော ဩဝါဒကထာကို နာခံမှတ်သားခဲ့ရသော ပခုက္ကူမြို့ စာတိုက်တန်းရပ် **ဦးတင်မောင်-ဒေါ်တင်အေး၊** ပခုက္ကူမြို့ မုံညင်းစုရပ် ကျောင်းအမကြီး **ဒေါ်လှကြွယ်၊**

**ဒေါ်ပု၊ဒေါ်တင်ညွန့်၊**တူ-တူမ တစုတို့နှင့်ပခုက္ကူမြို့ မုံညင်းစုရပ် **ဦးရာစိုး-ဒေါ်စန်းရင်** သားသမီးတစုတို့က "မိမိနာခံ မှတ်သား ခဲ့ရသလို မိမိမှတပါး ရဟန်းပုဂ္ဂိုလ်, လူပုဂ္ဂိုလ်တို့လည်း အထပ် ထပ်အဖန်ဖန် နာခံမှတ်သား လေ့လာပွါးများ အားထုတ်နိုင် ရန် သမ္မာဆန္ဒနှလုံးသွင်းရိုးရင်းရှိသည်အားလျော်စွာ ဩဝါဒ ကထာ စာအုပ်ပြုလုပ်ပြီး လှူဒါန်းရန် တပည့်တော်တို့က ဒကာခံပါမည်၊ အရှင်ဘုရားတို့က စာအုပ် ဖြစ်မြောက်ရေး အတွက် တာဝန်ယူ ဆောင်ရွက်ပေးတော် မူပါဘုရား" ဟု လျှောက်ထား တောင်းပန်အပ်သောကြောင့် တိပ်ခွေအသံမှ တဆင့် **အရှင်ဥက္ကံသ** (ညောင်ဦး)ကပင် လက်ရေးစာမူကြမ်း သို့ ရောက်စေခဲ့ပေသည်။ တဖန်လက်ရေးစာမူကြမ်းကို မဟာ ဝိသုတာရာမ (အလယ်)တိုက် သဒ္ဓမ္မဇောတိက ကျောင်းနေ ဆရာတော်၏ ဓမ္မန္တေဝါသိကတပည့် **အရှင်တိလောက** (မြင်း ခြံ)က တိုက်ပရိုက်စာမူကြမ်းသို့ရောက်စေကာ ၎င်းစာမူကြမ်း မှတဆင့် "တရားဟောနေတဲ့ ဘုန်းကြီးမဟုတ်ပါ၊ တရားဟော လေ့ကျင့်ထားတဲ့ ဘုန်းကြီးလဲမဟုတ်၊ ဝါသနာပါတာ စာပေ ချပြီးနေတဲ့ဘုန်းကြီးပါ" အစရှိသည်ဖြင့်၎င်း,"တဏှာကင်းအောင် ကျင့်တဲ့နည်းဟာ အတိတ်အာရုံကိုပြန်ပြီး မစဉ်းစားနဲ့၊ ပစ္စုပ္ပန် အာရုံတွေကိုလဲ မတပ်မက်နဲ့၊အနာဂတ်အာရုံကိုလဲ မမြော်မှန်း နဲ့ ဆိုခတော့ ဒါ တဏှာကင်းအောင် ကျင့်နည်းဘဲတဲ့" အစရှိ သော ဩဝါဒကထာဒေသနာတော်ကို စာအုပ်အဖြစ်သို့ရောက် စေကာ ပုံနှိပ်ဖြန့်ဝေလိုက်ရပါကြောင်း။

ဤဩဝါဒကထာ ဒေသနာတော်ကို ကြည့်ရှုကြရသောသူ တို့သည် လိုအင်ဆန္ဒပြည့်ဝကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ

ချမ်းသာစွာဖြင့် "မောဃံ ကာလံ န ခေပယေ=မောဃံ ကာ-လံ၊ အချည်းနှီးသောကာလကို။ န ခေပယေ၊ မကုန်ဆုံးစေရာ" ဟု ဗုဒ္ဓမြတ်စွာ စိန္တေယျာ၏ ဓမ္မတရား မိန့်မှာထားခဲ့သော ကြောင့် အချိန်ကိုမဖြုန်းကြဘဲ အလကားမနေကြဘဲ ရေသာ ခို အချောင်မလိုက်ကြဘဲ မိမိကိုယ်ကို တိုက်တွန်းနှိုးဆော်ပြီး လျှင် 'တဏှာ'ကင်းအောင် ကျင့်ကြံအားထုတ်နိုင်တဲ့ ပုဂ္ဂိုလ် ချည်းဖြစ်ကြပါစေသော်။

ဆရာတော်၏ ဓမ္မစေတ္တဝါသိကတပည့်
အရှင်ဥက္ကံသ (ညောင်ဦး)
မဟာဝိသုတာရာမ (အလယ်)တိုက်
ဓမ္မာယတနကျောင်း
ပခုက္ကူမြို့
၁၃၃၃-ခု၊ တော်သလင်း လပြည့်ကျော် (၁) ရက်နေ့။

၁၃၃၂-ခု၊ တော်သလင်း လပြည့်ကျော် ၇-ရက်နေ့
ည ၇-နာရီအချိန်၌ ပခုက္ကူမြို့ မဟာသုခိတာရာမ
သတိပဋ္ဌာန် သာသနာ့ရိပ်သာ၌

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် တိုက်အုပ်ဆရာတော်
အရှင်နန္ဒိယမဟာထေရ် မိန့်ကြားတော်မူအပ်သော

# ဩဝါဒကထာများ

---

## ဩဝါဒမပေးမီ ဒါယကာ ဒါယိကာမတို့က ကန်တော့ကြသော အခါ ဆရာတော်က ဆုပေးပုံ

ပူဇနီယ ပူဇေတဗ္ဗ ပူဇာရဟဖြစ်တော်မူသော ဘုရား တရား သံဃာ ဤရတနာမြတ်သုံးပါးတို့အား ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ကြောင်း ဖြစ်သော ကာမာဝစရကုသိုလ်ကံစေတနာတို့ကြောင့် မိမိတို့ အလိုရှိအပ် နှစ်သက်အပ် တောင့်တအပ်သော အာယု ဝဏ္ဏ သုခ ဗလစသော မင်္ဂလာတို့နှင့် ပြည့်စုံကြကုန်လျက် အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်သောဘေးရန်အပေါင်းအန္တရာယ်အပေါင်းတို့၏ အကြွင်းမဲ့ ကုန်ရာ ဆုံးရာနိဗ္ဗာန်သို့ လျင်မြန်ထုတ်ချောက် ရလွယ် ရောက်လွယ်ကြသည်ဖြစ်စေ။

## ဩဝါဒကထာများ

တရားဟောနေတဲ့ ဘုန်းကြီးမဟုတ်ပါ၊ တရားဟောလေ့ကျင့်ထားတဲ့ ဘုန်းကြီးလဲမဟုတ်၊ ဝါသနာပါတာ စာပေချပြီးတော့နေတဲ့ ဘုန်းကြီးပါ၊ ဝါသနာပါတာ စာပေချပြီးတော့ သို့ပေမဲ့ တရားဟောဆိုလျှင်တော့ လိုက်ပြီးဟောဘိုလဲ ရည်ရွယ်ချက်မရှိပါဘူး၊ ယောဂီပုဂ္ဂိုလ်တွေဩဝါဒပေးပါအုံးလို့ ဩဝါဒပေးတော်မူပါ တတ်နိုင်သလောက် ဆိုတော့ အဲဒါကတော့ စိတ်ကလဲပါတယ်၊ ဒါနစတဲ့တရားကြီးတွေ ဝတ္ထုကြောင်းတွေ ကျတော့ ဟောလဲ မဟောတတ်ဘူး ပြောပါတော့၊ ဟောလဲမဟောချင်ဘူး၊ အဲဒီလို အလုပ်လုပ်နေတဲ့ ပုဂ္ဂိုလ်တွေအတွက် လုပ်ငန်းဆိုင်ရာလေးတွေကို တိုက်တွန်းနှိုးဆော်တဲ့ အနေနဲ့တော့ ဩဝါဒပေးချင်ပါတယ်၊ ဓမ္မသဘာဝအားဖြင့် ကျမ်းဂန်များမှာလာတဲ့ အဓိပ္ပါယ်တွေကိုလဲဘဲ မိမိတို့ သိသလောက်ပေါ့လေ။အဲဒါလေးတွေလဲသိစေချင်တဲ့ စိတ်ရှိပါတယ်၊ဘုရားဒေသနာတော်ဆိုတာနာနာနယနိပုဏ အင်မတန် သိမ်မွေ့နက်နဲတယ်တဲ့၊ အင်မတန် ခက်ခဲတယ်၊ အတိဂမ္ဘီရဖြစ်တယ်ဆိုတာတွေဟာ ဘုန်းကြီးများစာပေသင်ကြားလို့ ငယ်စဉ်အခါကတော့ဒီဥစ္စာတွေ နည်းတွေ ပေါ်လှတယ်၊ အင်မတန်နက်နဲတယ်ဆိုတာတွေဟာ သိပ်ပြီးသဘောမပေါက်ခဲ့ဘူး၊ အခု တဖြည်းဖြည်းအနှစ်ခြောက်ဆယ်လောက်ရှိပြီ အသက်ကလဲခြောက်ဆယ်ကျော်ပြီ၊ ဒီစာနဲ့ဘဲ နေလာတဲ့အချိန်အခါကျတော့ ဒီစာတွေရဲ့ နက်နဲပုံထူးဆန်းပုံတွေ အင်မတန်ခက်ခဲပုံတွေတွေ့ပါတယ်။ သို့ပေမဲ့ ဒီဘုန်းကြီးက စကားပြောတတ်တဲ့ဘုန်းကြီးလဲမဟုတ်တော့ မိမိသိထားတာတွေကို တဖက်သားနားလည်အောင် အကုန်လဲ

ပြောချင်မှ ပြောတတ်မှာ ဟိုဒင်းများလိုဘဲ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်များကျတော့ သမ္မာဗုဒ္ဓလဲ ဟုတ်တယ်၊ သမ္ဗုဒ္ဓလဲ ဟုတ်တယ်ဆိုတော့ အစစအရာရာ အဖက်ဖက်က ပြည့်စုံပါ တယ်။ ပစ္စေကဗုဒ္ဓါများ ကျတော့ လောကပညတ် နား မလည်တော့ မိမိသိထားတဲ့ သစ္စာလေးပါးတရားကို ဝေနေယျ နားလည်အောင် ကျယ်ကျယ်ပြန့်ပြန့် ပရိယာယ် အသွယ် သွယ်နဲ့ မဟောနိုင်ဘူးပေါ့၊ ဒီလိုလဲဘဲ ပုဂ္ဂိုလ်အမျိုးအစားရှိ တယ်၊ ဘုန်းကြီးတို့ကတော့ အဲဒါလဲ ကိုယ့်ဟာကိုယ် ချင့်ချိန် ပြီးတော့ကာ တရားဟောတဲ့ပုဂ္ဂိုလ်မဟုတ်ဘူး၊ ဩဝါဒအနေ ဘဲ ဒါယကာကြီး များကို ပေးရမယ် အရပ်ထဲ လယ်ပြီး တော့ တိုက်အုပ် ဘုန်းကြီးက တရား ဟောလိမ့် မည်လို့ စာတွေကမ်း ဘာတွေ ကမ်းတော့ လုပ်မနေနဲ့၊ အဲသလို ဘဲ ပိတ်ပင်လိုက်ပါတယ်။ ဒီယောဂီ ပုဂ္ဂိုလ်များ အတွက် တော့ ဝါသနာလဲရှိတယ် ပြောချင် ဟောချင်တဲ့ စိတ်လဲရှိ တယ်၊ ဒါလေးတွေကျတော့ ကိုယ့်ဟာကိုယ်လဲ လေ့ကျင့်ထား တာရှိတယ်။

ဒါကြောင့် ဘုရားသာသနာတော်ကြီးနဲ့ ကြုံကြိုက်ပြီးတော့ လာခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေဟာ တိုက်ဆိုင်ရုံမျှမကသေးဘဲနဲ့ အင် မတန် ရခဲ ကြုံကြိုက်ခဲတဲ့ အတိဒုလ္လဘ, အတိကိစ္စဖြစ်တဲ့ ဟော ဒီ လူ့ ဘဝကြီးတွေ ရပြီးတဲ့နောက် ဘာကပိုပြီး ခက်ခဲသလဲဆို တော့ သပ္ပုရိသူပနိဿယ, ပတိရူပဒေသဝါသ ကမ္ဘာပေါ် မှာ လူ့ အဖြစ်ကို ရတဲ့ ပုဂ္ဂိုလ် အတော်များကြတာပေါ့၊ လူ ဖြစ်ပေမဲ့ ပတိရူပဆိုတဲ့အရပ်ကို မရကြဘူး၊ ပတိရူပအရပ်ဆို တာ ဘယ်လိုအရပ်မျိုးကို ဆိုသလဲဆိုတော့ ကုသိုလ်ဖြစ်နိုင်တဲ့

အရပ်ကို ပတိရူပအရပ်လို့ ဆိုရတယ်၊ ကုသိုလ်မရနိုင်တဲ့ မဖြစ်နိုင်တဲ့ အရပ်မျိုးကို ပတိရူပ မခေါ်ရဘူး၊ ယခုဗမာနိုင်ငံမှာ ဆိုလျှင် ဗုဒ္ဓသာသနာ ထွန်းကားပြီး နေတဲ့တိုင်းပြည် ဖြစ်တော့ များသောအားဖြင့် ကုသိုလ်ဖြစ်နိုင်တဲ့ အရပ်ဒေသ ပတိရူပလို့ ခေါ်ရမယ်။ ဒါကြောင့် ယခုဗမာလူမျိုးအနေနဲ့ ဗုဒ္ဓသာသနာ ယုံကြည်တဲ့ ဘဝမျိုးရောက်ရတာဟာ ပတိရူပဆိုတဲ့အကြောင်း ကြီးဟာခုပါတယ်၊ အဲဒါကလဲဘဲ လူ့အဖြစ်ရတာထက် ပိုပြီး ခက်သေးတယ်၊ လူဖြစ်တာတွေများပေမဲ့ မရတဲ့ပုဂ္ဂိုလ်တွေက အပုံဘဲ၊ ရတဲ့ပုဂ္ဂိုလ်က နည်းနည်းလေး ရှိတယ်။

ပြီးတဲ့နောက် သပ္ပုရိသူပနိဿယဆိုတာ မှန်ကန်တဲ့ တရားသဘောကိုသိတဲ့ တင့်တယ်တဲ့ ယောကျာ်းများကို သပ္ပုရိသ-ခေါ်တယ်၊ လှပတင့်တယ်တဲ့ ယောကျာ်းကို သပ္ပုရိသ ခေါ်တာမဟုတ်ဘူး၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း၏ အကြောင်း ဖြစ်တဲ့ တရားကောင်း တရားမှန်တွေကို သိ၍ သူတပါးအား ဟောပြောနိုင်တဲ့ ဆရာသမားတွေ, ဓမ္မကထိက ပုဂ္ဂိုလ်တွေ, ရဟန်းသံဃာတော်တွေ, အဲဒါတွေဟာ သပ္ပုရိသတွေဘဲ၊ ဒီ သပ္ပုရိသတွေကို မှီဝဲဆည်းကပ် ကိုးကွယ် ပြုလုပ်ရတာဟာလဲ ဘဲ အင်မတန်ကို ရခဲ ကြုံကြိုက်ခဲတယ်တဲ့၊မိမိစိတ်နှင့် တိုက်ဆိုင် ညီညွတ်မှ အဲဒီလို ပုဂ္ဂိုလ် မျိုးလဲရှိမှ ဆည်းကပ်ပြီးတော့ မိမိ တို့၏ လမ်းကြောင်း သံသရာ သွားလာဘို့ရာ လမ်းကောင်းကို ထွင်ပေးမဲ့ ဆရာသမားဟာ သပ္ပုရိသ ခေါ်တယ်၊ အဲဒီပုဂ္ဂိုလ် များ ဆည်းကပ်ရတာဟာ အခွင့်ကောင်းကြီး တခုတဲ့။

ပြီးတဲ့နောက် သဒ္ဓမ္မသဝနဆိုတဲ့ သူတော်ကောင်းတရား ကြားနာဘို့ဆိုတာဟာ အခွင့်ကောင်း အင်မတန် ရခဲတာဘဲတဲ့၊

ဟောတဲ့ ပုဂ္ဂိုလ်လဲ ရှိရမယ်၊ မိမိက သဒ္ဓါတရားနဲ့ နာချင်တဲ့ စိတ်ရှိရမယ်၊ နောက်–နာနိုင်တဲ့အင်္ဂါ, အခြားအင်္ဂါတွေလဲ လုံလောက်ရမယ်၊ ဟော—အကြောင်းတွေ မျိုးစုံကို စုံမိမှ တရားနာခွင့် ရတယ်၊ အဲသလောက် ရခဲတဲ့ ဒုလ္လဘတွေနဲ့ပြည့်စုံပြီးတော့ နေကြရတာကိုလဲ မိမိတို့ ကိုယ်တိုင် မိမိတို့ဆုံးဖြတ်ပြီးတော့–မောဃံ ကာလံ န ခေပယေ=မောဃံ ကာလံ၊ အချည်းနှီးသောကာလကို။ န ခေပယေ၊ မကုန်ဆုံးစေရာ-ဆိုတဲ့ ဘုရားဒေသနာအတိုင်း အလကားမနေကြဘဲနဲ့ ကုသိုလ်ရတဲ့ လုပ်ငန်းတွေ လုပ်မယ်ဆိုတဲ့ မိမိကိုယ် မိမိ အတ္တသမ္မာပဏိဓိ ဖြစ်အောင် မိမိကိုယ်ကို တိုက်တွန်း နှိုးဆော်ပြီးတော့ အင်္ဂါတွေက ပြည့်စုံနေတဲ့အခါမို့ လို့ သပ္ပုရိသူပနိဿယ ရှိနေတယ်၊ ပတိရူပဒေသဝါသသမ္ပတ္တိစက် ရှိနေတယ်။

ဘာလို့တုန်းဆိုတော့ အတ္တသမ္မာပဏိဓိတဲ့ 'အတ္တ' ဆိုတာ မိမိ၊ 'သမ္မာပဏိဓိ' ဆိုတာ ကောင်းတဲ့အလုပ်ကိစ္စ အပေါ်မှာ မိမိစိတ် မိမိကိုယ်ကို ထားပေးတာ စေလွှတ်ပေးတာ၊ အဲဒါ အတ္တသမ္မာပဏိဓိ ခေါ်တယ်၊ ပယောဂသမ္ပတ္တိလဲ ခေါ်တယ်။ ဟိုအတိတ်ဘဝတွေက မိမိတို့မှာ ပြုခဲ့တဲ့ ကုသိုလ်တွေ အနန္တ၊ အကုသိုလ်တွေ အနန္တ၊ အဲဒီ အကုသိုလ် အနန္တတွေကို ဒီက သမ္မာပယောဂလေးနဲ့ တားနိုင်တယ်တဲ့၊ ဘုရားရှင် ဒေသနာတော်မှာ ဟိုဘက် ဘဝကလုပ်တဲ့ အကုသိုလ်ကံတွေ ဘယ်လောက်များနေ များနေ ဒီဘဝမှာ သမ္မာပယောဂ ဆိုတဲ့ တရားနာမယ်, ဥပုသ်စောင့်မယ်, ကမ္မဋ္ဌာန်းထိုင်မယ် ဆိုတဲ့ အလုပ်တွေဟာ သမ္မာပယောဂ ခေါ်တယ်၊ အတ္တသမ္မာပဏိဓိ-လို့ ခေါ်တယ်။ ဒီဟာတွေကို လုပ်ပေးနေလို့ရှိရင် အကုသိုလ်

တွေ့ အကျိုးပေးချင်ပေမဲ့ အကျိုးပေးခွင့် မရဘူးတဲ့၊ အဲဒါက လဲ ကာကွယ်တားဆီးသတဲ့၊ လူ့ဘဝ လူ့ဘုံ ရောက်တာ သုဂတိဘဝ ရောက်ခဲ့တာဖြစ်တော့ ဒီဘဝကြီးကလဲ မင်းတို့ အကုသိုလ်တွေ မလာခဲ့ကြနဲ့၊ မင်းတို့အကျိုးပေးဘို့ရန် အခွင့် ကောင်း မရှိဘူးဆိုတာလို ဟားမြစ် နိုင်တယ်တဲ့၊ သုဂတိ ဘဝက တားမြစ်တယ်၊ အတ္တသမ္မာပဏိဓိက တားမြစ်တယ်။

ဒါကြောင့် မိမိတို့စိတ်ကို တိုက်တွန်း နှိုးဆော်ပေးရမယ်၊ ပေါ့ပေါ့ဆဆ မနေကြဘဲနဲ့ အဖိုးတန် အချိန်ကာလကြီးကို ဖြုံးမပစ်ဖို့ တိုက်တွန်းရပါတယ်တဲ့။

အဲဒီအပြင် ဘုန်းကြီး ဟောချင်တာကတော့ ဘုရားရှင် များ နတ်တွေ ဟောထားတဲ့ ပုရာဘေဒသုတ် ဆိုတာရှိ တယ်၊ အဲဒါ ပုရာဘေဒဆိုတာ နက်နဲတယ်၊ ဒီမဟာသမယ သုတ် ခြောက်သုတ်ထည်းမှာ အပါအဝင် ဖြစ်တယ်၊ အဲဒီ အထည်းက တသုတ် တသုတ်ဟာ ဘယ်လောက် ပါသတုံးဆို ရင် ဆယ်ဂါထာ, ဆယ့်ငါးဂါထာ, ဆယ့်သုံးဂါထာ,ဒီလောက် ကလေးပါတာ၊ ပါတော့ ဘုရားက နိဗ္ဗာန်ရောက်ကြောင်း ဟောတဲ့ နေရာမှာ မဂ်ဖိုလ်ရကြောင်း ဟောတဲ့ နေရာမှာ တဂါထာထည်းနဲ့ ပြီးတယ်၊ဒါကတော့ နိဗ္ဗာန်အထိ အရဟတ္တ-ဖိုလ်အထွတ်တပ်ပြီး ဟောထားတဲ့ ဒေသနာချည်းဘဲ။

ဒါကြောင့် အဲဒီထဲက တဂါထာ ဟောမယ်လို့ ရည်မှန်း ထားတယ်။ ပြီးတော့ သူနဲ့စပ်သွယ်ပြီးတော့ လာတဲ့အခြား ဒေသနာများလဲထည့်ပြီး ဟောပေးရမှာပေါ့။ အဲဒီမှာ နိမိတ ဘုရားရှင် ကိုယ်တော်မြတ်ကို ဘုရားရှင်ကိုယ်တော်တိုင် ဖန်

ဆင်းပြီးတော့ မိမိက အမေးခိုင်းတာ၊ အဲဒီမေးတဲ့ ဘုရားရှင်ကတော့ ဆိုလိုရင်းအဓိပ္ပါယ် အကျဉ်းချုပ်ကို ပြောကြပါစို့။ အဘယ်ကဲ့သို့ ကျင့်တဲ့ပုဂ္ဂိုလ်များဟာ ငြိမ်းချမ်းသာယာတဲ့ နိဗ္ဗာန်သို့ ရောက်စေနိုင်ပါသလဲ။ တိုတို အဓိပ္ပါယ် ပြောရရင်တော့——

ကထံ ကေန အာကာရေန၊ အဘယ်သို့သော အခြင်းအရာအားဖြင့်။ ပဋိပန္နော၊ ကျင့်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဥပသန္တော၊ ဒုက္ခခပ်သိမ်းငြိမ်းသည်။ အဟောသိ၊ ဖြစ်ပါသနည်း——အဲသလိုမေးတယ်။ ဘယ်လိုကျင့်တဲ့ပုဂ္ဂိုလ်ဟာ ဒုက္ခခပ်သိမ်း ငြိမ်းလို့ နိဗ္ဗာန်ကို ရောက်နိုင်ပါသလဲလို့ ဒါ နတ်က မေးတာ မဟုတ်ဘူး၊ နိမ္မိတ ကိုယ်စားတော် ဘုရားရှင်ကမေးတာ။ အဲဒါက ဘုရားရှင်တို့ဟာ ဒေသနာဟောတဲ့နေရာမှာ ကိုယ်တော်တိုင် မေးတာလဲ ရှိတယ်။ ကတမာ ဘိက္ခဝေ သမ္မာဒိဋ္ဌိစသည်ဖြင့်—— ဘိက္ခဝေ၊ ရဟန်းတို့။ ကတမာ၊ အဘယ်သည်။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိမည်သနည်း——ကိုယ့်ဟာကို မေးပြီးတော့ "ဒုက္ခေ ဉာဏံ ဒုက္ခသမုဒယေ ဉာဏံ ဒုက္ခနိရောဓေ ဉာဏံ ဒုက္ခနိရောဓဂါမိနိပဋိပဒါယ ဉာဏံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ" ကိုယ်တိုင်မေး ကိုယ်တိုင်ဖြေတာတွေလဲရှိတယ်။ ဝေနေယျကမေးလို့ ဖြေတာလဲရှိတယ်။ နောက် နတ်တွေကမေးလို့ဖြေတာလဲရှိတယ်။ ယခု ပုရာဘေဒသုတ် ဒေသနာကတော့ နိမ္မိတဘုရားရှင်တဆူဖန်ဆင်းပြီးတော့ အမေးခိုင်းတာ၊ အဲဒီအမေးကို ကိုယ်တော်တိုင်ဖြေတယ်တဲ့။ ဘယ်လိုလုပ်ပြီးတော့ ကျင့်ရင် တပည့်တော်

တို့ ငြိမ်းချမ်းမှု ရပါမလဲလို့ အဲသလို မေးတယ်တဲ့။ မေးတဲ့ အချိန်အခါကျတော့—

ဝိတတဏှော ပုရာဘေဒါ၊ ပုဗ္ဗမန္တမနိဿိတော။
ဝေမဇ္ဈေ နုပသင်္ခေယျော၊ တဿ နတ္ထိ ပုရက္ခတံ။ ။

ဟောဒီဂါထာလေး ဟောလိုက်တယ်၊ ဒီတဂါထာတည်းနဲ့ အရဟတ္တဖိုလ် အထွတ်တပ်ပြီးတော့ နိဗ္ဗာန်ရောက်သည်အထိ အကျဉ်းဆုံး ဟောထားတဲ့ ဒေသနာဘဲတဲ့။ အဲသလိုဟော ထားတာတဲ့။

ဘန္တေ၊ နိမ္မိတကိုယ်စား ကိုယ်ပွားဖြစ်တော်မူသော အရှင် မြတ်ဘုရား။ ပုရာဘေဒါ၊ မသေမီရှေးကာလ၌၊ မသေမီရှေး ကာလက၊ မသေခင်ကြိုတင်၍။ ဝီတတဏှော၊ ကင်းသော တဏှာရှိသည်၊ ကင်းသောတပ်မက်မှုရှိသည်၊ လိုချင်တောင့်တ မှုမရှိသည်၊ ဘယ်အရာမဆို နှစ်သက်မှု သာယာမှုမရှိသည်။ အဿ၊ ဖြစ်ရာ၏။ ဧဝံ၊ ဤသို့။ ပဋိပန္နော၊ ကျင့်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဥပသန္တော၊ ပူပန်ခပ်သိမ်းငြိမ်း သည်။ နိဗ္ဗာန်အထိ ချမ်းသာမှုကိုရသည်။ ဟောတိ၊ ဖြစ်၏။

အကျဉ်းဘဲ၊ ချမ်းသာချင်ရင် ဝီတတဏှာဆိုတဲ့ အတိုင်း တဏှာ ကင်းအောင်နေတဲ့၊ တဏှာဆိုတာ ဆာလောင် တာကိုဆိုတယ်။ ဒို့ဗမာလိုပြန်လို့ရှိရင် ဆာလောင်မှုဆိုတဲ့ အဲဒီ ဆာလောင်မှုဟာ အစာ ဆာလောင်မှုလဲ တဏှာဘဲ၊ အရာရာအာရုံတွေကို ခံစားလိုမှု၊ ရလိုမှု၊ အာရုံ၌ တွယ်တာ ငြိကပ်မှု၊မလွှတ်နိုင်မှု အင်မတန် ပရိယာယ်ပေါတယ်။ ဒီတဏှာ ရဲ့ပရိယာယ်တွေဟာ လောဘတဲ့ လိုချင်မှု၊ ဝိသတ္တိတဲ့ မျောက်နဲ့

စေးကဲ့သို့ ကပ်တတ်တဲ့တဏှာတဲ့၊ ခွါမရတဲ့ အဲဒီတဏှာကင်း အောင်ကျင့်ပါတဲ့။ တဏှာကင်းအောင် ကျင့်တယ်ဆိုတော့ အင်မတန် ကျဉ်းတာပေါ့၊ နည်းနည်းကလေး တဏှာကင်း အောင် ကျင့်ပုံ ကျင့်နည်း ဘုရားရှင်ကဆက်ပြီးတော့ ဟော ပြန်တယ်။

ကထံ၊ အဘယ်သို့။ ဝီတတဏှော၊ ကင်းသောတဏှာရှိ သည်။ ဟောတိ၊ ဖြစ်ရသနည်း။ ကထံ၊ အဘယ်သို့။ ပဋိ- ပန္နော၊ ကျင့်တဲ့ပုဂ္ဂိုလ်သည်။ ဝီတတဏှော၊ တဏှာကင်း သည်၊ တပ်မက်မှုကင်းသည်။ အဿ၊ ဖြစ်ရသနည်း။ ပုဗ္ဗမန္တံ၊ ရှေးအတိတ်က လွန်ခဲ့ပြီးဖြစ်တဲ့ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ အဖို့အစုကို။ အနိဿိတော၊ တဏှာ, မာန, ဒိဋ္ဌိဖြင့် မမှီ မကပ်သည်။ အဿ၊ ဖြစ်ရာ၏။ တချက်—— ရှေးအတိတ်က ဖြစ်ခဲ့ပြီးတဲ့ အကြောင်းအရာတွေကို ပြန်လည် စားမြုံ့ ပြန်ပြီး တော့ သာယာစုံမက် နှစ်သက်ရင် တဏှာဖြစ်မည်။ အဲဒါတွေ နဲ့ မာန်ထောင်လွှားနေမည်ဆိုရင် မာနဖြစ်မည်။ အဲဒါတွေကို ငါ့ဟာ ငါ့ဥစ္စာ စသည်ဖြင့် စွဲလမ်းနေရင် ဒိဋ္ဌိဖြစ်မည်။ အဲဒါ ကြောင့် ရှေးအတိတ်က ဖြစ်ခဲ့တဲ့ ခန္ဓာ အပေါ်မှာ ဖြစ်စေ, အာယတန အပေါ်မှာဖြစ်စေ, ဓာတ်အပေါ်မှာ ဖြစ်စေ ပြန် လည် ပြီးတော့ စဉ်းစားပြီးတော့ သာယာမှုလဲ မဖြစ်စေနဲ့ မာန်ထောင်လွှားမှုလဲ မဖြစ်စေနဲ့ ငါဘဲ ငါ့ဥစ္စာဘဲလို့ စွဲလမ်း မှုလဲမဖြစ်စေနဲ့ အဲသလိုဆိုတယ်။

အဲ ဒုတိယကတော့ ဝေမဇ္ဈေ နုပသင်္ခေယျော=ဝေမဇ္ဈေ၊ အလယ်ခေါင်ဖြစ်သော ပစ္စုပ္ပန် ရုပ်နာမ်ခန္ဓာအပေါ်၌။ နုပ- သင်္ခေယျော=န ဥပသင်္ခေယျော၊ အဲဒီ ခန္ဓာနဲ့ စပ်ပြီး ရတ္တ-

ပုဂ္ဂိုလ် တပ်မက်စွဲလမ်းနေတဲ့ပုဂ္ဂိုလ်, အဲဒီခန္ဓာနဲ့ပတ်သက်ပြီး တော့ အမျက်ထွက် စိတ်ဆိုးနေတဲ့ ပုဂ္ဂိုလ်, ဒုဋ္ဌပုဂ္ဂိုလ်, အဲဒီ ရုပ်နာမ်ခန္ဓာတွေနဲ့ပတ်သက်ပြီး ရှိဆဲရုပ်နာမ် ခန္ဓာတွေနဲ့ပတ် သက်ပြီး တွေဝေ မိန်းမော နေတဲ့ပုဂ္ဂိုလ်, ဘာမှန်းမသိ ဒုက္ခ ဖြစ်လျက် ဒုက္ခမှန်းမသိတဲ့ပုဂ္ဂိုလ်, သမုဒယမှန်း မသိတဲ့ပုဂ္ဂိုလ်, မဂ္ဂမှန်းမသိတဲ့ပုဂ္ဂိုလ်, နိရောဓမှန်းမသိတဲ့ပုဂ္ဂိုလ်, အဲဒီလိုမသိ တဲ့ မုဠှပုဂ္ဂိုလ်ဟူ၍ မရေတွက်အပ်သည်၊ အရေအတွက်မခံရ သည်၊ ရတ္တပုဂ္ဂိုလ်, ဒုဋ္ဌပုဂ္ဂိုလ်, မုဠှပုဂ္ဂိုလ်လို့ အခေါ်မခံရ သည်။ အဿ၊ ဖြစ်ရာ၏။

ပစ္စုပ္ပန် ရုပ်နာမ်ခန္ဓာနဲ့တွေ့လို့ ကြုံကြိုက်လာပြီ ဆိုလို့ရှိရင် အဲဒီခန္ဓာနဲ့ ပတ်သက်ပြီး ဟောဒီလူဟာ ဒီခန္ဓာအပေါ်မှာ တပ်မက်နေတဲ့ ပုဂ္ဂိုလ် ဒီခန္ဓာနဲ့စပ်ပြီး စိတ်ဆိုးနေတဲ့ ပုဂ္ဂိုလ် ဒီပုဂ္ဂိုလ်ဟာ တွေဝေမိန်းမောနေတဲ့ပုဂ္ဂိုလ် ဒီခန္ဓာနဲ့ပတ်သက် ပြီး ဒီအရာနဲ့ ပတ်သက်ပြီး ဘာမှန်းမသိတဲ့ပုဂ္ဂိုလ်။ အဲဒီလို ပုဂ္ဂိုလ်အမျိုးအစားထဲ မပါဝင်အောင် ကျင့်သုံးရမယ်လို့ ဆို လိုတယ်။ အဲဒါ ခပ်ကျဉ်းကျဉ်း ပေါ့။ ထားပါအုံး— ပြီးတဲ့ နောက်ကျတော့—တဿ နတ္ထိ ပုရက္ခတံ=တဿ ပုဂ္ဂလဿ၊ ထိုဝဋ်ဆင်းရဲမှ ကျွတ်လွတ် ထွက်မြောက်သဖြင့် ဒုက္ခခပ်သိမ်းငြိမ်းလိုတဲ့ ပုဂ္ဂိုလ်အား။ ပုရက္ခတံ၊ အနာဂတ် ကာလ၌ ဖြစ်လတ္တံ့ ဖြစ်နေတဲ့ အကြောင်းအရာ ခန္ဓာ အာယ တန ဓာတ်တရားတွေကို မြော်မှန်းတမ်းတခြင်းသည်။ နတ္ထိ၊ မရှိရ၊ မရှိစေနဲ့ စောင့်သုံးကြ၊ နောင်အနာဂတ်အတွက်နက်ဖြန် ခါအတွက် သဘက်ခါအတွက် နောင်လအတွက် နောင်နှစ် အတွက် ဆိုပြီးတော့ နောင်ဘဝအတွက်ပါလို့ ဟိုဘဝတွေပါ

အနာဂတ်ကာလအတွက် အနာဂတ်ကာလမှာ ဖြစ်ပေါ်လာမဲ့ ခန္ဓာ အာယတန ဓာတ်တွေပေါ်မှာ မြော်မှန်းတမ်းတပြီး ယခုန ပြောခဲ့တဲ့ တဏှာ မာန ဒိဋ္ဌိ ရာဂ ဒေါသ မောဟ အဲဒီတရား တွေနဲ့လဲ မြော်မှန်းတမ်းတမှု မလုပ်နဲ့တဲ့။ အဲသလိုဆိုတယ် ကြားလား မလုပ်ရဘူးတဲ့။

အဲဒီတော့ ပစ္စုပ္ပန် အနာဂတ်အတွက်ကို မမြော်နဲ့၊ အတိတ်ဖြစ်တဲ့ ခန္ဓာများအတွက်ကို စားမြုံ့ မပြန်နဲ့၊ ပစ္စုပ္ပန် ကြုံကြိုက်ဆဲဖြစ်နေတဲ့ ခန္ဓာ အာယတန တစုံတခု ဝတ္ထု အကြောင်းအရာ အဲဒါတွေနဲ့ ပတ်သက်ပြီးတော့ မတပ်မက်နဲ့၊ ရာဂမဖြစ်စေနဲ့၊ ဒေါသမဖြစ်စေနဲ့။ မောဟမဖြစ်စေနဲ့ အဲဒီလို ဆိုရင် အကယ်၍ ရူပါရုံတခု အတိတ်ရူပါရုံတခု ပြောကြစို့ရဲ့ ရှေးအတိတ်က အကြောင်းအရာတွေကို ပြန်ပြောင်းပြီး အမှတ် ရလို့ရှိသျှင် ဘာအပြစ်ရှိသလဲလို့ စဉ်းစားစရာရှိတယ်။ ဟို ရှေး ရှေးတုန်းက မိမိတို့ တွေ့ကြုံခဲ့ရတဲ့ အင်မတန် သာယာဘွယ် ကောင်းတဲ့ ရူပါရုံတခု တွေ့ကြွေးအံ့ အဲဒါ ယခုတွေ့ဆဲမဟုတ်ဘူး။ ဟိုတုန်းက တွေ့ခဲ့ရတာ၊ အဲဒီအာရုံကို အာရုံပြုပြီး ပြန်ပြီး အမှတ်ရလို့ စကားဘဲဖြစ်ဖြစ် ပြောနေမယ် ဆိုနေမယ် ကြံစည် နေမယ် စိတ်ကူးနေမယ်ဆိုရင် ဟိုတုန်းက တပ်မက် သာယာ နေတာထား—ပြီးတော့ ယခုတခါ တဖန်ပြန်ပြီးတော့ အာရုံ ပေါ်မှာ တပ်မက်မှုဆိုတဲ့ ရာဂတွေ၊ စိတ်ဆိုးမှုဆိုတဲ့ အဘိဇ္ဈာ ဒေါမနဿတွေ ထပ်ပြီးတော့ အသစ်အသစ် ပွါးလာအောင် လုပ်ပေးရာရောက်တယ်တဲ့။

အဲဒါကြောင့် အတိတ်အကြောင်း ပြန်ပြောင်းအောက်မေ့ ခြင်းကြောင့် ဘာများကျေးဇူးရှိတုန်း—ကျေးဇူးမရှိတဲ့အပြင်

စိတ်ဆိုးစရာရှိလျှင် ဆိုးလိမ့်မယ်–ဝမ်းသာစရာ ရှိလျှင် သာလိမ့်မယ်။ စိတ်ဆိုးစရာရှိလို့ ဒေါသဖြစ် ဒေါမနဿဖြစ်။ ဝမ်းသာစရာရှိလို့ ဝမ်းသာပစ်လိုက်ရင် လောဘတွေဖြစ် တဏှာတွေဖြစ် အဘိဇ္ဈာတွေဖြစ် ဒီလိုဟာတွေဖြစ်ပြီဆိုမှဖြင့် အကုသိုလ်တရားများဟာ ပုဂ္ဂိုလ် သတ္တဝါ သန္တာန်မှာ တကြိမ်တခါဖြစ်ဌြားအံ့ ဖြစ်နေပြီဆိုမှဖြင့် ထို အကုသိုလ်တရားကို အကျိုးမပေး မဖြစ်စေရပါဘူးလို့ အာမခံနိုင်တဲ့ပုဂ္ဂိုလ် လောကဥ္စမရှိ။ အဲဒါ အတိတ်အကြောင်းလေးကို ပြန်ပြီး အောက်မေ့ကာမျှနှင့် ဒီလိုရာဂတွေ, ဒေါသတွေ, မောဟတွေ, အဝိဇ္ဇာတွေဖြစ်ပြီးတော့ အသစ် အကုသိုလ် တိုးပွားလာတတ်တယ်တဲ့။ အခုနတုန်းက အနာဂတ်ဆိုတာလဲ ထိုနည်းငှင်းဘဲ။ အဲ ယခုနတုန်းက ကောင်းကောင်း လှလှပပ တွေ့ကြုံခဲ့ရတဲ့ ကိစ္စချည်းတခုဟာ ဟိုနောင်နှစ်ကျတော့လဲတွေ့ကြသေးတယ်။ အဲဒီလို အနာဂတ်အတွက် မြော်လိုက်မယ်။ သို့မဟုတ်အနာဂတ်ဘဝတွေအတွက် ယခုငါတို့၏ ဤကဲ့သို့ ဖြစ်ရတာတွေဟာ မကောင်းဘူး။ ဟို—အနာဂတ် ဘဝကျရင်တော့ ဘယ်လိုဖြစ်ချင်တယ်၊ ဘယ်လို ခံစားချင်တယ်၊ ဘယ်လို နေချင်တယ်၊ လူ့ဘဝ နတ်ဘဝ စသည် အဲဒါတွေများ မြော်မှန်းပြီး ခန္ဓာပေါ်မှာ တမ်းတမယ်ဆိုရင် ဒီဘဝမှာ မလွတ်ဘူးပေါ့ ဟုတ်လား။ ဘဝဆိုတာနဲ့ မလွတ်ဘူး။

အဲဒါကြောင့် သူတို့ကို မတွေ့ရသေးဘဲနဲ့ ယခုကတည်းက နေပြီး လောဘတွေဖြစ်၊ စိတ်ဆိုးစရာရှိလျှင် ဒေါသတွေဖြစ်၊ လောဘ ဒေါသ အဝိဇ္ဇာတွေဖြစ်ပြီဆိုရင် ထို အကုသိုလ်တရားကို အကျိုးမပေးစေရပါဘူးလို့ အာမခံနိုင်သောသူ မရှိ။

အနာဂတ်အကြောင်းကလေးကို မြော်ပြီး တောင့်တမိသည့်အတွက် အကုသိုလ်စိတ်တွေဝင်လာ၏။ အတိတ်အကြောင်းကို ပြန်ပြောင်း အောက်မေ့သည့်အတွက် အကုသိုလ် အသစ်အသစ်တွေ ပေါ်လာ၏။ ပစ္စုပ္ပန် ခန္ဓာကျတော့ကောတဲ့ လောလောဆယ် ရတ္တာဖြစ်သွားရော၊ ထို အာရုံနဲ့ပတ်သက်ပြီးတော့–ဒုဋ္ဌဖြစ်သွားတတ်သည်။ ထိုအာရုံနဲ့ ပတ်သက်ပြီး မူဠ္ဌဖြစ်သွားတတ်သည်။ အဲဒါကြောင့် ဥပါဒ်၊ ဌီ၊ ဘင် ပစ္စုပ္ပန်အာရုံပေါ်မှာ ယခု သာသနာ့ရိပ်သာဆိုတဲ့ အရပ်ဒေသကဒီမမှဋ္ဌာနကြီးဟာ ဒီပစ္စုပ္ပန် ကြုံဆဲဖြစ်တဲ့အာရုံတွေအပေါ်မှာ ရတ္တာပုဂ္ဂိုလ်မဖြစ်အောင် ဒုဋ္ဌပုဂ္ဂိုလ်မဖြစ်အောင် မူဠ္ဌပုဂ္ဂိုလ်မဖြစ်အောင် မဖြစ်စေနိုင်တဲ့ နည်းနာနိဿယတွေကို လက်တွေ့သင်ပြနေတဲ့ ဌာနဖြစ်သည်။ အဲ တွေ့ကြုံလာတဲ့ ရူပါရုံကို ဒိဋ္ဌေ ဒိဋ္ဌမတ္တံ=မြင်ရင်မြင်ကာမျှနဲ့ ရပ်နားပြီးနေ။ ပြန်ထွက်ပြီးတော့ အဘိဇ္ဈာတွေ ဒေါမနဿတွေမဖြစ်စေနဲ့။ အကယ်၍ စဉ်းစားလိုက်လို့ သာယာဖွယ်ဆိုရင် သာယာ ဖြစ်လိုက်ရင် အဘိဇ္ဈာဖြစ်၏။ အဲ သာယာဖွယ်မဟုတ်လို့ စိတ်ဆိုးဘွယ်တွေ့လျှင် ဒေါမနဿတွေဖြစ်၏။ အဘိဇ္ဈာ, ဒေါမနဿတွေဖြစ်ပွါးလာတတ်၏။

အဲဒါကြောင့်–ဒိဋ္ဌေ၊ မြင်အပ်သော ရူပါရုံ၌။ ဒိဋ္ဌမတ္တံ၊ မြင်အပ်ကာမျှ ရပ်နား၍ ရပ်နားရသည်။ ဘဝိဿတိ၊ ဖြစ်လိမ့်လတ္တံ့ ။ မြင်ရင်မြင်ရုံနဲ့ ရပ်နားထားပြီးတော့ မြင်တယ်လို့ဘဲမှတ်ထားတဲ့။ အဲ ကြားတာလဲ ၎င်းနည်းပေါ့–သုတေ သုတမတ္တံ။ နောက်–နံတာ, အရသာရှိတာ, တွေ့ထိတာ=မုတေမုတမတ္တံ။ မုတေ၊ ကြုံကြိုက် တိုက်ဆိုင်လာတဲ့ ဂန္ဓာရုံ,ရသာရုံ,

ဖောဋ္ဌဗ္ဗာရုံ၌။ မုတမတ္တံ၊ တွေ့ရုံ, ကြုံကြိုက်ရုံ, ဆုံစည်းရုံမျှ။ ဘဝိဿတိ၊ ဖြစ်လတ္တံ့ ။

ရှေ့ဆက်လက်ပြီးအဘိဇ္ဈာ ဒေါမနဿ မဖြစ်အောင် စောင့်စည်းထိန်းသိမ်းပါတဲ့။ အဲဒါ သတိသား၊ သတိသံဝရ, ဣန္ဒြိယ သံဝရ သတိလေးနဲ့ ထိန်းသိမ်းရမယ်။ အဲဒါ သတိလေးက အမြဲတမ်းနှိုးဆော်ပြီးတော့ အာရုံတွေတိုင်း တွေ့တိုင်း ကြုံတိုင်း ကြုံတိုင်း အဲဒီတွေ့လာ ကြုံလာတဲ့ အာရုံတွေအပေါ်မှာ ရှေ့ဆက်ပြီး မသာယာမိဘို့ ရှေ့ဆက်ပြီးတော့ အပြစ်မမြင်ဘို့ ထိန်းသိမ်းရမယ်။ အပြစ်မြင်ဆိုတာ စိတ်ဆိုးသူတို့ရဲ့ အာဒီနဝ အပြစ်တွေကိုအနိစ္စဘဲ ဒုက္ခဘဲ အနတ္တဘဲဆိုတဲ့ အပြစ်တွေကို မြင်ရတော့ အင်မတန်ကို လိုအပ်တယ်။

ပစ္စုပ္ပန်ပေမဲ့ ဒီမှာ သန္တတိပစ္စုပ္ပန်မဟုတ်ဘူး ခဏပစ္စုပ္ပန် မျိုးကို ဆိုတာမျိုးရှိတယ်။ လက်ဖျစ်တတွက်အတွင်းမှာ ကုဋေ တသိန်းမကဖြစ်နေတဲ့ နာမ်တရားတွေကို ခဏတိုင်း ခဏတိုင်း ဖြစ်ပျက်နေတာကို ရှင်သာရိပုတ္တရာတို့လို ပုဂ္ဂိုလ်ကြီးသာ မြင်နိုင်တယ် ရှုနိုင်တယ်။ ယခု ဒို့ဘုန်းကြီးတွေကော ဒကာတွေကော ဒီပုဂ္ဂိုလ်တွေဟာအဲဒီလို ခဏတွေကို မြင်အောင်မရှုနိုင်ဘူး။ ခဏတွေနဲ့ရှုလို့မရဘူး။ ဘယ်လို ရှုရမှာတုန်းဆိုတော့ မထိုင်ခင်ကဖြစ်တဲ့ ရုပ်နာမ်တရားများ ဟိုကရုပ်နေတဲ့ ရုပ်နာမ် တရားတွေဟာ ဖယ်ထားလိုက် ထိုင်နေတဲ့အခါ ဖြစ်နေတဲ့ ဣရိယာပုထ်သန္တတိ အဲဒီ တစ်ဣရိယာပုထ်၌ဖြစ်တဲ့ ရုပ်နာမ် များကို ပစ္စုပ္ပန်ရုပ်နာမ်ခေါ်တယ်။ နေပူကလာ၍ အတွင်းမှာ ဝင်လိုက်တော့ အဲ ပူနေတဲ့အရှိန်ကလေးဟာ ပြင်ဘက်က အရှိန်ကလေးရှိတယ်။ ဒီအရှိန်ကလေးဟာ အရှိန်မပျောက်

သေးရင် သူ့ ပစ္စုပ္ပန်သန္တတိဘဲ အအေးဥတုဖြစ်တဲ့ ရုပ်နာမ် သန္တတိ ပူတဲ့ရုပ်နာမ်သန္တတိ အဲသလို အေးတုန်းအခိုက်အတန့် ပစ္စုပ္ပန်ဘဲ၊ ဒါကြောင့် ပူတယ်လို့မှတ်ရတယ်၊ အေးတယ်လို့လဲ မှတ်ရတယ်။ ကြုံကြိုက်နေတဲ့အခါကို ခဏတိုင်း ခဏတိုင်းတွေ ကို ဥပါဒ်, ဌီ,ဘင်ခဏတွေဟူ၍ မြင်အောင် မကြည့်နိုင်ဘူးတဲ့၊ ကြားလား မြင်လာအောင် မကြည့်နိုင်ဘူး။

အဲဒီတော့ ယခုနက ဒေသနာအကျဉ်းတဏှာကင်းအောင် ကျင့်နည်းဟာ အတိတ်အာရုံကို ပြန်ပြီးမစဉ်းစားနဲ့ ပစ္စုပ္ပန် အာရုံတွေ မတပ်မက်နဲ့ စိတ်မဆိုးနဲ့ မတွေဝေနဲ့ သမ္မောဟ်နဲ့ မတွေဝေအောင်လုပ်။ အနာဂတ်အာရုံကိုလဲ မမြော်မှန်းနဲ့ဆို တော့ ဒါတဏှာကင်းအောင် လုပ်နည်းဘဲတဲ့။

ဧဝံ၊ ဤသို့။ ပဋိပန္နော၊ ကျင့်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ် သည်။ ဥပသန္တော၊ ပူပန်ခပ်သိမ်းငြိမ်းချမ်းသည်။ အသာ၊ ဖြစ်ရာ၏။ အဲဒါ နိဗ္ဗာန်ရောက်အောင်ပို့တဲ့ ဂါထာဘဲ။ အဲဒါ ကျင့်သုံးနည်းဘဲတဲ့။ ဒီလိုအလားတူတွေ တခြားသည့်ပြင်နေရာ ရှိပါတယ်။ ပစ္စုပ္ပန်အာရုံ အတိတ်အနာဂတ်နဲ့ ဆုံးဖြတ်တဲ့ ဒေသနာတော်တွေ အခြမြောက်အမြားရှိပါတယ်။

သို့ပေမဲ့ ဒီနေ့ပြောချင်တာက အဲဒီရုပ်နာမ် ခန္ဓာ ပစ္စုပ္ပန် အတိတ် အနာဂတ် ကာလသုံးပါးနဲ့ ပတ်သက်ပြီးတော့ တဏှာ ကင်းကြောင်းဖြစ်တဲ့ ဒေသနာတခု သူနဲ့ စပ်သွယ်ပြီးတော့ အဲဒါ ရုပ်နာမ်ခန္ဓာ သံသရာမှ ကူးခတ်နိုင်ကြောင်းဖြစ်တဲ့ ဩဃတရဏသုတ်လေးကို ကျဉ်းကျဉ်းဘဲ သူကမကျယ်ဘူး။ အဲဒါလေး နည်းနည်းပြောအုံးမယ်။ အချိန်ကဘယ်လောက် ရှိသွားပြီတုန်း။ မကုန်သေးပါဘူးနော်။

အဲဒါကြောင့် ဘုရားသခင်သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ညဥ့်သန်းခေါင်အချိန်၌ ဟို အထက် ရူပါဝစရ ဗြဟ္မာ့ဘုံမှ ရူပါဝစရ ဗြဟ္မာကြီးတယောက် ဘုရားသတင်းကြားတာနဲ့ ရောက်လာတယ်။ သူက ဘယ်လို သတင်းကြားနေသလဲဆိုတော့ လူ့လောကမှာ အရှင်ဂေါတမ အမည်ရှိတဲ့ ဘုရားသခင် အရှင်မြတ် ပွင့်တော်မူတယ်။ အဲဒီ အရှင်မြတ်ဟာ ဩဃလေးဖြာသံသရာကို တဖက်ကမ်းမြောက် ကူးခတ်လွန်မြောက်နေပြီဆိုတဲ့ သတင်းလေးပါဘဲ။

ဘုရားဟာ ပွင့်လာပြီဆိုမှဖြင့် ဘုရားသခင်တို့မှာ—တံ ဘဝန္တံ ဂေါတမံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော= တံ ဘဝန္တံ ဂေါတမံ၊ ထိုရှင်ဂေါတမ၏။ ကလျာဏော၊ ကောင်းသော။ ကိတ္တိသဒ္ဒေါ၊ ကျော်စောသောအသံသည်။ အဗ္ဘုဂ္ဂတော၊ ဘဝဂ်တိုင်အောင် ပြန့်နှံ့၍တက်၏။ အထက်ဘဝဂ်ထိ အောင် ဂုဏ်သတင်းကျော်ကြားသွားတယ်။ ဗြဟ္မာကြီးတွေ က ကြားတာပေါ့။ ဩဃလေးဖြာ သံသရာမှ ကျော်လွန် ထွက်မြောက်သွားတဲ့ ဘုရားကိုယ်တော်မြတ်ဆိုတော့ အဲဒီ နတ်သားက ဘယ်သူတုန်းဆိုတော့ အရူပဗြဟ္မာကြီး၊ ဟို ကဿပဘုရားရှင် လက်ထက်က ရဟန်းဘဝနဲ့နေပြီးတော့ အဲဒီ တုန်းက ကျွတ်တန်းမဝင်ခဲ့ရဘူး။ သို့ပေမဲ့ သူပရိယတ် ကျွမ်း ကျင်တော့ ဩဃဆိုတာ ဘာခေါ်တယ်ဆိုတာ နားလည် တယ်။ ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃ၊ ဩဃ လေးပါးမှာ လူတွေဟာ အားလုံးနစ်မွန်းနေကြတယ် နစ်လဲ နေတယ်၊ နစ်မွန်းလဲနေကြတယ် မျောလဲနေကြတယ်။ ကာ- မောဃဆိုတာလဲ ကိုယ့်ဟာကိုယ် နစ်မွန်းတယ်။ ကာမောဃ

ဆိုတာ ကာမရာဂဖြစ်မှု အာရုံခံစားမှုဆိုတဲ့ လောဘဖြစ်မှု ခုန တုန်းကပြောတဲ့ သြဃဖြစ်ရင် ကာမောဃထဲ နစ်နေတာဘဲ။ တနေ့လျှင် ကြည့်သာထားပေတော့ ကြားလား လောဘစိတ်တွေ တနေ့ ဘယ်နှစ်ကြိမ်များ ဖြစ်သလဲ စဉ်းစားကြည့်၊ လောဘစိတ်ဖြစ်တိုင်း ဖြစ်တိုင်း ဝတ္ထုကာမက ရူပ,သဒ္ဒ,ဂန္ဓ, ရသ,ဖောဋ္ဌဗ္ဗဆိုတဲ့ အဆင်းမြင်လိုက်ရလို့ရှိရင် တပ်မက်သည် နှင့်တပြိုင်နက် ဒီမှာလုပ်နေတဲ့ ယောဂီပုဂ္ဂိုလ်များလို မှတ်မပစ်ဘဲနဲ့ နှစ်သက်စရာဖြစ်တဲ့ အဆင်းကလေး မြင်လိုက်ရင် တပ်မက်ပစ်လိုက်ကရော၊ တပ်မက်တာကလဲ တကြိမ်တည်း မဟုတ်ဘူး။ စိတ္တုပ္ပါဒ်ကလေး တချက်တည်းဖြစ်ရုံနဲ့ ဆက်ကာဆက်ကာ အကြိမ်ကြိမ်ဖြစ်တော့ အခုတဏှာအစုအဝေးကြီး သြဃအစုအဝေးကြီး လောဘဆိုတဲ့ အစုအဝေးကြီးခေါ်တယ်။ အဲဒီ အစုအဝေးကြီးဘဲ တခါထဲ ကျွံနစ်သွားဒါဘဲ ဆုံးသွားဒါဘဲ၊ မိမိ ဒီလက်ဖျစ်တတွက်အတွင်း တသိန်းမက ဖြစ်နိုင်တဲ့ တဏှာစိတ္တုပ္ပါဒ်တွေဟာ စုပုံထားမယ်ဆိုရင် ဒီလက်ဖျစ်တတွက်အတွင်းမှာ မိမိကိုယ်ကြီးဟာ ဖုံးသွားမှာဘဲ၊ အဲဒါကြောင့် အဲဒီသြဃကြီးမှာ နစ်တာက အဆင်းကလေး မြင်ကာမျှရှိသေးတယ်။

အသံကြားတဲ့အခါ အသံချိုစက်ကြီးတွေနဲ့ သီချင်းတွေ ဖွင့်ပြီးတော့ ကုသိုလ်တရားတွေ ရှောက်ပြီးဖြန့်ပေးတာလား၊ အကုသိုလ်တရားတွေ ရှောက်ပြီး ဖြန့်ပေးတာလား၊ အင်း—ကုသိုလ် တရား ပေးတာလဲ ရှိတာ ပေါ့လေ၊ အဲလိုဘဲ အသံ ကြားပြန်လို့ သာယာမိရင်လဲ ကာမောဃ ကြီးထဲ နစ်တယ်တဲ့၊ ကာမောဃကြီးထဲ နစ်ပြီးတော့ မြုပ်သွားတယ်၊

အဲဒါမြုပ်နေတဲ့ အချိန်တွေဘဲ၊ အသံသာယာလို့ရှိရင် အနံ့သာယာလို့ရှိရင်လဲဘဲ နစ်မြုပ်နေတဲ့ အချိန်ဘဲလို့ ကိုယ့်ဟာကိုယ်သိရမယ်တဲ့၊ ငါဘာမှန်းမသိ မဖြစ်စေနဲ့။ ပြီးတော့ အရသာတွေအပေါ်မှာ ဆင်ခြင်သုံးသပ်မှု ယောဂီ ပုဂ္ဂိုလ်များလိုဆင်ခြင်မှု သုံးသပ်မှု အာဟာရေပဋိကူလသညာမရှိဘဲနဲ့ စားသောက်နေတယ်ဆိုပြန်ရင်လဲ ဒီကာမောဃကြီးထဲ နစ်တာဘဲ၊ ကြားလား။ ဖောဋ္ဌဗ္ဗာရုံ အတွေ့အထိ အင်မတန်နူးညံ့တဲ့ အဝတ်အထည်ကို ဝတ်ရတယ်၊ အဝတ်အထည်ကလေးတွေပေါ် ထိုင်ရတယ်၊ ဟောဒီဘုန်းကြီးတွေ ခင်းထားတဲ့ ပိုးဖဲကတ္တီပါ စသည့် အရာဝတ္ထုကလေးတွေအပေါ် ထိုင်ရလို့ သာယာမိရင်လဲ သြဃလေးဖြာထဲက ကာမောဃဆိုတဲ့ အဲဒီသြဃကြီးထဲ နစ်သွားဒါဘဲတဲ့။ ဟော—အဲဒါက သြဃတခုထဲရှိသေးတယ်။

တို့တတွေ နစ်နိုင်တာက ကာမောဃလဲ နစ်နိုင်တယ်၊ ဘဝေါဃက တယ်မနစ်ကြဘူး၊ ဘာပြုလို့တုန်းဆိုတော့ ရူပဘဝ အရူပဘဝရောက်ချင်တဲ့စိတ်က တယ်မရှိလှဘူး၊ ဒီခေတ်ထဲမယ် ရူပဘဝရောက်ချင်တယ်, အရူပဘဝရောက်ချင်တယ်, ရူပစျာန်တွေပေါ်မှာ သာယာတဲ့ကာမဘဝ အဲဒါလဲ မရှိဘူး။ ဒိဋ္ဌောဃဆိုတာကတော့ အဲဒါကတော့ ရှောင်လို့မရဘူးပေါ့၊ ကြားလား။ ပုထုဇဉ်တိုင်း ပုထုဇဉ်တိုင်း သက္ကာယဒိဋ္ဌိဆိုတာရှိနေသည်၊ မိမိခန္ဓာကိုယ်ကလေးကို မိမိလက်, ငါ့လက်, ငါတင့်တယ်တဲ့ ယောကျ်ား, ငါတင့်တယ်တဲ့မိန်းမထင်တယ်၊ လူထင်တယ်, နတ်ထင်တယ်, အကောင်အထည် မဟုတ်တာတွေအကောင်အထည် လုပ်ပြီးတော့ အထင်မှတ် မှားပြီးတော့ သက္ကာယဒိဋ္ဌိကြီးတွေ ရှိနေကြတယ်၊ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း

ရှိနေကြတော့ ဒီဟာကြီးကတော့ နှစ်နေတာဘဲ၊ ကြားလား။ အဲ—သက္ကာယဒိဋ္ဌိအင်မတန်ကြီးကျယ်တယ်၊ ဒိဋ္ဌေဘဿကြီးထဲမှာ နစ်မြုပ်နေတယ်။

ယံ ပဿတိ န တံ ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ န ပဿတိ။
အပဿံ ဗဇ္ဈတေ မူဠှော၊ ဗဇ္ဈမာနော န ဗဇ္ဈတေ။

ယံ၊ အကြင်အာရုံကို။ ပဿတိ၊ မြင်၏။ တံ၊ ထိုမြင်ရတဲ့ အာရုံသည်။ န ဒိဋ္ဌံ၊ မြင်အပ်တဲ့ အာရုံမဟုတ်။ မင်း မျက်စိ ကောင်းရဲ့မဟုတ်လား၊ ကောင်းရင် ဟိုမှာကြည့်စမ်း ဘာမြင် တုန်း၊ ဘာမြင်သလဲလို့ပြောရင် ဟိုမှာတော့ဟော့–ဘုန်းကြီး တပါးကြွတာမြင်တယ်လို့ ပြောတိုင်း ယောကျ်ားတယောက် ပါလို့ဆိုတော့—ဘုန်းကြီးမရှိတာကို မျက်စိက ဘုန်းကြီးမြင် နိုင်ရဲ့လားလို့၊ ရူပါရုံသာမြင်နိုင်တယ်၊ ဘုန်းကြီးမမြင်နိုင်ဘူး။ အမည်ပညတ် ယောကျ်ားဆိုတဲ့ ပညတ်မမြင်နိုင်ဘူး။ မိန်းမ ဆိုတဲ့ အမည်ပညတ်ကို မမြင်နိုင်ဘူးတဲ့၊ အဲဒီလို မမြင်နိုင်တဲ့ တရားကို ဘုန်းကြီးမြင်ပါတယ်၊ ယောကျ်ားမြင်ပါတယ်၊ မိန်းမမြင်ပါတယ်။ အဲဒါ—ယံ ပဿတိ၊ န တံ ဒိဋ္ဌံ=ယံ၊ အကြင်အာရုံကို။ ပဿတိ၊ မြင်၏။ တံ၊ ထိုပုထုဇဉ်လူမိုက်တို့ မြင်တဲ့အရာသည်။ န ဒိဋ္ဌံ၊ အကယ်မြင်အပ်စကောင်းတဲ့ အရာ မဟုတ်။ ယံ ဒိဋ္ဌံ တံ န ပဿတိ=ယံ၊ အကြင်အာရုံကို။ ဒိဋ္ဌံ၊ မြင်အပ်စကောင်း၏။ တံ၊ ထိုမြင်အပ်စကောင်းတဲ့အရာသည်။ န ပဿတိ၊ ပုထုဇဉ်တို့ မမြင်ကြ။ တကယ်မြင်ရမဲ့ အရာတော့ မမြင်ဘူး၊ မမြင်ကောင်းတာတွေမြင်နေတယ်။

ဒါကြောင့် သက္ကာယဒိဋ္ဌိကြီးက ရှိနေတယ်၊ ခွါလို့မရဘူး။ သက္ကာယဒိဋ္ဌိကြီးတွေ ရှိတယ်ဆိုတော့ — သက္ကာယဒိဋ္ဌိ

တည်းဟူသော ဆူးငြောင့်ကြီးတွေ ဝင်နေတယ်၊ သက္ကာယ ဒိဋ္ဌိကြီး ပြုတ်သွားအောင် ကြိုးစားကြရမယ်။ အဲဒီလို ဌာနမှာ လာပြီးတော့ အလုပ်လုပ်ကြပါ၊ အလုပ် မလုပ်ဘဲ မနေနဲ့၊ ကြားလား။ အလုပ် လုပ်ရမယ်။ အဲသလို သြဃကြီး ထဲမှာ နစ်နေတယ်၊ ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃဆိုတာဟာလဲ အဝိဇ္ဇာဆိုတာ ဘာတဲ့တုန်း။ ဒုက္ခ သစ္စာမသိမှု၊ သမုဒယ သစ္စာမသိမှု၊ နိရောဓသစ္စာ မသိမှု၊ မဂ္ဂ သစ္စာ မသိမှု၊ သစ္စာလေးပါး တရားမသိမှု၊ အဲ— သစ္စာလေး ပါး မသိမှု၊ အဲဒီ မသိမှုကို အဝိဇ္ဇာခေါ်တယ်။ ဒုက္ခ ဒုက္ခမှန်း မသိ၊ ကြားလား။ ဒုက္ခလောကကြီးကို ဒုက္ခမှန်းမသိ၊ သုခကြီး ထင်ပြီးတော့ နေကြတယ်။ အဲသလို ထင်နေသမျှကာလ ပတ်လုံး အမှန်တရားကို မသိဘူး။ အဲဒီဟာလဲ အဝိဇ္ဇောဃထဲ မှာ နစ်မွန်းပြီးတော့ နေတာဘဲ၊ အဲသလို ဆိုတယ်။ အဲဒီ သြဃသဘောတွေကို နစ်မွန်းပုံတွေကို ယခုနတုန်းကပြောတဲ့ ရူပါဝစရဗြဟ္မာကြီးဟာ သင်ခဲ့ကြားခဲ့သိခဲ့တယ်။ အဲဒီလို သိနေတော့— အရှင်ဂေါတမဟာ သြဃထဲမှ ကျော်လွန်သွား ပြီ ကြားတယ်။ ငါလဲဘဲ ရှေးအတိတ်က သာသနာဝန်ထမ်း ရဟန်းပြုပြီး လာခဲ့တယ်၊ ထိုမျှလောက် သင်ကြားထားတဲ့ သြဃလေးပါး သိတယ်။ သို့ပေမဲ့ ဘုရားရှင်ဂေါတမက ဟော လိုက်လို့ရှိရင် ဟောလိုက်သည်နှင့်တပြိုင်နက် တခါထဲ နားနှင့် ကြားလိုက်သည်နှင့်တပြိုင်နက် ငါသြဃလေးဖြာ သံသရာကို ကျော်လွန်နိုင်မှာဘဲ၊ အဲသလိုထင်တယ်။ သူ့ဟာသူ စိတ်က အထင် အင်မတန်ကြီးသွားတယ်။ ကြီးသွားတဲ့အခါကျတော့ ဘုရားရှင်ထံ ရောက်ကရော။ ဘုရားရှင်ထံ ရောက်ပြီးတော့—

ကထံ နု တွံ မာရိသ ဩဃမတရိ=မာရိသ၊ အရှင်မြတ်ဘုရား။ တွံ၊ အရှင်ဘုရားသည်။ ကထံ၊ အဘယ်သို့။ ဩဃံ၊ ဩဃလေးဖြာ သံသရာကို။ အတရိ၊ ကျော်လွှန်ကူးခပ်ခဲ့ပါသနည်း။ အဲသလို လျှောက်တယ်။ ဒီတော့— ဘုရားရှင်ကိုယ်တော်မြတ်က စဉ်းစားကြည့်တော့ အင်း ဒီပုစ္ဆာ တော်တော်နက်နဲတဲ့ပုစ္ဆာဘဲ၊ ဒီပုစ္ဆာဟာ ဩဃအကြောင်းနားလည်ပြီး မေးတဲ့ပုစ္ဆာ။ သာမန်ပုဂ္ဂိုလ်မဟုတ်ဘူးဆိုပြီး စဉ်းစား၍ ပြောကြားတဲ့အခါ ဒီဗြဟ္မာကြီးသန္တာန်မှာရှိနေတဲ့စိတ်ကို ဘုရားရှင်က မြင်သတဲ့၊ ကြားလား။ အဲဒါဘုရားရှင်တို့ သန္တာန်မှာရှိနေတဲ့ ဉာဏ်တော်ထူး ဒသဗလဉာဏ်တဲ့။

ဘုရားရှင်မှာ ဉာဏ်တော်ဆယ်ပါးရှိတယ်၊ ဒီဉာဏ်တော်ဆယ်ပါးရှိမှ သဗ္ဗညုလို့ ဝန်ခံနိုင်တယ်။ ဘုရားဂုဏ် နည်းနည်းပြောအုန်းမယ်လေ– ဘုရားကိုယ်တော်မြတ်များဟာ ဟောဒီဉာဏ်တော်ဆယ်ပါးရှိလို့သာ သဗ္ဗညုလို့ ဝန်ခံနိုင်တာ၊ ဒီဉာဏ်တော်ဆယ်ပါးမရှိရင် သဗ္ဗညုလို့ သူဟာ ဝန်မခံနိုင်ဘူးတဲ့။ ပြီးတဲ့နောက် ပရိသတ်အလယ်မှာ ရဲရဲရင့်ရင့် ငါ့စကားအမှားမရှိရဟုဆိုပြီး ဟောနိုင်တာဟာလဲ ဟောဒီ ဗလဉာဏ်တော်ဆယ်ပါးရှိလို့ဘဲ။ ဝေနေယျတွေ ချွတ်ချင်တဲ့အခါလဲဘဲ ဒီဉာဏ်တော်ဆယ်ပါးရှိမှ ချွတ်လို့ရတယ်။ ဉာဏ်တော်ဆယ်ပါးမရှိတော့ ဓမ္မကထိကတွေ ဟောကြတာပေါ့ ဘုန်းကြီးတို့လဲ အပါအဝင်ထားပါတော့ ဟုတ်လား၊ အဲဒီဉာဏ်မရှိတော့ ဘယ်သူ့ကို ဘယ်တရားဟောမှ ဘယ်ပုဂ္ဂိုလ်ဟာ ဘာနဲ့တော်တယ်ဆိုတာ နားမလယ်တော့ ကျွတ်တမ်းမဝင်ဘူးပေါ့ ကြားလား။ မဝင်နိုင်ဘူးတဲ့၊ ဟောရုံနဲ့ ကျွတ်တမ်းမဝင်ဘူး



၂၂၀၈၈

ခုခေတ်ထဲမှာ ဟောဒီပုဂ္ဂိုလ်က အဲဒီဉာဏ်ဆယ်ပါးမှ မရဘဲနဲ့ ပြောအုန်းမယ်။

ဒီဉာဏ်ဆယ်ပါးနဲ့ ပတ်သက်ပြီးတော့ ဌာနာဌာန ကောသလ္လဉာဏ် ဘုရားရှင်သန္တာန်မှာ ဌာနာဌာန ကောသလ္လဉာဏ် =အကြောင်း ဟုတ်သည် မဟုတ်သည်ကို သိတတ်တဲ့ဉာဏ်တဲ့၊ ဘယ်လိုသိတတ်တာတုန်း ဆိုတော့ ဒီလူဟာ အရဟတ္တမဂ်နဲ့ ထိုက်တန်တဲ့ ကုသိုလ်ရှိသလား၊ သူ့မှာ အရဟတ္တမဂ် အရဟတ္တဖိုလ် မဂ်ဖိုလ်ကို ရနိုင်တဲ့ အကြောင်းရှိသလား အကြောင်းမရှိဘူးလားလို့ ဒီလိုမြင်နိုင်တဲ့ဉာဏ်ကို ဌာနာဌာန ကောသလ္လဉာဏ်လို့ ခေါ်ရတယ်။ ကြားလား။ ဘုရားရှင်ရဲ့ အဲဒီ ဌာနာဌာနဉာဏ်တွေဟာ ထိုထိုဒေသနာတော်တွေမှာ တော်တော် အမြောက်အမြားပင် ရှိတယ်။ သို့ပေမဲ့ ဒီမှာ ခပ်ကျဉ်းကျဉ်းဘဲ ဟောပါတော့မယ်။ ဘာလဲဆိုတော့ မဂ်ဖိုလ်နဲ့ ထိုက်တန်တဲ့သူမှာ အကြောင်းရှိသလား မရှိဘူး လားလို့ ကြည့်တဲ့အခါမယ် ရှိတယ် မရှိဘူးလို့ သိတဲ့ဉာဏ်ဟာ ဌာနာဌာနဉာဏ်ဘဲ။ ဝေနေယျ တယောက်ကို ဘဗ္ဗ အဘဗ္ဗ ခွဲနိုင်တာ ဟောဒီဉာဏ်ရှိမှ ခွဲနိုင်တယ်။ အခြားဉာဏ်ရှိရင် မခွဲနိုင်ဘူး။ ဒီဉာဏ်မရှိရင် မခွဲနိုင်ဘူး။ အဲဒီတော့ မမ္မကထိက ပုဂ္ဂိုလ်တွေက အခုတရားနာနေတဲ့ ပုဂ္ဂိုလ်တွေကို အင်း— သူကတော့ ကျွတ်ထိုက်သည် သူကတော့ မကျွတ်ထိုက် သေးဘူးလို့ ခွဲတတ်တဲ့ဉာဏ်ဘယ်မှာ ရှိလို့တုန်း၊ ဟုတ်လား။ နာမည်မှ မသိဘူး ဘာမှ မသိဘူး၊ အဲဒီတော့ ဟောလို့များ ဒို့နာလိုက်ရင် ကျွတ်တမ်း ဝင်လိမ့်မယ်လို့များ သိပ်ပြီးတော့ အထင်ကြီးမနေကြနဲ့။

ဌာနာဌာန ကောသလ္လဉာဏ် ပြီးတဲ့နောက် ဘာဉာဏ် ရှိသေးသလဲ ဆိုတော့ ကမ္မဝိပါက ဉာဏ်ဘဲ။ အဲဒီပုဂ္ဂိုလ် တယောက်ဟာတော့ ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်ဘဲ ဘုရားလက်တွင်း ရောက်လာပြီ ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ် ဒီလူကိုတော့ ချွတ်မယ် ဆိုတဲ့အနေနဲ့ ဘုရားက ချွတ်တော့မလို့ ဒီနေရာကျတော့ ဌာနာဌာန ဉာဏ် ပြီးတော့ကာ ဘာဉာဏ် ခေါ်ပါသလဲ ဆိုတော့ ကမ္မဝိပါကဉာဏ်၊ ဒီကျတော့ ကမ္မဝိပါကဉာဏ်ဆိုတာ သူ့ ပဋိသန္ဓေဉာဏ်ကို သိတယ်၊ ကမ္မဝိပါက ကံ၏အကျိုးပေါ့ သိလား။ ဝိပါကန္တရာယ်များ ရှိသလား မရှိဘူးလား အန္တရာယ် ရှိနေလျှင် ဘဗ္ဗ ဖြစ်နိုင်ပါ့မလားတဲ့၊ ဝိပါကန္တရာယ် ဆိုတာ ဘာတုန်းဆိုတော့ ဝိပါက်ဆိုတာ ပဋိသန္ဓေစိတ်ကို ဆိုတယ်၊ ပဋိသန္ဓေစိတ်ဟာ ဒွိဟိတ်ပဋိသန္ဓေစိတ်နဲ့ ပဋိသန္ဓေနေလာတဲ့ ပုဂ္ဂိုလ် ဘယ်သူချွတ်ချွတ် မကျွတ်ဘူး။ ဒီဘဝမှာ တိဟိတ် ပဋိသန္ဓေ နေလာတဲ့ပုဂ္ဂိုလ်မှာ ချွတ်လို့ကျွတ်သည်။ ဒါကြောင့် ဒီပုဂ္ဂိုလ်ဟာ တိဟိတ်လား ဒွိဟိတ်လား အဟိတ်လား ဒီလို သိနိုင်တဲ့ဉာဏ်ဟာ ကမ္မဝိပါကဉာဏ်တဲ့ ကြားလား။ အဲသလို ဉာဏ်နဲ့ ခွဲရတယ်။ ဝေနေယျတယောက်ကို ဘုရားရှင်က ခွဲရတယ်။ ယခုခေတ်မှာလဲ ခွဲနိုင်ပါ့မလား ဘယ်သူမှ မခွဲနိုင်ကြဘူးပေါ့။ အဲဒါကြောင့် ဒါကို ဟို မျက်ကန်းတွေ တယောက်တယောက် ခါးတောင်းမြီးဆွဲပြီး သွားနေကြသလို ပါဘဲ။ ဘုန်းကြီးတို့လဲဘဲ မျက်ကန်းထည်းကပါဘဲ ကြားလား။ သို့သော်လဲ ကလျာဏပုထုဇဉ် အန္ဓပုထုဇဉ် ဆိုတယ်နော်၊ ဒီ ရုပ်, နာမ်, ခန္ဓာတွေ ကွဲနေတဲ့ပုဂ္ဂိုလ်တွေကျတော့ အန္ဓ ပုထုဇဉ်အတန်းထဲ မထည့်ပါဘူးတဲ့ ယခုရိပ်သာမှာ ရောက်ပြီး တော့ ရုပ်,နာမ်,ခန္ဓာတွေ တရားနာရလို့သိကြတဲ့ ပုဂ္ဂိုလ်တွေ

ကျတော့လဲ အဲဒါဟာ ကလျာဏပုထုဇဉ်ထဲ ထည့်ထား ပါတယ်။

သဗ္ဗတ္ထဂါမိနီပဋိပဒါ ဉာဏ်တော်တဲ့ အဲဒါ ရှိသေးတယ်။ အဲဒီ သဗ္ဗတ္ထဂါမိနီပဋိပဒါ ဉာဏ်တော်ကလဲ ဒီကံကိုလုပ်ရင် ဒီအမှုရောက်တယ် ဒီကံကိုလုပ်ရင် ဒီအမှုရောက်တယ်လို့ ရှေး အတိတ်က ဒီပုဂ္ဂိုလ်ဟာ ဘယ်ကံတွေများ လုပ်ခဲ့ပါသလဲ ကြည့်တယ်။ ကမ္မန္တရာယ်ကြီးများ ရှိနေသလား ဆိုကာ ကြည့်ပြီးတော့ အဲဒီ ကမ္မန္တရာယ်ကံတော့ မရှိဘူး။ ကိလေ သန္တရာယ်များ ရှိနေသလား ကြည့်ရတယ်၊ ကိလေသန္တရာယ် ဆိုတာ သူဟာ နိယတမိစ္ဆာဒိဋ္ဌိကြီးများ ဖြစ်နေသလား ကြည့်ရတယ်။ နိယတမိစ္ဆာဒိဋ္ဌိရှိနေတဲ့ ပုဂ္ဂိုလ်ဟာ ဘုရား ချွတ်လို့ မကျွတ်ဘူး၊ ကြားလား။ ပြီးတော့ ကမ္မန္တရာယ်လို့ ဆိုတာဟာ အာနန္တရိကကံတွေ၊ ပြီးတော့ အမိသတ်ဘူးသူ အဖသတ်ဘူးသူ ပုဂ္ဂိုလ်များလဲဘဲ ဘုရားချွတ်လို့ မကျွတ် ဘူးတဲ့၊ ကြားလား ဝိပါကန္တရာယ် ဒွိဟိတ်ပုဂ္ဂိုလ်များကျ တော့ ဘုရားချွတ်လို့ မကျွတ်ဘူးတဲ့ ချွတ်လို့ မရဘူး၊ အဲဒီအန္တရာယ်ရှိ မရှိကို သဗ္ဗတ္ထဂါမိနီပဋိပဒါဉာဏ်တော်များ နဲ့ရှောက်ပြီး ဘုရားက ဆင်ခြင်ရသေးတယ်။ ပြီးတော့ ဒီပုဂ္ဂိုလ်ဟာ ဘာအန္တရာယ်မှ မရှိဘူး အန္တရာယ်လွတ်နေပြီလို့ သိတဲ့ အချိန်အခါကျတော့ ဘာလုပ်ရသေးသလဲ ဆိုတော့ ဒီအတိုင်းထပြီး တရားဟောတဲ့ ပုဂ္ဂိုလ် ဘုရားရှင်ကိုယ်တော် မြတ်မှာ အလုပ်တွေ ဘယ်လောက် များသလဲ၊ ဌာနာဌာန ကောသလ္လဉာဏ်နဲ့ တကြိမ်ကြည့်ပြီးတော့ ကမ္မဝိပါကဉာဏ်နဲ့ တကြိမ်ကြည့်။ သဗ္ဗတ္ထဂါမိနီပဋိပဒါ ဉာဏ်တော်နဲ့ တကြိမ်

ကြည့်ပြီးတဲ့ အခါကျတော့ အနေကစာတု နာနာစာတုက လောကဉာဏ်နဲ့ တခါကြည့်ရသေးတယ်။ ဘာကြည့်ရသလဲ ဆိုတော့ သူ့ကို ဒီတရားဟောတာ ဒီတရားနဲ့တော်ပါ့မလား ဆိုပြီး ၊တော့ စရိုက်ကြည့်စမ်းရသေးတယ်။ ဗုဒ္ဓိစရိုက်ရှိသလား ရာဂစရိုက် ရှိသလား ဒေါသစရိုက် ရှိသလား မောဟစရိုက် ရှိသလား အဲ စရိုက်လဲသိမှ သတ္တဝါတွေရဲ့ စရိုက်ကိုကြည့်ပြီး ဟောမှ ကျွတ်တမ်းဝင်တယ်။ စရိုက်ကို မသိဘဲနဲ့ စရိုက်တခြား ဒေသနာတခြားဖြစ်ရင် ကျွတ်တမ်း မဝင်နိုင်ဘူးတဲ့၊ အဲဒီလို မရနိုင်ဘူးတဲ့၊ ကြားလား။

ဟို စူဠပန္ထကကို အစ်ကိုကြီးက အဲဒီစရိုက်မသိတော့ တဝါတွင်းလုံး ပဒ္မံ ယထာ ကောကနဒံ စတဲ့ ဒီဂါထာကို အကျက်ခိုင်းတော့ မရဘူး။ ဘုရားရှင်ကတော့ သူ့ဉာဏ်တော်တွေနဲ့ မြှော်ရှုပြီး သူ့စရိုက်တွေက ဘယ်လိုရှိတာဘဲ ဆိုပြီးတော့ ဘုရားရှင်က ဟောလိုက်တော့ ချက်ချင်း အဘိညာဉ်ရ ရဟန္တာပုဂ္ဂိုလ်ကြီး ဖြစ်သွားတယ်။ အဲဒါက ဘာတုန်းဆိုတော့ ဒေသကပုဂ္ဂိုလ်မှာ ဉာဏ်ရှိတယ်။ ဒေသက ပုဂ္ဂိုလ်မှာဉာဏ်ရှိမှ ကျုပ်တို့အလိုလို ကျွတ်တမ်းဝင်တာနော် ဒေသကပုဂ္ဂိုလ်မှာ ဉာဏ်ရှိပါ့မလား ဒီစရိုက်ရှိတယ်လို့ မှန်းပြီး ခဲနဲ့ပေါက်ရတာ လူအုပ်ထဲခဲနဲ့ပေါက် မှန်ချင်တဲ့လူမှန် ဒီလိုဟာပါဘဲ။ အဲဒါကြောင့် မလွယ်ဘူး ဉာဏ်တော်ဆယ်ပါးလုံး ရှောက်ပြောနေရင် ပြီးမှာမဟုတ်ဘူး။ အဲ ထားပါအုံး၊ ဘုရားက အခုန နတ်သားကိုကြည့်တော့ နှိုင်းယှဉ်ပြီးတော့ ကြည့်တယ်။ ဒီလိုလျှောက်ပြီးတော့ စေတောပရိယဉာဏ်နဲ့ ဘာမြင်လိုက်သတုန်းဆိုတော့ မာန်မာန ကြီးနေတာမြင်တယ်။

ငါဟာ နာရုံလေးနဲ့ ကျွတ်တမ်းဝင်မှာ၊ ဒီလို မာန်မာနရှိနေတော့ ဘုရားရှင်က အင်း ကျွတ်တမ်းဝင်နိုင်တဲ့ ဉာဏ်တော့ လုံလောက်ပြီ။ သို့ပေမဲ့ သူနဲ့လျော်တဲ့ စရိုက်အားလျော်တဲ့ ဒေသနာတော်တွေကိုလဲ ဟောဘို့ငါ့မှာရှိပြီ။ ဟောလိုက်ရင် ဒီမာန်မာနတည်းဟူသော ခြောင့်ကလေးဟာ စူးနေသည်။ အဲဒီခြောင့်ကလေးကို မနှုတ်ဘဲနဲ့ မဂ်ဖိုလ်မရနိုင်။ ဒီနတ်သားကို ခြောင့်နှုတ်အနုန်းမှ တော်မည်လို့ဆိုတော့ ခုနတုံးက မေးနေတဲ့ — ကထံ နု တွံ မာရိသ ဩဃမတရိ – အမေးကလေးကို – တွံ၊ အရှင်ဘုရားသည်။ ကထံ၊ အဘယ်သို့။ ဩဃံ၊ ဩဃလေးဖြာ သံသရာကို။ အတရိ၊ ကျော်လွန်ခဲ့ပါသနည်း၊ ကူးခပ်ခဲ့ပါသနည်း။ ဟိုကတော့ သူကအဖြေတောင်းတယ်။ ဒီတော့ ဘုရားရှင်က — အပ္ပတိဋ္ဌံ ခွါဟံ အာဝုသော အနာယူဟံ ဩဃမတရိ — ဩဃဆိုတာ မြစ်ရေအလျဉ်ဆိုဘဲ၊ ကြားလား။

ဧရာဝတီမြစ်ရေအလျဉ်ကြီးဟာ အစီးသန်နေတဲ့ မြစ်ရေအလျဉ်ကြီးဘဲ၊ အဲဒီလိုသဘောမှတ်ထားပါ။ အဲဒီမြစ်ရေအလျဉ်နဲ့တူတဲ့ ယခုနတုန်းက တဖွားဖွားဖြစ်နေတဲ့ သူ့ကုသိုလ်တရားနဲ့ နှိုင်းယှဉ်။ အဲဒီမှာ နှိုင်းယှဉ်ပြီး ဘုရားက — အာဝုသော၊ ဒါယကာနတ်သား။ အဟံ၊ ငါ ဘုရားသည်။ အပ္ပတိဋ္ဌံ၊ ရပ်လည်းမရပ်ဘဲ၊ မရပ်နားဘဲ။ အနာယူဟံ၊ အားလည်းမထုတ်ဘဲ၊ လက်ပစ်လဲမကူးဘဲ။ ဩဃံ၊ ဩဃလေးဖြာ သံသရာကို။ အတရိံ၊ ကူးခပ်လွန်မြောက်တော်မူပြီ။ ဒီလိုဟောတယ်။ နတ်သားက အင်း ဧရာဝတီမြစ်ကြီးလို ဩဃကြီးမှာ ရပ်လဲမနေဘူးတဲ့၊ လက်ပစ်လဲ မကူး

ဘူးတဲ့။ အဲဒီလိုနည်းနဲ့ သူကူးခဲ့တယ်ဆိုတော့ နတ်သား သိပါ့မလား။ ဒီက ဩဃကူးနည်း နည်းယူမလို့ကိုး။ ငါဘုရားကတော့ ဒီဧရာဝတီမြစ်လို ဩဃကြီးထဲမှာ ဆင်းပြီး တော့ ရပ်လဲမနေဘူး လက်ပစ်လဲမကူးဘူး၊ ဒီတော့ နတ်သားဟာ မသိဘူး၊ ဟောလိုက်ရင် သိမှာဘဲဆိုတဲ့ မာန်ကလေး ရှိနေတာ မသိဘူး။ မသိတော့ ဘာဖြစ်ပါသလဲဆိုတော့ နတ်တကြိမ်မှာဖြစ်တာ အဲဒီ နဒီဩဃတို့ဆိုတာ လက်ပစ်ရင်လဲ ကူးသွားမှ၊ သို့မဟုတ်ရင် ကုန်းမြင့်တွေ့ရင် ရပ်ရင်လဲနေရမှ။ ရပ်တန်တဲ့နေရာ ရပ်ရမယ်၊ ကူးတန်တဲ့နေရာ ကူးရမယ်။ ဒီလိုသာရှိပါတယ်။ ယခုတော့ ကူးလဲမကူးဘူး ရပ်လဲမရပ်ဘူး တဲ့၊ မရပ်ဘဲ မကူးဘဲနဲ့ ဘယ်လိုများ ဟိုဘက်ကမ်း ရောက် သွားပါလိမ့်မလဲ ဆိုပြီးတော့ အဲဒီကျတော့ ငါထင်နေတာ မဟုတ်ပါကလား၊ ငါဟာကြားလိုက်ရုံနဲ့ အဓိပ္ပါယ်သိမယ်လို့ ထင်တာ ဒါမဟုတ်ဘူး။ အဲဒီကျမှ မာန်ကျသွားတယ်။ မာန် ကျသွားတော့မှ ငါဘုရားက မာန်မာနဆိုတဲ့ချောင့်တော့ ကျွတ်သွားပြီ။ အဲဒီချောင့်ကလေး ကျွတ်သွားတဲ့အချိန် ဟောမှာဘဲဆိုပြီးတော့ အဲဒီမှာထပ်ပြီး သူကမေးတယ်လေ။ ဘယ်လိုမေးတုန်း ဆိုတော့—

ယထာ ကထံ ပန တွံ မာရိသ အပ္ပတိဋ္ဌံ အနာယူဟံ ဩဃမတရိ=မာရိသ၊ ရှင်တော်မြတ်ဘုရား။ ယထာ ကထံ၊ အဘယ်သို့သော အခြင်းအရာအားဖြင့်၊ အဘယ်ပုံအားဖြင့်၊ အဘယ်နည်းအားဖြင့်။ အပတိဋ္ဌံ၊ ရပ်လည်းမရပ်ဘဲ။ အနာ- ယူဟံ၊ လက်ပစ်လဲမကူးဘဲ၊ အားလည်းမထုတ်ဘဲ၊ ယက်လည်း မယက်ဘဲ။ ဩဃံ၊ ဩဃလေးဖြာ သံသရာကို။ အတရိ၊

ကူးခပ်ပါသနည်း။ ထပ်မေးတယ်။ မရပ်ဘဲနဲ့ လက်ပစ်မကူးဘဲနဲ့ ဘယ်နည်းနဲ့ကူးပြီး ရောက်သွားတာတုန်းလို့ မေးတော့မှ သူမာနကျိုးမှုန်းသိတော့ ဘုရားက—

ယဒါ သွာဟံ အာဝုသော သန္တိဋ္ဌာမိ၊ တဒဿု သံသီဒါမိ =အာဝုသော၊ ငါ့ရှင်နတ်သား။ ယဒါ၊ အကြင်အခါ၌။ အဟံ၊ ငါဘုရားသည်။ သန္တိဋ္ဌာမိ၊ ရပ်နေငြားအံ့။ တဒါ၊ ရပ်နေရာ ထိုအခါ၌။ အဟံ၊ ငါဘုရားသည်။ သံသီဒါမိ၊ နစ်မွန်းတော်မူရာ၏။ အဲဒီထဲမှာသွားပြီး ငါဘုရားရပ်နေတော်မူလို့ရှိရင် နစ်သွားမှာပေါ့ ရပ်ရင်နစ်လိမ့်မယ်တဲ့။ ပြီးတော့—

ယဒါ သွာဟံ အာဝုတော အာယူဟာမိ၊ တဒဿု နိဗ္ဗုယှာမိ=အာဝုသော၊ ငါ့ရှင်နတ်သား။ ယဒါ၊ အကြင်အခါ၌။ အဟံ၊ ငါဘုရားသည်။ အာယူဟာမိ၊ လက်ပစ်ကူး၏၊ အားထုတ်၏၊ ယက်၏။ တဒါ၊ လက်ပစ်ကူးရာ ထိုအခါ၌။ အဟံ၊ ငါဘုရားသည်။ နိဗ္ဗုယှာမိ၊ မျော၏၊ မျောရာ၏။ လက်ပစ်ကူးရင် မျောပြီးတော့ မောသွားမှာပေါ့။ အဲဒါကြောင့် မြစ်ကြီးကို ငါဘုရားကူးတာဟာ ရပ်လဲမရပ်ဘူး၊ ပြီးတော့ လက်ပစ်လဲ မကူးဘူးဆိုတော့ နတ်သားက ဉာဏ်ရှိတဲ့နတ်သားဆိုတော့ လောက ဝေါဟာရမယ် ရေသာခိုသည်ဆိုတော့ အင်မတန်ဆိုးတဲ့စကားလုံးဘဲ၊ ဟုတ်လား၊ အဲဒါ နတ်သားကတော့ နားလည်သွားပြီ။ နားလည်သွားတာဟာ ဘာတုန်းဆိုတော့ ရပ်နေရင် ဘာမှအလုပ်မလုပ်တဲ့ ပုဂ္ဂိုလ် အလုပ်မလုပ်ဘဲနဲ့ နေတဲ့ပုဂ္ဂိုလ်ဆိုရင် လက်ပစ်ကူးနေရင် အပန်းတကြီး အမောခံပြီးလုပ်နေတဲ့သူ ဆိုတယ်။ အဲ အလုပ်မလုပ်ဘဲလဲ မနေနဲ့ အမောကြီးလဲ မခံနဲ့။ မြစ်များကူးရင် အဲဒီလို

ဆိုတဲ့ အမိပ္ပါယ်သူသိတော့ ဒီနေရာမှာ သဘောပေါက်သွားတာပေါ့။ အဲသလို သဘောပေါက်သွားသည်နှင့် တပြိုင်နက် ဘုရားရှင်က သူနဲ့လျော်တဲ့ ဒေသနာ သူ့ စရိုက်ကျတဲ့ ဒေသနာပေးလိုက်တော့ ချက်ချင်း ရဟန္တာဖြစ်သွားတယ်။ အဲဒီကျတော့ လွယ်လိုက်တာ တရားနာရုံနဲ့ သောတာပန်ဖြစ်တယ်။ ဘာမှထိုင်ပြီး မနေရပါဘူး။ သို့ပေမဲ့ ဟောတဲ့ ပုဂ္ဂိုလ်က လိုသေးတယ်၊ ကြားလား။ ခုန ဘုရားဟောတဲ့ ဉာဏ်တော်ဆယ်ပါးနဲ့ မွှေနှောက်ပြီးတော့ ဝေနေယျအတွက် လုပ်လိုက်ရတဲ့တာဝန်တွေ ကုန်အောင်မပြောခဲ့ရဘူး။ အင်မတန် ကျယ်ဝန်းပါတယ်။ အဲသလိုရှိပါတယ်။ ကျွတ်တမ်းဝင်တာမှန်၏။ ဒေသနာက ဘယ်လောက်ရှိသတုန်း။

ယဒါ သွာဟံ အာဝုသော သန္တိဋ္ဌာမိ၊ တဒါ သံသီဒါမိ။ ယဒါ သွာဟံ အာဝုသော အာယူဟာမိ၊ တဒဿု နိဗ္ဗုယှာမိ—ဟောဒါလေးနဲ့ ကျွတ်တမ်းဝင်တာ၊ ဒီလောက်လေးနဲ့ ကျွတ်တမ်းဝင်တာ။ အဲဒါ ဘာပြုလို့လဲဆိုတော့ အင်မတန်လျော်တဲ့ အနာနဲ့ဆေး သင့်အောင်ပေးထားလိုက်တာ၊ တခါထဲ ဒိဋ္ဌိ ဝိစိကိစ္ဆာဆိုတဲ့ ငြောင့်တွေ ပြုတ်သွားပြီး သောတာပန် ဖြစ်သွားတယ်၊ ရှေးဦးစွာ မာန်ကို နှုတ်ပစ်ရတယ်။ အဲသလို လုပ်ရပါတယ်။

အဲဒီနေရာမှာ နတ်သားသိသလို ဒို့ဒကာ ဒကာမတွေလဲ သိဘို့လိုတယ်၊ ကြားလား။ နတ်သားကတော့ သူသိသွားပြီ။ အသိဉာဏ်ပေါက်ပြီးတော့ ကျွတ်တမ်းဝင်သွားပြီ။ ဒို့ကလဲ အဇ္ဈာသယ စရိုက်သိလို့ ဟောဒါမဟုတ်တော့ ရမ်း ခဲနဲ့ပေါက်တာ၊ ကြားလား။ ရမ်း ခဲနဲ့ ပေါက်တယ်ဆိုတော့ နတ်သိသ

လို မသိကြဘူးတဲ့။ နတ်သိသလို မသိကြပေမဲ့ ဆိုလိုရင်း အဓိပ္ပါယ်ကတော့ စာတွေပေတွေမှာ ရှိပါတယ်။ ဟုတ်လား။ ဒါတွေလဲ လူတိုင်းသိအောင် ရိုပ်သာတို့ဆိုတော့ လူတိုင်းသိအောင် လုပ်ထားတာ။ အဲဒါ ရပ်နားနေတယ်ဆိုတာ ဘာကို ရည်ရွယ်ပြီးတော့ရပ်နားရင် နစ်သွားမယ်။ နစ်ဆိုတာ အပါယ်ဘုံသွားမှာပေါ့။ ရပ်နားတယ်ဆိုတာ ဘာတုန်း ခံစားနေတာပေါ့၊ အလုပ်မှ မလုပ်ဘဲနဲ့။ အဲ–ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ အဲဒီ အာရုံ ကာမဂုဏ်တွေ ခံစားနေတာကြားလား။ ကာမသုခလ္လိကာနုယောဂဆိုတယ်၊ ဟို ဓမ္မစကြာတရားတော်များကျတော့—

ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ= ဘိက္ခဝေ၊ ရဟန်းတို့။ ပဗ္ဗဇိတေန၊ ကိလေသာကို နှင်ထုတ်လိုတဲ့ ပုဂ္ဂိုလ်သည်။ ဒွေ၊ နှစ်ပါးကုန်သော။ အန္တာ၊ အဖို့တရားနှစ်ပါးတို့ကို။ န သေဝိတဗ္ဗာ၊ မမှီဝဲအပ်ကုန်။ ယော စာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော—တဲ့။ အဲဒီ ကာမသုခလ္လိကာနုယောဂ ခံစားနေတဲ့ ပုဂ္ဂိုလ်ဟာ နစ်သွားမှာဘဲတဲ့ အပါယ်ကိုသွား မှာဘဲတဲ့။ ရူပါရုံကို တွေ့ပြောအံ့ ဒီ ကာမသုခလ္လိကာနုယောဂ ဆိုတာလဲဘဲ ဒို့ယောဂီပုဂ္ဂိုလ်တွေမှာ အရေးကြီးပါတယ်။ ဘာအရေးကြီးတုန်းဆိုတော့ ရူပါရုံနဲ့ တွေ့လို့ အဲဒီရူပါရုံကလေးကို သာယာစုံမက်ရင် ဘာဖြစ်သွားမလဲ၊ ယခုနတုန်းက ပြောခဲ့တဲ့ ရာဂတွေဖြစ်မည်။ ဟော အဲဒီဟာ ကာမသုခလ္လိကာနုယောဂဖြစ်၏။ သဒ္ဒါရုံကို တွေ့၍ သဒ္ဒါရုံကိုခံစားနေလျှင် ကာမသုခလ္လိ-ကာနုယောဂဖြစ်၏။ ဂန္ဓာရုံကိုတွေ့၍ ဂန္ဓာရုံကို ကြိုက်နှစ်သက်

နေလျှင် ကာမသုခလ္လိကာနုယောဂဖြစ်၏။ ဩဃထဲမှာ ရပ်နားနေ၏။ ရသာရဲ့ အစာအာဟာရတွေကို စားတုန်း သောက်တုန်း၌ အဲဒီ အရသာတွေကို နှစ်နှစ်သက်သက် ဝမ်းမြောက်ဝမ်းသာ ခံစားပြီး နေလို့ရှိလျှင် ကာမသုခလ္လိကာနုယောဂဖြစ်၏။ ဩဃကြီးထဲမှာ ရပ်နားနေသည် မည်၏။ အဲသလို ဆိုတယ်။ ဖောဋ္ဌဗ္ဗာရဲ့ အတွေ့ကောင်း အထိကောင်းတွေနဲ့ တွေ့လို့ သာယာစုံမက် နှစ်သက်နေလို့ရှိလျှင်လဲဘဲ ကာမသုခလ္လိ-ကာနုယောဂဖြစ်၏။

အဲဒါကြောင့် စားတဲ့အခါလဲဘဲ စားတဲ့အလျောက် မှတ်ပြီးစား။ နံတဲ့အခါ နံသလို ကြားလား၊ ထိတဲ့အခါ ထိသလို အမှတ် လွတ်မသွားစေနဲ့၊ အမှတ်လွတ်သွားသော အချိန်၌ ကာမသုခလ္လိကာနုယောဂဖြစ်တတ်သည်။အမှတ်လွတ်မသွားမှသာ အဲဒီ ကာမသုခလ္လိကာနုယောဂ ဘေးမှ လွတ်မည်။ ပြီးတဲ့နောက် ဘာတုန်းဆိုတော့ လက်ပစ်ကူးတာ အမောခံ၍ကူးတယ်ဆိုတာကတော့ ဒို့လူတွေမှာ သိပ်မရှိပါဘူး၊ အတ္တ-ကိလမထာနုယောဂေါ။ အတ္တကိလမထာနုယောဂဆိုတာ မိမိအတ္တဘောကို အပင်ပန်းခံပြီး လုပ်တာ။ ဇမ္ဗူဒီပပြည်မှာတော့ ကုလားတွေ ကုလားဘုန်းကြီးတွေဟာ အဝတ် မဝတ်ဘဲနဲ့ အတ္တဘောကြီးကို ညှဉ်းဆဲတယ်။ ပြီးတော့ ပဉ္စာတပအကျင့်နဲ့ မီးပုံကြီး လေးဘက်ဖိုပြီးတော့ အလယ်ခေါင်မှာနေ ဒီခန္ဓာကိုယ်ကြီး ညှဉ်းဆဲမှ ဒီခန္ဓာကိုယ်ကြီး ရှင်လန်းနေလို့ရှိလျှင် ကိလေသာတွေ ပွားတယ်ဆိုပြီးတော့ ကိလေသာနှိမ်နင်းတဲ့အနေနဲ့ ခန္ဓာကိုယ်ကြီးကို နှိမ်နင်းကြတယ်။ ဒို့ဗမာနိုင်ငံ ဗုဒ္ဓသာသနာ ထွန်းကားတဲ့နေရာမှာတော့ အတ္တကိလမထာနုယောဂ သိပ်ပြီးတော့ မရှိဘူး။ အစာမစားဘဲ ကျင့်တယ်ဆိုတဲ့ဥစ္စာ

ဟာ အတ္တကိလမထာနုယောဂဖြစ်၏။ ဓုတင်အကျင့် ကျင့်တာဟာ အတ္တကိလမထာနုယောဂ မဖြစ်။ အတ္တက ကိုယ်ကို အတ္တဘောကို ဆင်းရဲအောင် ကျင့်နည်းမှာလဲ ဓုတင်ကျင့်တဲ့ အကျင့်မျိုးက အတ္တကိလမထာနုယောဂမဖြစ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာကျင့်၏၊ ထိုဒုက္ကရစရိယာ အကျင့်တို့သည် အတ္တကိလမထထဲ ပါဝင်ကုန်၏။

ဒါကြောင့် ရပ်လဲ မရပ်ရဘူး၊ လက်ပစ်လဲ မကူးရဘူး။ လက်ပစ်ကူးတာဟာ အတ္တကိလမထာနုယောဂ အကျင့်ဖြစ်သတဲ့။ ဒါကြောင့် အဲဒီ အလုပ်များကိုလဲ မလုပ်ရဘူးတဲ့။ ဘာလုပ်ရမတုန်းဆိုတော့ အလယ်ခေါင်ကဖြစ်တဲ့ မဇ္ဈိမပဋိပတ်လမ်းကြောင်းကို ကျင့်ကြကြံကြရမည်။ မဇ္ဈိမပဋိပတ်လမ်းကြောင်း ဆိုသည်ကား သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဆိုတဲ့ မဂ္ဂင်ရှစ်ပါးတရားကို ဆိုလိုသည်။ အဲ မဂ္ဂင်ရှစ်ပါး တရားထဲမှာလဲ အကျဉ်းချုပ်လိုက်လို့ရှိလျှင် သီလသိက္ခာ, သမာဓိသိက္ခာ, ပညာသိက္ခာ လို့ သိက္ခာသုံးပါးရှိ၏။ အဲဒီသိက္ခာသုံးပါးထဲမှာ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဆိုတဲ့ မဂ္ဂင်တရားသုံးပါးသည်ကား သီလသိက္ခာဖြစ်၏။ အဲဒီသီလသိက္ခာရှိတဲ့ အတိုင်း ဘုရားရှင်က— တိဿော သိက္ခာ ဘိက္ခဝေ သီလသိက္ခာ သမာဓိသိက္ခာ ပညာသိက္ခာ-စသည်ဖြင့် သိက္ခာသုံးပါးကို ဟောတဲ့နေရာမှာ သီလသိက္ခာကို အစပြု၍ ဟော၏။ သမာဓိသိက္ခာကို အလယ်ခေါင်၌ ထား၍ ဟော၏။ ပညာသိက္ခာကို အဆုံး၌ ထား၍ ဟော၏။

ထို့ကြောင့် အစစွာ ကျင့်ရမည့် သိက္ခာကို အစ၌ ဟော သည်၊ အလယ်၌ ကျင့်ရမည့်သိက္ခာကို အလယ်၌ ဟောသည်၊ အဆုံး၌ ကျင့်ရမည့်သိက္ခာကို အဆုံး၌ဟောသည်။ အဲဒီမဂ္ဂင် ရှစ်ပါးထဲမှာ အစဆုံးကျင့်ရမှာကတော့ သမ္မာဝါစာ, သမ္မာ ကမ္မန္တ, သမ္မာအာဇီဝ ဒီမဂ္ဂင်သုံးပါးကို ကျင့်ရမယ်လို့ ဆိုလို သည်။ ဒါကြောင့် ယောဂီပုဂ္ဂိုလ်တို့သည် သီလလုံခြုံအောင် ထိန်းသိမ်းရမည်။ ထိုသီလသည်လည်း ဖန်ရည်ဆိုးတဲ့ အဝတ် ကို ဝတ်ထားသမျှ ဆယ်ပါးသီလကို စောင့်ရမည်။ အကယ်၍ ဖန်ရည်ဆိုးသောအဝတ်ကိုဝတ်သူမဟုတ် ဖွ, နီ,ကြောင်ကျား အဝတ်ကိုဝတ်လျက် နေတဲ့ ပုဂ္ဂိုလ်များမှာ ငါးပါးသီလကို လုံခြုံအောင် ထိန်းသိမ်းရမည်။ ၎င်းသီလဟာ ဝိပဿနာ မဂ် ဖိုလ်တို့၏ တည်ရာခုံသဖွယ်ဖြစ်သည်။ သီလတည်းဟူသော တည်ရာခုံမရှိလျှင် ဝိပဿနာဉာဏ် သမာဓိဘာဝနာ ဝိပဿနာ ဘာဝနာတို့ တည်စရာမရှိ။ သီလပေါ်မှာ ရပ်တည်ပြီး နေရ သည်ဖြစ်၍ ယောဂီပုဂ္ဂိုလ်တို့ အရေးတကြီး ကြိုးကြိုးစား စား ထိန်းသိမ်းရမည့်ကိစ္စကား ငါးပါးသီလ ဆယ်ပါးသီလ ဖြစ်၏။ ငါးပါးသီလ ဆယ်ပါးသီလ အထူးလုံခြုံအောင် အထူးစောင့်ရှောက်ထိန်းသိမ်းကြပါ။

၎င်းပြင် တရားကို ကြိုးစားအားထုတ်နေတဲ့ အချိန်အခါ မှာ ထိုင်နေတဲ့ အချိန်အခါမှာ အလိုအလျောက် ထိန်းသိမ်း ပြီး စောင့်စည်းပြီး ဖြစ်၏။ သို့ပေမဲ့ ရနိုင်တဲ့ အချိန်အခါ မဟုတ်ဘူးဆိုပြီးတော့ အမှုမဲ့ အမှတ်မဲ့ ပြင်ဘက်ရောက်နေတဲ့ အချိန်အခါမှာ သီလကို ချိုးဖောက်မပစ်ပါနဲ့။ ငါးပါးသီလကို သစ္စာဓိဋ္ဌာန်ပြုပြီး ထိန်းသိမ်းစောင့်ရှောက်ကြပါ။ အပါယ်

သွားမှာကြောက်လို့ ကမ္မဋ္ဌာန်းအားထုတ်သည်၊ အပါယ်လမ်း ကြောင်းကို ဖွင့်ပေးတတ်တဲ့ သိက္ခာကျိုးမှုကို မလုပ်နဲ့။ နိစ္စ သီလဖြစ်သည်။ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ဆောက်တည်ရမဲ့ သီလမျိုးဖြစ်၏။ အဲ ပြီးတဲ့အခါကျမှ သမာဓိ သိက္ခာဆိုတာ ကြိုးစားအားထုတ်ကြရာ၏။ ဘယ်သူတွေလဲဆိုတော့ မဂ္ဂင် ရှစ်ပါးထဲမှာ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ အဲဒီ သုံးပါးကို သမာဓိသိက္ခာလို့ ခေါ်တယ်။ အဲဒီသုံးပါးထဲက ဝီရိယဆိုတဲ့ သိက္ခာက လူသန်လူစွမ်းကြီးနဲ့တူတယ်။ သမာဓိ သိက္ခာဆိုတာက အားမရှိတဲ့ လူပိန်လူညှော်နဲ့တူတယ်။

အဲ-သတိဆိုတဲ့ သိက္ခာကတော့ သမ္မာသတိဆိုတဲ့ မဂ္ဂင် ကတော့ သူက အကူအညီပေးနိုင်လောက်ရုံ ပေးရတယ်။ အ ကူအညီပေးနိုင်တဲ့ မဂ္ဂင်တရားလို့ဆိုတယ်။ လူသန်လူမာကြီးက ကျောကုန်းပြီးပေးတဲ့အခါကျတော့ သမာဓိလူပိန်လူညှော်က ကျောပေါ်တက်ပြီးတော့ မဂ်ပန်း ဖိုလ်ပန်းတွေ လှမ်းဆွတ်တဲ့ အချိန်အခါကျတော့ တုန်တုန် တုန်တုန်နဲ့နေတယ်။ အဲဒါတွေ မတုန်အောင်လို့ သတိက အနားချဉ်းကပ်ပြီးတော့ ငါ့ပခုံးကို ကိုင်လို့ ခိုင်းတယ်၊ အဲဒီသုံးယောက်ပေါင်းလိုက်တဲ့ အခါကျ တော့မဂ်ပန်း ဖိုလ်ပန်းများကို ဆွတ်လှမ်းနိုင်တယ်တဲ့။ အဲဒါ သမာဓိလုပ်ငန်းဘဲ၊ သမာဓိလုပ်ငန်းကိုလဲ ပေါ့ပေါ့ဆဆ မလုပ် ရ၊ အာနန္တရိကသမာဓိဆိုတာကို ပြောချင်တယ်။အာနန္တရိက သမာဓိဟာအမြတ်ဆုံးတရားထဲမှာ——ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီ- တံ ဧတေန သစ္စေန သုဝတ္ထိ ဟောတု—လို့ အာနန္တရိကသမာဓိ ဆိုတာ ပိုပြီးတော့ ယောဂီပုဂ္ဂိုလ်များမှာ အရေးကြီးတယ်၊ ဘာပြုလို့လဲဆိုတော့ သမာဓိမရှိလျှင် ဟိုဂိတ်ကိုရောက်တဲ့ အချိန်အခါကျတော့ သမာဓိမရှိတဲ့ပုဂ္ဂိုလ်ဟာ ဂိတ်နားကပြန်-

ပြီးတော့ လယ်၍လယ်၍ လာတတ်တယ်တဲ့၊ သမာဓိကခိုင်း
တယ်၊အာနန္ဒရိကသမာဓိဆိုတာ မဂ်နားဖိုလ်နားမှာကပ်နေတဲ့
သမာဓိဆိုတယ်၊ အဲဒီ သမာဓိမျိုးကိုရထားမှ အလေ့အကျင့်
ရှိမှ ဟိုမဂ်နား ဖိုလ်နားလဲ ရောက်ကရော တော်ပါသေးပြီ
ဆိုပြီးတော့ သမာဓိပျက်သွားတတ်တယ်၊ ပျက်သွားမှဖြင့်
အင်မတန်အရေးကြီးတဲ့ ခေါင်ထိပ်ရောက်ခါမှ လယ်ကျတာနဲ့
တူတယ်။ ဒါ့ကြောင့် သမာဓိကိုလဲ မွေးမြူရမယ်။

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပဆိုတဲ့ အဲဒီမဂ္ဂင် နှစ်ပါးကတော့
ပညာမဂ္ဂင်လို့ဆိုတယ်၊ အဲဒီပညာမဂ္ဂင်အရ ယခုသွားရင် သွား
တယ်၊ စားရင်စားတယ်၊ လာရင်လာတယ်၊ သောက်ရင်
သောက်တယ် စသည်ဖြင့် မှတ်ပြီးနေခဲ့တဲ့ ရုပ်နာမ်ခန္ဓာတွေကို
မြင်အောင် ရှုရှုနေတဲ့ဉာဏ်တွေကို သမ္မာဒိဋ္ဌိခေါ် တာပါဘဲ၊ အဲ
ဒီဉာဏ်တွေဟာက ဒုက္ခမှန်းသိသွားတယ်၊ ဒုက္ခ၏အကြောင်း
ဖြစ်မှန်း သိသွားတယ်၊ ဒုက္ခ၏ ချုပ်ငြိမ်းရာကား ဘယ်ဟာ
ဆိုတာ သိသွားတယ်၊ ဒုက္ခချုပ်ငြိမ်းရာသို့ သွားနိုင်တဲ့လမ်း
ကြောင်းဆိုတာ သိသွားတယ်၊ အဲဒီအသိဉာဏ်တွေကိုသမ္မာဒိဋ္ဌိ
ခေါ်တာဘဲ၊ သမ္မာဒိဋ္ဌိနဲ့အတူတကွယှဉ်တွဲနေတဲ့ သမ္မာသင်္ကပ္ပ
ဆိုတဲ့ အာရုံပေါ် ကို ၎င်းဉာဏ်ကလေးရောက်အောင် တင်တင်
ပြီးတော့ ကူညီနေတဲ့ သမ္မာသင်္ကပ္ပဟာ တခါတည်းအလိုလို
ပြီးနေတယ်တဲ့၊ ဒါ့ကြောင့် မိမိတို့ ဆရာသမားများညွှန်ကြား
တဲ့ လမ်းကြောင်းအတိုင်း အဲဒါသီလကို လုံခြုံအောင် ထိန်း
သိမ်း၍ မိမိဆိုင်ရာ လုပ်ငန်းများကို ပေါ့ပေါ့ ဆဆ မဟုတ်ဘဲ
လုပ်ကိုင်အားထုတ် ကြကုန်ရာသတည်း။

သာဓု သာဓု သာဓု။

## ဒသဗလဉာဏ် ၁၀-ပါးအကျယ်ကား

(၁) ဌာနာဌာနဉာဏ်၊ (၂) ကမ္မဝိပါကဉာဏ်၊ (၃) သဗ္ဗတ္ထဂါမိနီပဋိပဒါဉာဏ်၊ (၄) အနေကဓာတုနာနာဓာတုလောကဉာဏ်၊ (၅) နာနာဓိမုတ္တိကတာဉာဏ်၊ (၆) ဣန္ဒြိယပရောပရိယတ္တဉာဏ်၊ (၇) ဈာနာဒိသံကိလေသဝေါဒါနဝုဋ္ဌာနဉာဏ်။ (၈) ပုဗ္ဗေနိဝါသဉာဏ်၊ (၉) စုတူပပါတဉာဏ်၊ (၁၀) အာသဝက္ခယဉာဏ်ဟူ၍ ၁၀-ပါး အပြားရှိ၏။

ယင်းဉာဏ် ၁၀-ပါးသည် ဘုရားရှင်တို့၌သာ ရှိ၏၊ ယင်းဉာဏ်တို့နှင့်ပြည့်စုံမှသာ သဗ္ဗညူပုဂ္ဂိုလ်ဟု ဝန်ခံနိုင်၏၊ ပရိသတ်အလယ်၌ မကြောက်မရွံ့ ရဲဝံ့စွာဟောပြောနိုင်၏။ ပဋိဝေဓ=ထိုးထွင်းဉာဏ်နှင့် ဒေသနာ=ဟောပြဉာဏ်ဟူသော စက်ယန္တရားကို လည်အောင်လှည့်နိုင်၏။

(၁) ဌာနဌာနဉာဏ်= "ဤကား အကြောင်းဟုတ်၏, ဤကား အကြောင်းမဟုတ်"ဟု ထိုထိုအကျိုး၏ အကြောင်းဟုတ်, မဟုတ်ကို သိနိုင်သောဉာဏ်။ မိစ္ဆာဒိဋ္ဌိသည် သောတာပန်ပုဂ္ဂိုလ်အား သင်္ခါရတရားတို့၌ နိစ္စ, သုခ, အတ္တဟု အယူမှောက်မှားနိုင်ခြင်း၏ အကြောင်းမဟုတ်၊ ပုထုဇဉ်ပုဂ္ဂိုလ်အားသာ ထိုကဲ့သို့ အယူမှောက်မှားနိုင်ခြင်း၏ အကြောင်းဟုတ်၏ စသည်ဖြင့် သိသောဉာဏ်ဟု ဆိုလို၏။

(၂) ကမ္မဝိပါကဉာဏ် = ထိုထိုသတ္တဝါတို့ ပြုအပ်သော အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကံ အားလုံးတို့၏ အကျိုးပေးနိုင်, မပေးနိုင်ကို အမှန်သိသောဉာဏ်။

(က) သုဂတိဘဝ။ (ခ) ခန္ဓာကိုယ်အတ္တဘော၏ လှပတင့်တယ်ခြင်း။ (ဂ) ခေတ်ကောင်း ကာလကောင်း။ (ဃ) သုစရိုက်ပြုမှုဟူသော သမ္ပတ္တိစက် ၄-ပါးသည် အကုသိုလ်အကျိုးပေးမှုကို တားမြစ်တတ်၏၊ ကုသိုလ်အကျိုးပေးမှုကို ကူညီအားပေး၏။

(က) ဒုဂ္ဂတိဘဝ။ (ခ) ခန္ဓာကိုယ်အတ္တဘော၏ အရုပ်ဆိုးမှု။ (ဂ) ခေတ်ဆိုး ကာလဆိုး။ (ဃ) ဒုစရိုက်ပြုမှုဟူသော ဝိပတ္တိစက် ၄-ပါးသည် ကုသိုလ်အကျိုးပေးမှုကို တားမြစ်တတ်၏၊ အကုသိုလ်အကျိုးပေးမှုကို ကူညီအားပေး၏။ ဤသို့ သမ္ပတ္တိ, ဝိပတ္တိစက်တို့၏ တားမြစ်မှု ကူညီမှုတို့ကြောင့် အကျိုးပေး, မပေးကို သိသောဉာဏ်ဟု ဆိုလို၏။

(၃) **သဗ္ဗတ္ထဂါမိနီပဋိပဒါဉာဏ်**=ကံကို အားထုတ်ဆဲ၌ပင် **ထိုထို**သတ္တဝါတို့၏ကံကို "ဤကံကား နိရယ စသော ဂတိသို့ သွားရောက်စေတတ်၏၊ ဤကံကား နိဗ္ဗာန်ဟူသော အဂတိသို့ သွားရောက်စေတတ်၏" ဟု သိသောဉာဏ်။

**ဥပမာ—** လူ ၃-ယောက်တို့သည် နွား ၁-ကောင်ကို ဝိုင်းသတ်ရာ၌ နွား၏ ဇီဝိတိန္ဒြေကို အာရုံပြုသော စေတနာချင်း တူသော်လည်း ၁-ယောက်သောသူ၏ စေတနာသည် စိတ်ပါလက်ပါ ကြိုးစားအားထုတ်မှုကြောင့် ငရဲဘုံသို့ ရောက်စေနိုင်၏။ ၁-ယောက်သောသူ၏ စေတနာသည် သူတပါးတို့ အတင်းအကြပ် တိုက်တွန်း၍ သတ်ရခြင်းကြောင့် တိရစ္ဆာန်ဘုံသို့ ရောက်စေနိုင်၏။ ၁-ယောက်သောသူ၏ စေတနာကား အလိုမတူသော်လည်း မငြင်းဆန် မကန့်ကွက်ပဲ ပါဝင်သတ်

ဖြစ်ရခြင်းကြောင့် ပြိတ္တာဘုံသို့ ရောက်စေနိုင်၏ စသည်ဖြင့် သိသောဉာဏ်ဟု ဆိုလို၏။

(၄) **အနေကဓာတု နာနာဓာတု လောကဉာဏ်** = ခန္ဓာ စသည်တို့၏ ဥပါဒိန္န, အနုပါဒိန္န စသော များသောသဘော, မတူထူးခြား အမျိုးမျိုးကွဲပြားသော သဘောကို ခွဲခြား ဝေဘန်၍ သိသောဉာဏ်။

သက်ရှိသတ္တဝါတို့၏ သင်္ခါရလောကဓာတ် များကိုလည်း သက်မဲ့ ဝတ္ထု သစ်ပင်, တော, တောင်, ရေမြေ စသည်တို့၏ သင်္ခါရလောကဓာတ်များကိုလည်း "ဤဓာတ်သဘော ပိုလွန် များပြား၍ ဤသစ်ပင် ပင်စည်သည် ဖြူ၏, မည်း၏, ချော မွတ်၏, အခွံထူ၏, အခွံပါး၏, အရွက်စိမ်း၏, အပွင့်ဝါ၏, အသီးကြီး၏, ငယ်၏, အသီး'လုံး'ဝိုင်း၏, ပြား၏, ချို၏ ချဉ်၏' စသည်ဖြင့် အကြောင်းနှင့်တကွ ဓာတ်အမျိုးမျိုးခွဲ၍ သိနိုင်သောဉာဏ်ဟု ဆိုလို၏။

(၅) **နာနာဓိမုတ္တိကတာဉာဏ်** = ထိုထို သတ္တဝါတို့၏ အထူးထူးသော အလို နှလုံးသွင်း အဇ္ဈာသယဓာတ်သဘော ပင်ကိုယ် စိတ်နေစိတ်ထားကို အမှန်သိနိုင်သော ဉာဏ်။

လောက၌ သတ္တဝါတို့သည် အလိုဆန္ဒ အမျိုးမျိုးရှိကြရာ အလိုတူသူချင်းသာ ပေါင်းသင်း ဆက်ဆံနိုင်၏၊ ယင်းသို့ အလိုတူ, မတူ ခြားနားမှုကို အဇ္ဈာသယခေါ် အတွင်းဓာတ် က အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ ၃-ပါးလုံးကိုလိုက်၍ သတ်မှတ်ပေး၏ စသည်ဖြင့် သိသောဉာဏ်ဟု ဆိုလို၏။

(၆) **ဣန္ဒြိယပရောပရိယတ္တဉာဏ်နှင့် အာသယာနုသယဉာဏ်**=ချွေချွတ်ရမည့် ဝေနေယျတို့၏ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာဟူသော ဣန္ဒြေတို့၏ အနု, အရင့်ကို အာသယ, အနုသယ စသည်နှင့်တကွ သိစွမ်းနိုင်သော ဉာဏ်။

သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိဟူသော ဝဋ်ဆင်းရဲနှင့်စပ်သော စိတ်၏ကိန်းဝပ်ရာ ဝဋ္ဋာသယနှင့် ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဟူသော ဝဋ်ဆင်းရဲနှင့် မစပ်သော စိတ်၏ ကိန်းဝပ်ရာ ဝိဝဋ္ဋာသယကိုင်း, မဂ်ဖြင့် မပယ်ရသေးသဖြင့် စိတ်အစဉ်၌ အခွင့်ရတိုင်း ဖြစ်လာတတ်သော အနုသယ ၇-ပါးကိုင်း, ပုညာဘိသင်္ခါရ စသော သုစရိုက်, ဒုစရိုက်ကိုင်း, ယုတ်ညံ့သော အလို နှလုံးသွင်းနှင့် မြင့်မြတ်သော အလို နှလုံးသွင်းကိုင်း, ကိလေသာ အားကြီးခြင်း အားနည်းခြင်းကိုင်း, ဣန္ဒြေတို့၏ အနုအရင့်ကိုင်း, အလိုဆန္ဒကောင်း မကောင်းကိုင်း ဟောပြသည့် စကားအဓိပ္ပါယ်ကို သိစေခြင်းငှါ လွယ် မလွယ်ကိုင်း, ကျွတ်လွတ်ခြင်းငှါ ထိုက် မထိုက်ကိုင်း သိစွမ်းနိုင်သော ဉာဏ်ဟု ဆိုလို၏။

(၇) **ဈာနာဒိသံကိလေသ ဝေါဒါနဝုဋ္ဌာနဉာဏ်**=ဈာန် ၄-ပါး, ဝိမောက္ခ ၈-ပါး, သမာဓိ ၃-ပါး, သမာပတ် ၉-ပါး တို့၏ ညစ်နွမ်းဆုတ်ယုတ်ခြင်း၏ အကြောင်း (ဝသီဘော် မပြောက်ခြင်း = သံကိလေသ), ဖြူစင် တိုးတက်ခြင်း၏ အကြောင်း (ဝသီဘော် ပြောက်ခြင်း=ဝေါဒါန), ဝင်စားရာမှ ထနိုင်ခြင်း, မဝင်စားနိုင်ခြင်း၏ အကြောင်း (ပဂုဏဈာန်, ဘဝင်, အထက်ဖိုလ် ၂-ပါး=ဝုဋ္ဌာန)ကို သိစွမ်းနိုင်သော ဉာဏ်။

အပြင်းအထန် မကြိုးစားပဲ အလွယ်အားဖြင့် ဈာန်ဝင်စားနိုင်သူ, မဝင်စားနိုင်သူ, သတ်မှတ်ထားသော အချိန်၌ ဈာန်မှ ထနိုင်သူ, မထနိုင်သူ, ဈာန်သမာဓိအရာ၌ လိမ်မာသူ, မလိမ်မာသူ, သမာပတ်အရာ၌ လိမ်မာသူ, မလိမ်မာသူ စသည်ဖြင့် ဈာန်သမာပတ်နှင့်စပ်၍ အကြွင်းမဲ့ သိစွမ်းနိုင်သော ဉာဏ်ဟုဆိုလို၏။

(ဂ) **ပုဗ္ဗေနိဝါသဉာဏ်**=ရှေးရှေး အတိတ်ဘဝကို ပြန်လည်အောက်မေ့နိုင်သော သတိနှင့်ယှဉ်သော ဉာဏ်။ ယင်းဉာဏ်သည် တိတ္ထိတို့၌ ဖြစ်လျှင် ကမ္ဘာ ၄၀–အတွင်းသာ မြင်နိုင်၏။ ပကတိသာဝကတို့၌ ကမ္ဘာ ၁-ထောင်, မဟာသာဝကတို့၌ ကမ္ဘာ ၁-သိန်း, အဂ္ဂသာဝကတို့၌ ၁-သင်္ချေနှင့်ကမ္ဘာ ၁-သိန်း, ပစ္စေကဗုဒ္ဓါတို့၌ ၂-သင်္ချေနှင့် ကမ္ဘာ ၁-သိန်းအတွင်းသာ မြင်နိုင်၏။ ဘုရားရှင်တို့၌ဖြစ်သော ဤဉာဏ်တော်ကား ကမ္ဘာအပိုင်းအခြားမရှိ၊ အလိုရှိသလောက် မြင်နိုင်, သိနိုင်၏။

(က) အစဉ်ကို မခုန်ကျော်ပဲ ခန္ဓာအစဉ်, ဣရိယာပုတ်အစဉ်အတိုင်းသာ စဉ်ကာ စဉ်ကာ အောက်မေ့နိုင်ခြင်း, (ခ) ဘဝအစဉ်အားဖြင့် ၁-ဘဝ ၁-ဘဝ၏ စုတိခန္ဓာနှင့် ပဋိသန္ဓေခန္ဓာကိုသာ စဉ်ကာ စဉ်ကာ အောက်မေ့နိုင်ခြင်း, (ဂ) ဝါလဝေဓိ လေးသမားသည် ပစ်လိုရာ ပစ်မှတ်စက်ခွက်ကို လှမ်းပစ်နိုင်သကဲ့သို့ မလိုရာ ဘဝတို့ကို ခုန်ကျော်၍ လိုရာ၌သာ ရွေးချယ်အောက်မေ့နိုင်ခြင်းဟု ၃-မျိုးရှိရာ တိတ္ထိတို့သည် (က) အမှတ်ပြနည်းဖြင့်သာ အောက်မေ့နိုင်ကုန်၏။ ပစ္စေကဗုဒ္ဓါနှင့် သာဝကတို့သည် (က) (ခ) အမှတ်ပြ နည်း ၂-မျိုးဖြင့် အောက်မေ့နိုင်ကုန်၏။ ဘုရားရှင်တို့သည် (က)

(ခ) (ဂ) အမှတ်ပြ နည်း ၃-မျိုးလုံးဖြင့် အလိုရှိသလောက် အောက်မေ့နိုင်ကုန်၏။ ထိုပြင် တိတ္ထိတို့၏ ပုဗ္ဗေနိဝါသဉာဏ်သည် ပိုးစုံးကြူးအရောင်နှင့်တူ၍ သူကန်းတို့ တောင်ဝှေးဖြင့် စမ်းထောက် လမ်းလျှောက်သည်နှင့်လည်း တူ၏။ ပကတိသာဝကတို့၏ ယင်းဉာဏ်သည် ဆီမီးရောင်နှင့်တူ၍ တခုတည်းသော သစ်တုံးဖြင့် ခင်းထားသော ချောင်းကူးတံတား၌ ကူးသွားသည်နှင့်လည်း တူ၏။ မဟာသာဝကတို့၏ ယင်းဉာဏ်သည် ကြီးသော မီးရှူးရောင်နှင့်တူ၍ ၄-၅ ယောက်လျှောက်နိုင်သည့် ပျဉ်ခင်းမြစ်ကူးတံတား၌ ကူးသွားရသည်နှင့်တူ၏။ အဂ္ဂသာဝကတို့၏ ယင်း ဉာဏ်သည် သောကြာကြယ်ရောင်နှင့်တူ၍ လှည်းသွားတံတားပေါ်၌လျှောက်သွားရသည်နှင့်တူ၏။ပစ္စေကဗုဒ္ဓါတို့၏ ယင်းဉာဏ်ကား လရောင်နှင့်တူ၍ ခြေကြောင်း ကုန်းလမ်းခရီး၌ သွားရသည်နှင့်တူ၏။ သဗ္ဗညုဘုရားရှင်တို့၏ ယင်း ဂ-ခုမြောက် ဗလဉာဏ်ကားရောင်ခြည် တထောင်ဆောင်သော သရဒဥတု (တော်သလင်းလဆုတ် ၁-ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် ၂-လ)၌ ပေါ်ထွက်သော နေရောင်နှင့်တူ၍ လှည်းကြောင်း ခရီးလမ်းမကြီး၌ သွားရသည်နှင့်တူ၏။ (ပုဗ္ဗေနိဝါသဉာဏ်၏ ဆိုင်ရာ ပရိကမ် အလေ့အကျင့် ပြုပုံများကို ဝိသုဒ္ဓိ၊ ၂။၄၁–၂ ၌ကြည့်။)

ယင်းဉာဏ်သည် မိမိ၏ငင်း, သူတပါး၏ငင်း သန္တာန်၌ဖြစ်သော အတိတ်ခန္ဓာ, ထိုခန္ဓာနှင့် စပ်သွယ်သမျှ အမျိုး, အနွယ်, အမည်ပညတ်, နိဗ္ဗာန်ကို အာရုံပြု အောက်မေ့နိုင်၏။ ဤသို့ အဋ္ဌကထာတို့၌ အဆိုရှိသော်လည်း "အပ္ပမာဏာ ခန္ဓာ

ပုဗ္ဗေနိဝါသာနုဿတိဉာဏာယ အာရမ္မဏပစ္စယေန ပစ္စယော” ဟူ၍သာ ပဋ္ဌာန်းပါဠိတော် (ပဋ္ဌာန၊ ၂။၃၂၄)၌ ဟော၍ “နိဗ္ဗာနံ”ဟု မဟောခြင်းကြောင့် နိဗ္ဗာန်ကို အာရုံပြုနိုင်ခြင်းကို (မူလဋီ၊ ၁။၁၉၂။ ဝိသုဒ္ဓိ၊ဋီ၊ ၂။၇၀ )ဋီကာဆရာတို့ မနှစ်သက်ကြကုန်။

(၉) **စုတူပပါတဉာဏ် (ဒိဗ္ဗစက္ခုဉာဏ်)** = မိမိ သူတပါးတို့၏ စုတိ,ပဋိသန္ဓေ(စုတေ သေလွန်ခါနီး၌ဖြစ်သော ပစ္စုပ္ပန်ရူပါရုံနှင့် ပဋိသန္ဓေ နေပြီးခါစ ဖြစ်သော ပစ္စုပ္ပန်ရူပါရုံ ) ကို မြင်အောင် ကြည့်ပြီး၍ အမျိုး စည်းစိမ် ဂုဏ်သိရ် အားဖြင့် ယုတ်ညံ့သူ, မြင့်မြတ်သူ, အဆင်းလှသူ,အရုပ်ဆိုးသူ, ချမ်းသာသူ, ဆင်းရဲသူတို့ကို သိမြင်နိုင်သော အဘိညာဉ်ဉာဏ်။ ဒိဗ္ဗ-စက္ခုဉာဏ်ဟုလည်း ခေါ်၏။

ဤဉာဏ်၌ စုတိ,ပဋိသန္ဓေတို့၏ အနီးဖြစ်သော ရူပါရုံကို မြင်မှုသည်သာ ယင်းဉာဏ်၏ ကိစ္စဖြစ်၏။ အယုတ်, အမြတ် စသည်ကို သိမှုကား ယင်း ဉာဏ်လျှင် မှီရာရှိသော ယထာကမ္မူ-ပဂဉာဏ်နှင့် အနာဂတံသဉာဏ်တို့၏ ကိစ္စများတည်း (ဝိသုဒ္ဓိ၊ ၂။၅၅)။

(၁၀) **အာသဝက္ခယဉာဏ်**=အာသဝေါတရားတို့ကို ကုန်စေတတ်သော အရဟတ္တမဂ်ဉာဏ်။

အာသဝေါတရား ၄-ပါးတွင် သောတာပတ္တိမဂ်သည် ဒိဋ္ဌာ-သဝကိုသာ အကြွင်းမဲ့ ကုန်စေ၏။ ကာမာသဝ, ဘဝါသဝ, အဝိဇ္ဇာသဝတို့ကိုကား (အပါယဂမနီယ) အပါယ်ရောက်စေတတ်သော အဖို့ကိုသာပယ်၍ အပါယဂမနီယ မဟုတ်သော

အဖို့ကို မပယ်နိုင်။ သကဒါဂါမိမဂ်သည် ရှန့်ရင်းကြမ်းတမ်းသော ကာမာသဝကိုငင်း, ယင်းနှင့် ပဟာနေကဋ္ဌ ဖြစ်သော (တဦးတည်းသော ပုဂ္ဂိုလ်၌ တည်သော) ဘဝါသဝ, အဝိဇ္ဇာသဝတို့ကိုငင်း ကုန်စေနိုင်၏။ အနာဂါမိမဂ်သည် ပဟာနေကဋ္ဌ ဖြစ်သော တစိတ်သော ဘဝါသဝ, အဝိဇ္ဇာသဝတို့ကိုငင်း ကုန်စေနိုင်၏။ယင်းအောက် မဂ်ဉာဏ် ၃-ပါးတို့သည် အာသဝ အလုံးစုံ မကုန်စေနိုင်ခြင်းကြောင့် အာသဝက္ခယ ဟူသော အမည်ကို မရကြကုန်၊ ယင်းမဂ်တို့၏ အကျိုးဖြစ်သော အောက်ဖိုလ် ၃-ပါးသည်လည်း ဗျာပါရကင်းသော ဝိပါက်များ ဖြစ်သောကြောင့် သာ၍ပင် အာသဝက္ခယ ဟူသော အမည်ကို မခံယူကြရကုန်။

စင်စစ်အားဖြင့် အရဟတ္တမဂ်သည်သာ အောက်အောက် မဂ်တို့ဖြင့် မပယ်နိုင်၍ ကြွင်းကျန်သမျှ ဘဝါသဝ, အဝိဇ္ဇာသဝတို့ကို အကြွင်းအကျန်မရှိ ပယ်နိုင်, ကုန်စေနိုင်သောကြောင့် အာသဝက္ခယဟူသော အမည်ကိုရ၏။ ယင်း၏ အကျိုးဖြစ်သော အရဟတ္တဖိုလ်သည်လည်း အာသဝအားလုံး ကုန်ဆုံး ပြီးသည့်နောက် ပေါ်ပေါက် လာခြင်းကြောင့် အာသဝက္ခယဟူသော အမည်ကို ခံယူ၍ မိမိ ကိန်းဝပ်ရာ ရဟန္တာပုဂ္ဂိုလ်ကိုလည်း ခီဏာသဝဟူသော အမည်ကို ပေးလိုက်နိုင်သေး၏။

ဘုရားရှင်တို့သည် ဝေနေယျတို့ကို ချွတ်ချွတ်ရန် တရားဟောတော်မူရာ၌ ဤဗလဉာဏ် ၁၀-ပါးဖြင့် အစဉ်အတိုင်း စုံစမ်းထောက်လှမ်းပြီးမှ ထိုက်သင့်ရာ ဒေသနာဖြင့် ကျွတ်တမ်းဝင်စေတော်မူမြဲဖြစ်၏။ ရှေးဦးစွာ မဂ်ဖိုလ်ရနိုင်ခြင်း မရနိုင်ခြင်း

၏ အကြောင်း ဟုတ်မဟုတ် (နိယတမိစ္ဆာဒိဋ္ဌိဟူသော ကိလေသန္တရာယ် ရှိမရှိ) ကို ဌာနာ ဌာနဉာဏ်ဖြင့်ကြည့်တော်မူရ၏။ မရှိလျှင် နောက်တဖန် ကမ္မဝိပါကဉာဏ်ဖြင့် ဝိပါကန္တရာယ် ရှိ မရှိကို ကြည့်တော်မူပြန်၏။ မရှိလျှင် နောက်တဖန် သဗ္ဗတ္ထဂါမိနီ ပဋိပဒါဉာဏ်ဖြင့် ကမ္မန္တရာယ် အာနန္တရိယကံ ရှိ မရှိကို ကြည့်တော်မူပြန်၏။ မရှိလျှင် နောက်တဖန် အနေကဓာတု နာနာဓာတုဉာဏ်ဖြင့် လျော်သော တရားဟောရန် စရိုက်အထူးကို ကြည့်တော်မူပြန်၏။ ထို့နောက် နာနာဓိမုတ္တိကတာဉာဏ်ဖြင့် အလို နှလုံးသွင်းကို ကြည့်တော်မူရ၏။ ထို့နောက် ဣန္ဒြိယပရောပရိယတ္တဉာဏ်ဖြင့် ဣန္ဒြေ အနုအရင့်ကို ကြည့်တော်မူ၏။ ထို့နောက် ချွတ်ထိုက်သူတို့ အဝေးရောက်နေလျှင် ဈာနာဒိဉာဏ်ဖြင့် တန်ခိုးဣဒ္ဓိကို အသုံးပြု၍ အနီးရောက်အောင် ကိုယ်တော်တိုင် ချဉ်းကပ်တော်မူ၏။ ထို့နောက် ပုဗ္ဗေနိဝါသဉာဏ်ဖြင့် ရှေးရှေးဘဝ အဆက်ဆက်ကို ကြည့်တော်မူ၏။ ထို့နောက် ဒိဗ္ဗစက္ခုဉာဏ်ကြောင့် ရအပ်သော စေတောပရိယဉာဏ်ဖြင့် ပြည့်စုံကောင်းမြတ်သော စိတ်နေစိတ်ထားကို ကြည့်တော်မူ၏။ ထို့နောက် အာသဝက္ခယဉာဏ်၏ အာနုဘော်ဖြင့် အဝိဇ္ဇာ, မောဟကင်းပြီး ဖြစ်သည့် အလျောက် အာသဝက္ခယဉာဏ်ရန် အသင့်လျော်ဆုံး ဖြစ်သော တရားဒေသနာကို ဟောပြ၍ ချွတ်တော်မူသည်။

ဒသဗလဉာဏ် (၁၀) ပါး အကျယ်ပြီး၏။

၁၃၃၂ ခု၊ တပို့တွဲလပြည့်ကျော်(၉)ရက်နေ့
ညနေ (၅)နာရီ မိနစ်(၃၀)အချိန်၌
မကွေးမြို့ စိန်ပန်းပင်ကျောင်းတိုက်တွင်
မကွေးမြို့ ရတနာလှိုင် အသံချဲ့စက် ဦးသန်းမောင် ဒေါ်တင်လှိုင်
သားသမီး မြေးတစုတို့၏ အလှူအကြိုတရားပွဲ၌

**ပခုက္ကူမြို့**
**မဟာဝိသုတာရာမတိုက် တိုက်အုပ်ဆရာတော်**
**အရှင်နန္ဒိယမဟာထေရ်**
**ဟောကြားအပ်သော**

# တရားတော်

အလှူဒါနပြုတဲ့ ပုဂ္ဂိုလ်များဟာ အလှူဒါနမပြုခင်က တရားနာရတာ တန်ဘိုးရှိပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့ ဒါနပြုပုံပြုနည်းတွေ နားလည်မှ ရသင့်ရထိုက်တဲ့ ရသမျှ ရသင့်သမျှတွေကို အကျိုးရစေနိုင်ပါတယ်။ အလှူဒါန ပြုပြီး တဲ့နောက်မှ တရားနာရတော့ ကျင့်သုံးရမဲ့ အကျင့်က နောက်ကျနေပြီး ပြုလုပ်ခဲ့တဲ့ အလုပ်က ရှေ့ကျသွားမှာစိုးလို့ အလှူမတိုင်ခင် အခုလို ဟောရတာဘဲ။ အလှူ့ ရှင်များ

အတွက် ကောင်းကျိုး အထူးရစေနိုင်လိမ့်မယ်လို့ ရည်ရွယ်ကာ တောင်းပန်တာလေးတွေကို ဟောမယ်လို့ ဝန်ခံပါတယ်၊ အလှူပြုတဲ့ပုဂ္ဂိုလ်များမှာ လှူနည်းတန်းနည်း အလုပ်လုပ်နည်းဆိုတာ ဘုရားရှင် ဒေသနာတော်အရ အတိအကျလုပ်တတ်ကိုင်တတ်ဘို့ဆိုတာ အင်မတန် လိုပါတယ်။ လောကကြီးမှာ သူများလုပ်လို့ ကောက်လုပ်တာတွေလဲ ရှိတတ်တယ်၊ ပကာသနတွေနဲ့ ပြုလုပ်တာတွေလဲရှိတတ်တယ်၊ မိမိတို့ အင်မတန် ခက်ခက်ခဲခဲ ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းကို သူတပါးအား လှူဒါန်းဘို့ လွယ်ကူတဲ့အလုပ် မဟုတ်ဘူး။ အင်မတန် စွန့်နိုင်ခဲတဲ့ အလုပ်ကြီးဖြစ်တယ်။ ဒီတော့— ဒကာတို့ ဒကာမကြီးများတို့ ရှေးကလဲဘဲ ဒီတရားမျိုးတွေ ကြားဘူးမှာဘဲ။ ကြားဘူးပေမဲ့ ဒီတရားဘဲ ဘုန်းကြီးက ဟောရအုံးမှာဘဲ။ လှူနည်းတန်းနည်း ကျင့်သုံးနည်းဆိုတာဟာ အကျိုးရချင်လို့ လှူကြတာ။ အဲဒီအကျိုးဟာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သုတ္တန်ထူးတော်မှာ—

သတ္ထာ ဒေဝမနုဿာနံ= ဒေဝမနုဿာနံ၊ နတ်လူတို့၏။ သတ္ထာ၊ ဆရာဖြစ်တော်မူ၏။ ဆရာဆိုတာဟာ တပည့်အားအကျိုးရအောင် အသိဉာဏ်ရအောင် လုပ်ပေးနိုင်မှ ဆရာဖြစ်တယ်။ တလောကလုံး လူရောနတ်ရော သတ္တဝါဟူသမျှတို့၏ ဆရာအဖြစ်ကို ခံယူတဲ့ ဘုရားရှင်က ဒီလောကသားတွေကို ဘာများပေးနိုင်လို့တုန်းလို့ဆိုတော့— ဒိဋ္ဌဓမ္မိကအကျိုးကိုလဲ ပေးနိုင်တယ်။ သမ္ပရာယိက အကျိုးကိုလဲ ပေးနိုင်တယ်။ ပရမတ္ထ အကျိုးကိုလဲ ပေးနိုင်တယ်၊ ဒိဋ္ဌဓမ္မိက အကျိုးဆိုတာ ဘာလဲဆိုတော့ ဒီမျက်မှောက်ဘဝမှာ ခံစားရမဲ့အကျိုး

များကို ဘုရားရှင်ဟောပြနိုင်တယ်၊ တမလွန်လောကအတွက် ခံစားရမဲ့အကျိုးများကိုလဲ ဟောပြနိုင်တယ်၊ ဒီလောကကြီးမှ ကျွတ်လွတ်တဲ့ ဟိုဘက်ကမ်းရောက် အမြတ်ဆုံး ဖြစ်တဲ့ အကျိုးကိုလဲ ဟောပြနိုင်တယ်။ အဲဒီ ဟောပြနိုင်တဲ့အထဲမှာ အစဆုံးဖြစ်တဲ့ ဤ ပစ္စုပ္ပန် လောကဉ်ပင်လျှင် အကျိုးကို ရစေနိုင်တဲ့ အလုပ်ကို ဘုရားရှင် ဟောပြနိုင်တယ်၊ အဲဒီ အကျိုးကို ဒိဋ္ဌဓမ္မိက အကျိုး မျက်မှောက် ခံစားရတဲ့ အကျိုး လို့ ဆိုပါတယ်။

အဲ—အလယ်ခေါင်ကဖြစ်တဲ့ တမလွန်လောကမှာရရှိခံစား နိုင်တဲ့ အကျိုးကျေးဇူးတွေကို သမ္ပရာယိက အကျိုးလို့ခေါ် တယ်။ ဒီသမ္ပရာယိက အကျိုးကိုလဲ ရအောင် ရောက်အောင် ဟောပြောနိုင်တဲ့ အရှင်မြတ်ကြီးဖြစ်ပါတယ်။

ထို့နောက် ဒီလောကကြီးမှ ကျွတ်လွတ်ပြီး ဤလောက ကြီးအတွင်းမှာ မနေရဘဲနဲ့ လောကအပြင်ဘက် ရောက်ပြီး တော့ ဝဋ္ဋဒုက္ခခပ်သိမ်း ချုပ်ငြိမ်းနိုင်တဲ့ နိဗ္ဗာန်ဆိုတဲ့ အကျိုး ကြီးကိုလဲဘဲ ရအောင် ရောက်အောင် လက်တွေ့ ဟောပြ နိုင်တဲ့ ရှင်တော်မြတ်ဘုရားကြီးဖြစ်လို့ အဲဒီအကျိုးများကိုလဲ ဘဲ ပရမတ္ထအကျိုး အင်မတန် မွန်မြတ်တဲ့အကျိုး မဖေါက် မပြန်မှန်တဲ့ အကျိုးလို့ ဆိုပါတယ်။

ဒီ အကျိုးသုံးပါးကို ရစေနိုင်တဲ့ရှင်တော်မြတ်ဘုရားကို– သတ္ထာ ဒေဝမနုဿာနံ–လို့ ဘုရားရှင် ဂုဏ်တော်အနန္တရှိတဲ့ အထဲက အရွေးခံရတဲ့ ဂုဏ်တော် ကိုးပါးထဲမှာ အပါအဝင် ဖြစ်တော့ လူတိုင်းလူတိုင်းဘဲ ရရှိနေကြတယ်။ အဲသလို ရရှိ နေကြတဲ့ အတိုင်းဘဲ ဒါနပြုရင်လဲ ပစ္စက္ခအကျိုး, တမလွန်

အကျိုး, ပရမတ္ထအကျိုး သုံးပါးစလုံးနဲ့ သက်ဆိုင်တယ်။ ဒါနံ သဗ္ဗတ္ထသာဓကံ=ဒါနံ၊ စွန့်ကြဲ ပေးကမ်း လှူဒါန်းမှုသည်။ သဗ္ဗတ္ထသာဓကံ၊ အလုံးစုံကောင်းကျိုးဟူသမျှ ဒိဋ္ဌဓမ္မိက,သမ္ပရာယိက,ပရမတ္ထအကျိုးတို့ကို လက်ရှိရအောင် ရောက်အောင် ပေးစွမ်းနိုင်သော ပြီးစေနိုင်သော အလုပ်တခုဖြစ်၏။ အဲဒီလို ဟောထားတဲ့ ဒေသနာ အကျဉ်းရှိပါတယ်။ ဒါနပြုရင် အားလုံးအကျိုးကို ပြီးတယ်ဆိုတဲ့ ဘုရားရှင်စကားဟာ မြေကြီးလက်ခတ်မလွဲ မမှားနိုင်တဲ့ စကားဖြစ်ပါတယ်။

ယခုခေတ် ယခု အချိန်အခါမှာ ဒါနပြုရင် သံသရာရှည်လျား၍ ဝဋ္ဋဒုက္ခများစေသည်။ ဒါနပြုရင် ကာမာဝစရကုသိုလ်ဖြစ်၏။ထိုကာမာဝစရကုသိုလ်စေတနာသည် ကံမည်၏။ ထိုကံသည် အကျိုးတို့ကို ဘဝသံသရာ၌ လည်အောင်အကျိုးပေးမည့်တရားဖြစ်၏။ ထိုအကျိုးတရားတို့သည် ဝဋ္ဋဒုက္ခပင်ဖြစ်၏။ ဝဋ္ဋဒုက္ခကို ရှည်လျားစေတတ်၏–ဆိုတဲ့ သနားစရာအသိဉာဏ် မဖွံ့ဖြိုးကြတဲ့အတွက် ဒါနမှုအပေါ်မှာ ဒီလိုများဟောပြောနေကြတဲ့ စကားလုံး အသုံးအစွဲတွေ အဟောအပြောတွေ ရှိနေကြတယ်။ အမှန်စင်စစ်က သူတို့ပြောတဲ့စကားဟာ မမှန်ပေဘူး၊ အမှားတွေကို ပြောနေကြတယ်၊ တကယ်ကျမ်းဂန်စာပေနဲ့လေ့လာလို့ ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်တွေက လက်မခံကြဘူး၊အနန္တဉာဏ်ရှင်ဖြစ်တဲ့ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောတဲ့စကားကို ဆန့်ကျင်ဘက် လုပ်ဝံ့တဲ့ပုဂ္ဂိုလ်များလို့ဘဲ ဆိုရပေလိမ့်မယ်။ ဒါကြောင့်ဒါနကို မကြောက်နဲ့၊ ဒါန ကြောက်ရင် ချမ်းသာကြောက်တာနဲ့ အတူတူဘဲ။

ဘိက္ခဝေ၊ ရဟန်းတို့။ တုမှေ၊ သင်တို့သည်။ ပုညံ၊ ကောင်းမှုကို။ မာ ဘာယိတ္ထ၊ မကြောက်ကြလင့်။ ပုညံ ဘာယန္တော၊ ကောင်းမှုကို ကြောက်တဲ့သူသည်။ သုခံ ဘာယတိ၊ ချမ်းသာကို ကြောက်သည်မည်၏။ ချမ်းသာဆိုတာ လူချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာ၊ အဲဒီ ချမ်းသာတွေကို ကြောက်တာနဲ့ အတူတူဘဲ။ သဗ္ဗတ္ထသာဓကံ-လို့ ဆိုတဲ့ အတိုင်း အကျိုးအားလုံးကို ပြီးစေနိုင်တယ်ဆိုမှဖြင့် နိဗ္ဗာန်မရောက်စေနိုင်ဘူးလို့ ဆိုမလား၊ နိဗ္ဗာန်အထိ ရောက်စေနိုင်တယ်ဆိုတာကိုတော့ ကျမ်းဂန်အထောက် အထားတွေဟာ အမြောက်အမြားပင်ရှိနေပါတယ်။ ဒီတင် မကသေးဘူး၊ ဘုရားရှင်ကိုယ်တော်မြတ်က——

ဧဝဉ္စေ ဘိက္ခဝေ သတ္တာ ဇာနေယျုံ ဒါနသံဝိဘာဂဿ ဝိပါကံ၊ ယထာဟံ ဇာနာမိ၊ န အဒတွာ ဘုဉ္ဇေယျုံ၊ န စ နေသံ မစ္ဆေရမလံ စိတ္တံ ပရိယာဒါယ တိဋ္ဌေယျ——

ဒီလိုဟောထားတဲ့ ဒေသနာလဲရှိသေးတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါဘုရားသည်။ ဒါနသံဝိဘာဂဿ၊ လှူဒါန်းခြင်းစွန့်ကြဲခြင်း ဝေခြမ်းခြင်း၏။ ဝိပါကံ၊ အကျိုးကို။ ဇာနာမိ ယထာ၊ သိတော်မူသကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ သတ္တာ၊ သတ္တဝါတို့သည် လောကသားတို့သည်။ ဒါနသံဝိဘာဂဿ၊ ပေးလှူခြင်း, စွန့်ကြဲခြင်း, ခွဲခြမ်းဝေဘန်ခြင်း၏။ ဝိပါကံ၊ အကျိုးကို။ စေ ဇာနေယျုံ၊ အကယ်၍ သိကုန်ငြားအံ့။ ဧဝံ ဇာနန္တေသု၊ ဤသို့ သိကုန်သည်ရှိသော်။ တေ သတ္တာ၊ ထိုဒါန၏အကျိုးကို သိနေတဲ့ သတ္တဝါတို့သည်။

ငါဘုရားသိသလောက် သိနေတဲ့သတ္တဝါတို့သည်။ အဒတွာ၊ မပေးမလှူကုန်မူ၍၊ န ဘုဉ္ဇေယျုံ၊ မသုံးဆောင်ကြကုန်ရာ။ အဘုဉ္ဇိတွာ၊ မိမိစားဘို့ထားတဲ့အရာကို မစားကြကုန်မူ၍။ ဒဒေယျုံ၊ ပေးလှူကုန်ရာ၏။ နေသံ၊ ထိုဒါန၏အကျိုးဝိပါက်ကို သိနေတဲ့ သတ္တဝါတို့၏။ စိတ္တံ၊ အတွင်းစိတ်ကလေးကို။ မစ္ဆေရမလံ၊ မစ္ဆေရတည်းဟူသော အညစ် အကြေးသည်။ ပရိယာဒါယ၊ လုယက်၍။ န တိဋ္ဌေယျ၊ မတည်နိုင်ရာ။

အဲဒီလို ဟောထားတဲ့ ဒေသနာစကား ကျဉ်းကျဉ်းကလေးဘဲ။ ဆိုလိုရင်း အဓိပ္ပါယ်က ဒါနအ၏ကျိုး သံဝိဘာဂ၏အကျိုးနှစ်ပါးဘဲ။ ဒါနအကျိုးဆိုတာ ဆရာတော်အရှင်မြတ်တို့ကို လှူဒါန်းတာလဲ တရိတသေလှူဒါန်းတာကို ဆိုတယ်၊ သံဝိဘာဂဆိုတာ အချင်းချင်းဝေခြမ်း စားသောက်တာ သုံးစွဲတာကို ဆိုပါတယ်၊ အဲသလို ဒါန, သံဝိဘာဂ၏ အကျိုးကို ငါဘုရားသိသလောက်ကို သိရင် သင်တို့ဟာ မိမိတို့စားဘို့ထားတဲ့ အစာအာဟာရကို မစားဘဲ အငတ်ခံပြီး သူတပါးကို လှူပစ်ကြမှာဘဲ၊ မလှူဘဲ မတန်းဘဲ ဘယ်တော့မှ မစားဘူး မသုံးစွဲဘူးတဲ့။ ဘုဉ္ဇေယျုံ-အရ အစား စားတာချည်း မဟုတ်ဘူး၊ အားလုံးသုံးစွဲ တာချည်းဘဲ၊ မိမိပိုင်ပစ္စည်းကို သူများနဲ့ မဆက်ဆံအောင် မစ္ဆေရတရားက နှောင့်ရှက်နေတာကို အနှောက်အရှက်မခံဘဲနဲ့ သူများနဲ့တန်းတူ သစ်သီးတလုံးရလျှင် တခြမ်းစီ စားမယ်ဆိုတဲ့အနေနဲ့ ဝေခြမ်းပြီးတော့မျှတစားတာ၊ အဲသလို စားကြမှာချည်းဘဲတဲ့။

စေ ဇာနေယျုံ၊ အကယ်၍ သိကုန်ငြားအံ့။ အဒတ္တာ၊ မပေးမလှူကုန်မူ၍။ န ဘုဉ္ဇေယျုံ၊ မသုံးစွဲကြကုန်ရာ။ ဒီဒေသနာကို ပြောင်းပြန်လှန်ကြည့်။ စေ ဇာနေယျုံ၊ အကယ်၍ သိကုန်ငြားအံ့။ စေ န ဇာနေယျုံ၊ အကယ်၍ မသိကုန်ငြားအံ့။ အဒတ္တာဝ၊ မပေးမလှူကုန်မူ၍သာလျှင်။ ဘုဉ္ဇေယျုံ၊ မိမိချည်း စားသုံးပစ်ကြလေကုန်ရာ၏။ မသိတဲ့ပုဂ္ဂိုလ်တွေကတော့ သူများကို မပေးမလှူဘဲနဲ့ ကိုယ့်ချည်းစားပစ်မှာပေါ့ဆိုတဲ့ အဓိပ္ပါယ်ထွက်လာတယ်။ အဲဒီ ဒေသနာတော်များမှာ—စေ ဇာနေယျုံ-ဆိုတဲ့ စကားလုံးလေးလဲ ကြည့်အုန်း။ အကယ်၍ အလှူ၏အကျိုးကို ငါဘုရားသိသလို သိငြားအံ့ဆိုတယ်—စေ န ဇာနေယျုံ၊ အကယ်၍ မသိကုန်ငြားအံ့။ သိတာ မသိတာသာ ပမာန၊ ဒီတော့ မသိသူဟာ တွေဝေသူ မိုက်မဲသူ၊ သိသူဟာ ဉာဏ်ရှိသူဆိုရတယ်တဲ့။

ဒါ့ကြောင့် မလှူချင် မတန်းချင်တာဟာ မသိလို့ မလှူချင် မတန်းချင်တာလဲ ရှိတယ်၊ သိတဲ့ပုဂ္ဂိုလ်ကတော့ လှူချင်တန်းချင်တယ်ဆိုတဲ့ အဓိပ္ပါယ်ရတယ်။ သူများလှူတာတောင် မလှူအောင် မတန်းအောင် ကာဆီးတဲ့ပုဂ္ဂိုလ်များကျတော့ သူတို့မှာလဲဘဲ မသိဘူးလို့ ဆိုရမှာပေါ့၊ မလိမ္မာဘူးလို့ ဆိုရမှာပေါ့။ ဒါ့ကြောင့် ဗုဒ္ဓသာသနာဝင် လူရှင်အများတွေ အသိဉာဏ်ရဘို့ အရေးကြီးတယ်။ ကလျာဏမိတ္တခေါ်တဲ့ လမ်းမှန်ကို ညွှန်ကြားတဲ့ပုဂ္ဂိုလ်ကို ကလျာဏမိတ္တလို့ ဆိုတယ်။ ယခုနတုန်းက ပြောတဲ့ သံသရာရှည်စေတတ်တယ်ဆိုတဲ့ပုဂ္ဂိုလ် ဒို့ဘုန်းကြီးများနဲ့ အများအမြင်ပေါ့လေ၊ ဉာဏ်ရှိသူလို့ မဆိုနိုင်ဘူး၊ ပညာရှိတဲ့ ကလျာဏမိတ္တလို့ မဆိုနိုင်ဘူး၊ ပါပမိတ္တလို့

ဆိုရမယ်။ အဲဒါ မကောင်းတဲ့ အင်မတန်ဆိုးဝါးတဲ့ မိတ်ဆိုး များဖြစ်တယ်၊ ရန်သူနဲ့ တူတယ်၊ အင်မတန် ကြောက်ရတယ်။ သတ္တဝါတယောက်မှာ ကောင်းစားဘို့ မကောင်းစားဘို့ဆို တာ အပြင်ဘက်က အန္တရာယ် အဇ္ဈတ္တအတွင်းအန္တရာယ် ဤလို ရှိကြတယ်၊ အပြင်ဘက်က မိတ်ဆွေ အဇ္ဈတ္တအတွင်းက မိတ် ဆွေ၊ အပြင်ဘက်က အန္တရာယ်ဆိုတာ ဘယ်သူတုန်းဆိုတော့ ပါပမိတ္တ၊ အဲဒါ ယုတ်ညံ့တဲ့မိတ်ဆွေလို့ ဆိုတယ်။ မိတ်ဆွေ မကောင်းတာနဲ့ သွားတွေ့လို့ရှိရင် ကောင်းကျိုးတွေ ဆုတ် ယုတ်စေတတ်တယ်။ မိတ်ဆွေကောင်းတာနဲ့တွေ့ရင် ကောင်း ကျိုးတွေ တိုးပွါးစေတတ်တယ်။

ဒါ့ကြောင့် ပြင်ဘက်အကြောင်းအင်္ဂါမှာ ကောင်း, မကောင်း ပါပ ကလျာဏ နှစ်မျိုးရှိတယ်၊ မိတ်ဆွေကောင်း ပေါင်းမိမှ ကုသိုလ်တရား တိုးပွါးတယ်၊ မိတ်ဆွေဆိုး ပေါင်းမိ လို့ရှိရင် အကုသိုလ်တရား တိုးပွါးမယ်။ ဒါ့ကြောင့် ဆရာ သမား ဓမ္မကထိကစတဲ့ အရှင်မြတ်တွေထံမှာ ဆည်းကပ်တော့ ဤလို မတော်တာတွေ ဟောမိတယ်ဆိုရင် အဲဒီဟောတဲ့ပုဂ္ဂိုလ် ဟာ ပါပမိတ္တဖြစ်တယ်၊ တကယ်ကောင်းမွန်တဲ့ ဒေသနာကို ဟောပြလို့ နာယူရရင်ဖြင့် ကလျာဏမိတ္တနဲ့တွေ့တယ်လို့ ဆိုရ မယ်။ ဒါ့ကြောင့် စေ ဇာနေယျုံ-အရ အသိဉာဏ်မရှိသူတို့ အသိဉာဏ်ရှိမယ်ဆိုရင် လျှမှာဘဲ တန်းမှာဘဲလို့ ဒီလိုဆိုထား တယ်။ ပြီးတဲ့နောက် ဒီဥစ္စာဘာပြုလို့ ဘုရားရှင်သိသလောက် သိတယ် သိရမဲ့ အသိဉာဏ်ရှိရမလဲဆိုတော့ ဘုရားရှင်ကိုယ်တော် မြတ်ကမြင်တယ်။

ဒါနဥ္စ ယုဒ္ဓဥ္စ သမာနမာဟု=ဒါနဥ္စ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းကိုလည်း။ ယုဒ္ဓဥ္စ၊ ရန်သူစစ်သည်တို့နှင့် တိုက်ခိုက်ထိုးနှက်ရခြင်းကိုလည်း။ သမာနံ၊ ထပ်တူထပ်မျှဟူ၍။ အာဟု၊ ဟောတော်မူကုန်၏။ စစ်တိုက်တာရယ် ဒါနပြုတာရယ် ဤ ၂-ခုဟာ ယှဉ်ကြည့်ရင် အတူတူဘဲ။ အဓိပ္ပါယ်ကတော့ ဒါနပြုသူတွေဟာ စစ်ပွဲဝင်နေတယ်လို့ ဆိုရမယ်။ ဘာစစ်ပွဲ ဝင်နေတုန်း၊ အလှူဒါယကာကြီးများ စဉ်းစားဘို့လိုတယ်။ ယခုအလှူပွဲကြီး လုပ်မယ်ဆိုပြီးတော့ ကြိုးကြိုးစားစား ရက်ရှည်များစွာ အားထုတ်နေကြတယ်။ ဘယ်သူ့ ကို တိုက်မလို့တုန်းဆိုတော့ စစ်တိုက်တဲ့စစ်သားနဲ့ တူတယ်လို့ဆိုတာကိုး၊

ဒီတော့ ရန်သူကို တိုက်မလို့ ခိုက်မလို့ ကြိုးပမ်းနေကြတာ။ ယခုလဲဘဲ တိုက်ဆဲ တိုက်မလို့ဆိုပါတော့၊ ရန်သူကို တိုက်ရမယ်။ ဒါ့ကြောင့် စစ်သားများနဲ့ အလားတူတယ်။ စစ်သားဟာ အကယ်၍ အသက်သေမှာ ကြောက်ရင် အသက်ကို မစွန့်နိုင်ရင် စစ်သားကောင်း မပီသဘူး၊ စစ်သားလို့ မဆိုနိုင်ဘူး။ စစ်ပွဲဝင်တဲ့ ပုဂ္ဂိုလ်ဟာ အသက်စွန့်ပြီးဝင်မှ၊ အသက်ကိုနှမြောနေမယ် တွန့်တိုနေမယ် ကြောက်နေမယ် ဆိုရင် ဒီပုဂ္ဂိုလ်ဟာ စစ်ပွဲဝင်နိုင်တဲ့ ပုဂ္ဂိုလ်မဆိုနိုင်ဘူး၊ မဆိုနိုင်ရင် စစ်ပွဲအောင်နိုင်တဲ့ပုဂ္ဂိုလ်မဆိုနိုင်ဘူး၊ စစ်ပွဲအောင်မှာမဟုတ်ဘူး။ စစ်ရှုံးသွားမှာဘဲ အောင်ပွဲမရနိုင်ဘူး။ ထိုနည်းအတူ အလှူဒါနပြုမဲ့ပုဂ္ဂိုလ်ဟာ မိမိတို့ အဇ္ဈတ္တသန္တာန်မှာ ရန်သူရှိတယ်၊ အဲဒီရန်သူဟာဘယ်သူတုန်းဆိုတော့ မစ္ဆေရ ဝန်တိုခြင်းဘဲ၊ ကြားလား။ ကိုယ့်ပစ္စည်းလေးများကျရင် သူများကိုင်တာတောင် မကြိုက်ဘူး၊ မိမိစုံမက်တဲ့ ပစ္စည်းတခုဆိုပါတော့။ ငှါးပါဆိုရင် မငှါးနိုင်ဘူး မပေးနိုင်ဘူး၊ အဲသလို မပေးနိုင်ဘဲ

ဝန်တိုနေမှုဟာ မစ္ဆေရလို့ခေါ်တယ်။ ဒီမစ္ဆေရဆိုတာ ဘယ်သူ့ကြောင့် ပေါ်လာတုန်းလို့ စစ်ဆေးတဲ့အခါကျတော့ အတွင်းရန်သူတဲ့။

ယခုနပြောတဲ့ ပါပမိတ္တ, ကလျာဏမိတ္တ ရှိတဲ့အထဲက ပါပမိတ္တပါဘဲ၊ အဇ္ဈတ္တမှာ ဝန်တိုနေတဲ့ စိတ်ကလေးဟာ ဘယ်သူ့ကြောင့် ဖြစ်ပေါ်လာသတုန်းဆိုတော့— အယောနိသော မနသိကာရ–စာပေများမှာ မသင့်တော်မလျော်အောင် နှလုံးသွင်းမှု ဆင်ခြင်စဉ်းစားမှုကို အယောနိသော မနသိကာရလို့ခေါ်တယ်။လမ်းရိုးလမ်းမှန်မဟုတ်ဘဲနဲ့ နှလုံးသွင်းတာကို အယောနိသော မနသိကာရတဲ့၊ ပါဠိလိုဆိုနေတယ်။ နှလုံးသွင်းက ဘယ်လို နှလုံးသွင်းပစ်ရမလဲလို့ ဆိုလို့ရှိရင် လူ့မှုတန်းမှုပုဂ္ဂိုလ်များမှာ သူကဘယ်လို နှလုံးသွင်းခိုင်းနေသလဲဆိုတော့ သင်ဟာ ဒီဟာကြီး လှူပစ်လို့ရှိရင် သင်မသုံးရတော့ဘူး၊ သင်မစားရတော့ဘူး၊ သင့်ပစ္စည်းတွေ စုဆောင်းထားတာတွေ ကုန်သွားမှာပေါ့။ နှစ်ကာလကြာမြင့်စွာ လုံးပမ်းကြိုးကုတ် အားထုတ်စုဆောင်းထားတဲ့ ပစ္စည်းတွေကုန်သွားမှာပေါ့။ သင်ဘာအကျိုးရမှာတုန်း စသည်ဖြင့် မသင့်မတော် နှလုံးသွင်းတော့ ဟိုနှစ်ကျရင် ဒို့ချောင်ချောင်ချိချိစားရအောင် ထားအုန်းမှဘဲဆိုတဲ့ နောက်ကာလအတွက် ကြောင့်ကြမှုကလေးတွေကို ပြပေးလိုက်၊ ဒီလိုပြပေးတော့ ဝန်တိုမှု ဖြစ်လာတာပေါ့။ ဝန်တိုမှုဆိုတဲ့ မစ္ဆေရစိတ် ဖြစ်နေတာပေါ့။ အဲဒီလို ဖြစ်ခြင်းဟာ ဘယ်သူတုန်း ဆိုတော့ အတွင်းရန်သူ–အယောနိသော မနသိကာရဘဲ။

ဒါ့ကြောင့် အတွင်းရန်သူ တယောက်, အပြင်ရန်သူ တယောက် ဝိုင်းပြီး နှောင့်ရှက်ရင် ဒီအလှူ အတန်းဟာ အောင်မြင် ထမြောက်ဘို့ ခဲယဉ်းတယ်။ အတွင်းရန်သူ၏ အကြောင်းကား – အယောနိသော မနသိကာရ၊ အတွင်း ရန်သူဟာ – မစ္ဆေရ, ဝန်တိုမှုဘဲ၊ အဲဒါကို ဆိုတယ်။ ဒီဝန်တိုမှု ဆိုတဲ့ မစ္ဆေရဟာ စိတ်ကို သူဘယ်လိုလုပ်နေမလဲ ဆိုတော့ ညစ်ပတ်အောင် ပုပန်အောင် ဆင်းရဲအောင် လုပ်ပေးနေ တယ်။ ဒီမစ္ဆေရတရားဆိုးတွေ ကိန်းအောင်းနေသမျှ ကာလ ပတ်လုံး ဝဋ္ဋဆင်းရဲမှ ထွက်မည်မဟုတ်။ ထိုထိုဘဝသံသရာ ကျင်လည်တဲ့အချိန်အခါမှာ ဥစ္စာပစ္စည်း ဓနအင်အားပေါများ ကြွယ်ဝဘို့ မဖြစ်နိုင်။ မွဲတေပြီးတော့ အစာအာဟာရ ဆင်းရဲ နွမ်းပါးပြီးတော့ နေကြမယ်။ သူသည် အဲသလို ဆင်းရဲမွဲတေ အောင် လုပ်ပေးတတ်တယ်၊ မစ္ဆေရရန်သူဘဲ။ အတွင်းရန် သူထဲပါတယ်။ အဲဒီ ရန်သူကြီးကို လက်ခံသိမ်းပိုက်ထားမယ် ဆိုရင် လှူဖြစ်မှာ မဟုတ်ဘူးပေါ့။ အလှူရှင်များမှာ ဒီရန် သူကို တိုက်ခိုက်ကြတယ်လို့ ဆိုရမယ်။

ဒါ့ကြောင့် – န စ နေသံ မစ္ဆေရမလံ စိတ္တံ ပရိယာဒါယ တိဋ္ဌေယျ = နေသံ၊ ထိုဘုရားရှင် သိသလောက် ဒါန၏အကျိုး ကို သိသောပုဂ္ဂိုလ်တို့၏။ စိတ္တံ၊ စိတ်ကို။ မစ္ဆေရမလံ၊ မစ္ဆေရ တည်းဟူသော အညစ်အကြေး ချေးညှော်သည်။ ပရိယာ- ဒါယ၊ လုယက်၍။ န တိဋ္ဌေယျ၊ မတည်နိုင်ရာ။ အဲသလို မတည်ဘူးဆိုမှုဖြင့် မစ္ဆေရရန်သူဟာ သွားရော့ပေါ့။ စိတ်ကို မနှစ်သက်နိုင်တော့ဘူးတဲ့။ မနှစ်သက်နိုင်တဲ့အတွက် မစ္ဆေရ ရန်သူ ရှုံးပြီးတော့ ဘုန်းဘုန်း လဲသွားတာဘဲတဲ့။ စစ်ပွဲ

အောင်ပြီ။ မစ္ဆေရရန်သူနှင့် အလှူ့ရှင် ဒကာ ဒကာမတို့၏ ကောင်းမှုကုသိုလ် စစ်ပွဲ ပြိုင်တဲ့အခါ စေတနာ ထမြောက် သွားရင် စေတနာက အောင်ပွဲရသည်၊ မစ္ဆေရရှုံးသွားသည်။ အဲဒါကြောင့် ဒါနဥ္စ ယုဒ္ဓဥ္စ သမာနမာဟု – လို့ သံယုတ် ပါဠိတော်မှာ ဟောတယ်။ **စစ်ထိုးတာရယ် ပေးလှူတာရယ် ထပ်တူထပ်မျှ ဖြစ်တယ်လို့** အဲသလိုဟောတယ်။

ဒါ့ကြောင့် လှူတဲ့ အချိန်အခါမှာ စစ်ပွဲတော့အောင်ပြီ မစ္ဆေရရန်သူကို အောင်ကြပေပြီ၊ ဒီလိုမှ အတွင်း အဇ္ဈတ္တ သန္တာန်၌ရှိတဲ့ ကိလေသာရန်ကို အောင်ပွဲမခံဘူးတဲ့ ပုဂ္ဂိုလ် များဟာ အင်မတန် ရှုန့်ရင်းကြမ်းတမ်းတဲ့ အထက်ထက် ကိလေသာတွေကို တိုက်ဘို့ ခိုက်ဘို့ ရှိတယ်၊ သံသရာခရီး ကျင် လည်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီရန်သူတွေကို တိုက်ခိုက်ပြီးတော့ သွားမှ လမ်းကြောင်းလဲ အောင်မြင်မယ်၊ ဝဋ္ဋဆင်းရဲမှလဲ ထွက်မြောက်နိုင်တယ်။ ဒို့ နိဗ္ဗာန်ရောက်အောင်ဆိုရင် ဘာလဲ ဆိုတော့ ကိလေသာရန်သူတွေကို အကုန်လုံးချေမှုန်းဖျက်ဆီး သတ်ဖြတ်မှ နိဗ္ဗာန်ဆိုတဲ့အာရုံကို ရနိုင်တယ်။ မဂ်ခရီးကို နှင်နိုင် တယ်တဲ့။ ဒီတော့ ဒို့ ဗုဒ္ဓဘာသာဖြစ်သည့်အတိုင်း ဘုရားရှင် ဟောပြတဲ့ နိဗ္ဗာန်ဆိုတာရှိတယ်၊ ဝဋ္ဋဒုက္ခငြိမ်းသတဲ့။ အဲဒီ နိဗ္ဗာန်ရောက်အောင် သွားဘို့ဆိုတဲ့ လမ်းကြောင်းတွေကို ရည်မှန်းပြီးတော့ ဒါနမှုပြုခဲ့တယ်။ ဟောဒီမှာ အစစွာ မစ္ဆေရ ရန်သူကို သတ်ဘူးဖြတ်ဘူးပြီ။ သတ်တယ်ဆိုပေမဲ့ ဒို့ ကုသိုလ် စေတနာက ဘေးနားဖယ်ရှားသွားရော၊ မလာနဲ့အုန်းဆိုပေမဲ့ တော်တော်ကြာတော့ ပြန်လာတတ်သေးတယ်၊ အပြီးအပြတ် သတ်ရမဲ့အချိန် ကြုံကြရလိမ့်အုန်းမယ်။ သူ့ကိုအောင်ပွဲတွေ

ခဏခဏရမှ စစ်ပွဲတွေ အောင်ပါများလာတော့ကာ ရန်သူ တွေကို အပြီးသတ်သွားအောင် ကျူပင်ခုတ် ကျူငုတ်မကျန် အောင် အကုန်လုံးချေမှုန်းနိုင်တဲ့ ဘဝမျိုး ရောက်အောင် လေ့ကျင့်ခန်းတွေ ဝင်ရအုန်းမှာ၊ အဲဒါကြောင့် ယခုပြုလုပ် တာဟာ စစ်ပွဲတပွဲ အောင်နိုင်အောင် အလေ့အကျင့်ယူတာ ပါဘဲတဲ့။ နောက် သတ်စရာတွေ အပုံကြီး ရှိသေးတယ်၊ မိမိတို့ စိတ်ထဲမှာ စိတ်ဆိုး စိတ်မိုက် စိတ်ယုတ်မာ စိတ်ကြမ်း တွေဟာ ဘယ်လောက် များပြားတယ်ဆိုတာ စဉ်းစားပြီး တော့ အဲဒီ မိမိတို့စိတ် မိမိတို့ ပြန်ကြည့်ပေါ့။

တသ္မာ တိဟ ဘိက္ခဝေ သကံ စိတ္တံ အဘိဏှံ ပစ္စဝေက္ခိ- တဗ္ဗံ သံကိလိဋ္ဌမိဒံ စိတ္တံ ရာဂေန ဒေါသေန မောဟေန= ဘိက္ခဝေ၊ ရဟန်းတို့။ တသ္မာ၊ ထို့ကြောင့်။ သကံ စိတ္တံ၊ မိမိ စိတ်ကို။ အဘိဏှံ၊ မပြတ်မလပ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ် ၏၊ အဖန်တလဲလဲ ကြည့်ရှုအပ်၏။ ရာဂေန၊ ရာဂရန်သူ ရာဂ အညစ်အကြေးသည်ရှင်း။ ဒေါသေန၊ ဒေါသ အညစ်အကြေး သည်ရှင်း။ မောဟေန၊ မောဟရန်သူ မောဟအညစ်အကြေး သည်ရှင်း။ ဣဒံ စိတ္တံ၊ ဤ စိတ်ကို။ သံကိလိဋ္ဌံ၊ အမြဲမပြတ် နှိပ်စက်အပ်၏, ပူပန်စေအပ်၏, ညစ်ပတ် ပေတေနေအောင် ပြုအပ်၏။ စိတ်ကို ညစ်ပတ်ပေတေနေအောင် ဘယ်သူလုပ် သလဲဆိုတော့ ရာဂရယ်, ဒေါသရယ်, မောဟရယ်၊ အဲဒီတရား သုံးပါးက လုပ်ပေးနေတာ။

ဒါကြောင့် မိမိစိတ်ကို မိမိပြန်ပြန်ကြည့်ပါအုန်း။ ကိုယ့်စိတ် ကလေးဟာ ဘာဖြစ်နေတုန်းဆိုတာ စိတ်ကိုပြန်ကြည့်ရတယ်။ ကိုယ်ဝတ်ထားတဲ့ အဝတ်အထည်ကလေးဖြင့် ညစ်နေပြီဆိုရင်

ညစ်လို့ ဖွပ်ကြ လျှော်ကြတယ်၊ စိတ်ကလေးများ ကိုတော့ လျှော်ဘူးသလား။ ညစ်နေတယ်လို့ဆိုပြီး သိလို့ လျှော်များ လျှော်ဘူးသလား။ အဲဒီဟာ လျှော်ဖို့ အရေးကြီးတယ်။ အတွင်းစိတ်ကလေးဟာ နဂိုရ်တုန်းက–ပဘဿရမိဒံ ဘိက္ခဝေ· တဲ့၊ အင်မတန် စင်ကြယ်နေတဲ့ ပဋိသန္ဓေ နေပြီးတဲ့နောက် ဘဝင် အဆက်ဆက် ပေါ်လာကတည်းက ဖွေးဖွေးကလေး ပုလဲ ကလေးလို စင်စင်ကြယ်ကြယ် ပေါ်လာတဲ့စိတ်ဘဲ။ တဖြည်း ဖြည်းနဲ့ ရာဂ,ဒေါသ,မောဟတွေနဲ့ ဝင်ပြီးနှိပ်စက်လို့ ဒီစိတ်ဟာ မဲညစ်လို့သွားတယ်၊ ညစ်ပတ်ပေတေနေတယ်။ ပဋိသန္ဓေနေ ပြီးတဲ့နောက်က စပြီးတော့ ဖြူလိုက်မဲလိုက် ဖြူလိုက်မဲလိုက်နဲ့ လာခဲ့တာမှာ အချင်းခပ်သိမ်း အဖြူချည်း မဖြစ်ကြပေဘူး။ အဖြူနဲ့အမဲ ဘယ်သူကများသတုန်းလို့ ဒါလဲကြည့်စမ်းရမယ်။ မိမိစိတ်ဟာ ကုသိုလ်တွေနဲ့ အမြဲနေသလား။ သို့မဟုတ် အကုသိုလ်တွေနဲ့ဘဲ အမြဲနေသလား ရံဖန်ရံခါ ကုသိုလ်လဲဖြစ် အကုသိုလ်လဲဖြစ် ထိုသို့ဖြစ်တဲ့ ကုသိုလ် အကုသိုလ်တို့သည် ဘယ်သူကများသလဲစသည်ဖြင့် ဒီလိုဟာတွေ ကြည့်ရပေလိမ့် မယ်နော်။ အဲဒီလိုကြည့်တဲ့ အချိန်အခါကျတော့ ဥပမာတခု ပြောပြမယ်—— ပွဲကြည့်တယ်ဆိုပါစို့၊ ပွဲကြည့်ရင် တညလုံး ညလုံးပေါက် လင်းသည်အထိဖြစ်နေတဲ့စိတ်ဟာ ဘာစိတ်လို့ ခေါ်မလဲ မဲတဲ့စိတ်လား ဖြူတဲ့စိတ်လားတဲ့၊ စဉ်းစားကြည့်ပါ။ ထိုမျှလောက် အချိန်ကာလကြီး ရှည်လျားအောင် ပွဲကြည့် နေတဲ့စိတ် တညလုံးမအိပ်ဘဲ ကြည့်နိုင်တဲ့စိတ်ဟာ စိတ်ညစ် တွေလား စိတ်ဖြူတွေလား တပ်မက်စရာရှိရင် တပ်မက်လိုက် မယ်၊ သာယာစရာရှိရင် သာယာပစ်လိုက်မယ်။ လူကြမ်းနဲ့ တွေ့လို့ စိတ်ဆိုးစရာရှိရင် စိတ်ဆိုးပစ်လိုက်ပြီ၊ ဟော——

သာယာတာရယ်, စိတ်ဆိုးတာရယ် နှစ်မျိုးဘဲ။ အဲဒီတရား တွေနဲ့ ဒလစပ် တညလုံး မအိပ်ဘဲနဲ့ ပြုလုပ်နေတဲ့စိတ်ကလေး ဟာ စိတ်မဲ့လို့ဆိုရမှာပေါ့။ ဒီလိုမဟုတ်ဘဲနဲ့ တရားဓမ္မထိုင်ပြီး စာဖတ်လို့ဖြစ်စေ, ကမ္မဋ္ဌာန်းတရားနာလို့ဖြစ်စေ ဒီလိုကောင်း တဲ့ အလုပ်ကလေးများ လုပ်ရင်တော့ တနာရီလောက်ဆိုရင် တော်တော်ညောင်းပစ်ကြသည်။ ဟိုဟာကြီးကျတော့ တည လုံးတောင် မညောင်းနိုင်ဘူးတဲ့။ ဒီတော့ ဘယ်သူကများ သလဲ ဆိုတာ ချင့်ချိန်နိုင်လောက်ပါပြီနော်။

စိတ်မဲ့နဲ့ စိတ်ပြု မိမိတို့သန္တာန်မှာ အမဲတွေကများတယ် ဆိုတာ ချင့်ချိန်လို့ရပါတယ်။ ဥပမာတခု ပြောအုံးမယ်—— တစုံတယောက်က မိမိကို မတော်မတရား မခံချင်အောင် ပြု လုပ်တဲ့အတွက် ဒေါသများဖြစ်ပြီလို့ဆိုရင် ယခုတရားနာနေ တဲ့ ပရိသတ်တွေတွေ့ဘူးမှာဘဲ။ စိတ်ဆိုး စိတ်မိုက်တွေဝင်လို့ ဒေါသတွေဖြစ်ပြီးတော့ နထင်တွေပူပြီး ညများအိပ်လို့ မရ ဘူး။ သွားရင်းလာရင်းလဲ သူ့အမှတ်ရနေတာဘဲ၊ စားရင်း သောက်ရင်းလဲ သူ့အမှတ်ရနေတာဘဲ၊ အိပ်နေတဲ့အခါကျ တော့ အိပ်မပျော်ဘူး၊ ဘဝင်တောင်ကျလို့မဖြစ်ဘူးတဲ့၊ အိပ် မပျော်အောင် ဒေါသထွက်တယ်။ အဲဒါ တညလုံးလုံးလဲနေ တယ် နှစ်ညလုံးလုံးလဲနေတယ်တဲ့၊ ဟော—ပြုတဲ့စိတ်ကလေး မွေးမြူတဲ့ အချိန်အခါကျတော့ ဒီလိုမနေဘူး။ စားတုန်း သောက်တုန်း မပါဘူး သွားတုန်းလာတုန်းမပါဘူး—နော်။ ညအိပ်တဲ့ အချိန်ကျတော့ ထိုင်မှတ်ပြီး ထွက်သက်ဝင်သက် မှတ်မှတ် ပုတီးစိတ်စိတ်ပေါ့၊ တော်တော်ကြာတော့ အိပ်ပျော် သွားရော၊ အဲသလောက် မသန့်စွမ်းဘူး။ ဒါ့ကြောင့်—

ပါပသ္မိံ ရမတိ မနော = မနော၊ စိတ်သည်။ ပါပသ္မိံ၊ မကောင်းမှု၌။ ရမတိ၊ မွေ့လျော်၏။ ပါပသ္မိံ၊ အမဲဘက်၌ အညစ်ဘက်၌။ ရမတိ၊ မွေ့လျော်၏။ မကောင်းတဲ့ဘက်၌ မွေ့လျော်တယ်၊ ဘာနဲ့အလားသဏ္ဌာန် တူသတုန်းဆိုတော့ – တောင်ပေါ်မှာ ရွာချတဲ့ မိုးရေနဲ့တူတယ်တဲ့။ တောင်ပေါ်မှာ ရွာချတဲ့ မိုးရေဟာ ဘယ်သွားတုန်း၊ အောက်ကို စီးဆင်း သွားတယ်၊ တောင်ပေါ်မှာ တင်မနေဘူး၊ အဲ–စိတ်ကလေး ဟာလဲဘဲ နိမ့်ရာသို့ချည်း စီးဆင်းသွားနေတယ်၊ နိမ့်ရာ ဘက်ကို လျှောက်သွားတော့တာဘဲ၊ နိမ့်ရာဆိုတာ မကောင်း တဲ့အမဲဘက်ကို ဆိုလိုတယ်၊ အဲဒီ နိမ့်ရာဘက်ကို ဆင်းဆင်း သွားတာဟာ သူ့သဘာဝဘဲ၊ ပုထုဇဉ်စိတ်တို့ရဲ့ သဘာဝဘဲ၊ နိမ့်ရာဘက်ချည်း အမြဲကိုင်းညွတ်နေတော့တယ်၊ မြင့်ရာကို တက်အောင်ဟာ အင်မတန်ကြိုးစားမှ တက်ပါတယ်တဲ့၊ ကြိုး စားမှုဟာလဲ အင်မတန် အရေးကြီးတာဘဲ။

ဒါ့ကြောင့် ကိုယ့်စိတ်ကလေးကို ကိုယ်ပြန်ပြန်ကြည့်ပါ၊ ပြန်ပြန်ကြည့်တဲ့အခါ အညစ်အကြေးတွေ တွေ့လိမ့်မယ်၊ တွေ့ တဲ့အခါကျတော့ ၎င်းအညစ်အကြေးတွေကို လျှော်ဘို့ဖွပ်ဘို့ ကြိုးစားရမယ်၊ အလှူရှင်ပုဂ္ဂိုလ်များမှာ ယနေ့အောင်ပွဲ ရတယ်လို့ ဆိုရမှာပါဘဲနော်၊ မစ္ဆေရကို အောင်ပွဲရပြီးပြီ၊ မစ္ဆေရနဲ့ အလားတူတဲ့ ကိလေသာရန်တွေကို အောင်နိုင် အောင် မိမိသန္တာန်မှာ မည်သည့်စိတ်တွေ ဖြစ်နေပြီဟု သိပြီး တော့ အဲဒီတရားဆိုးတွေကို ဖယ်ပစ်ဘို့ရန် ကြိုးစားရပေလိမ့် မယ် ကြိုးစားကြပါ၊ အဲဒါက ဒါနရဲ့အကျိုးနဲ့ ပတ်သက်ပြီး

တော့ ကိလေသာကို ဒါနက သတ်ပုံကို ပြောပြပါတယ်၊ ဒါန ပြုလုပ်ပုံ အနည်းငယ်ပြောပါအုံးမယ်၊ ပြုလုပ်နည်း—

ဆဋ္ဌင်္ဂသမန္နာဂတာ ဘိက္ခဝေ ဒက္ခိဏာ မဟပ္ဖလာ မဟာ-နိသံသာ=ဘိက္ခဝေ၊ ရဟန်းတို့။ ဆဋ္ဌင်္ဂသမန္နာဂတာ၊ အင်္ဂါ ခြောက်ပါးနှင့်ပြည့်စုံသော။ ဒက္ခိဏာ၊ အလှူသည်။ မဟပ္ဖ-လာ၊ များသောအကျိုးရှိ၏။ မဟာနိသံသာ၊ များသော အာနိသင်ရှိ၏။ အလှူဒါနပြုတဲ့အခါမှာ ဤအင်္ဂါခြောက်ပါး နဲ့ပြည့်စုံအောင် လုပ်ရမယ်။ အင်္ဂါခြောက်ပါး ပြည့်စုံအောင် လုပ်တော့ ဘာအကျိုးရှိသလဲဆိုရင်—

သေယျထာပိ ဘိက္ခဝေ မဟာသမုဒ္ဒေ န သုကရံ ဥဒကဿ ပမာဏံ ဂဟေတုံ=ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာကား။ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌။ ဥဒကဿ၊ ရေ၏။ ပမာဏံ၊ အတိုင်းအရှည် ပမာဏကို။ ဂဟေတုံ၊ ယူခြင်းငှါ။ န သုကရံ၊ မလွယ်ကူ။ မဟာသမုဒ္ဒရာထဲက ရေတွေကို ဘယ်လောက်များတယ်လို့ဆိုတာ ချင့်ချိန်တိုင်းတာတို့ မလွယ် ဘူး။ သို့ပေမဲ့—တနည်းနည်းအားဖြင့် ဂါလံပေါင်းဘယ် လောက်ရှိ၏၊ တင်းတောင်းပေါင်း ဘယ်လောက်ရှိ၏လို့ သိန်း ဂဏန်း,သန်းဂဏန်းနဲ့ သိန်းပေါင်းတရာ ရှိ၏လို့ စသည်ဖြင့် ချင့်ချိန်မယ်ဆိုရင် မဟာသမုဒ္ဒရာထဲကရေကို ချင့်ချိန်လို့ ရနိုင် စရာရှိပါတယ်။ ဟော—မရနိုင်တာက ဘာလဲဆိုတော့— ဆဋ္ဌင်္ဂသမန္နာဂတာယ ဒက္ခိဏာယ န သုကရံ ပမာဏံ ဂဟေ-တုံ=အင်္ဂါခြောက်ပါးရှိတဲ့ အလှူရဲ့ ကောင်းကျိုးပမာဏကို တော့ မချင့်ချိန်နိုင်ဘူး။ ကောင်းကျိုးပမာဏ မဆိုထားနဲ့၊ အလှူဒါန စေတနာကလေးတောင် ဘယ်လောက်ရှိတယ်လို့

ဘယ်သူမှ တိုင်းတာလို့မရဘူး။ ငါဘုရားတောင် တိုင်းတာလို့ မရဘူးလို့ဆိုတယ်၊ ဒီလောက်ကြီးမားတဲ့ ဒက္ခိဏာဆိုတာ အလှူကိုဆိုတယ်နော်၊ အလှူဒါနစေတနာကိုဘဲ ကောက်ယူပါတော့၊ ဒီမှာ ဒါနစေတနာဟာ အင်္ဂါခြောက်ပါးနဲ့ ပြည့်စုံအောင်လုပ်ရင် ဘယ်လောက်အကျိုးကြီးတယ်ဆိုတာ ချင့်ချိန်တိုင်းတာလို့ မရနိုင်ဘူးတဲ့။ အဲသလို မရအောင် မွန်မြတ်တယ်။ သမုဒ္ဒရာရေကို တိုင်းတာလို့မရသလို၊ အင်္ဂါခြောက်ပါးနဲ့ ပြည့်စုံတဲ့ဒါနကိုတိုင်းတာလို့ မရဘူး။ ဒီတော့ အင်္ဂါခြောက်ပါးနဲ့ ပြည့်စုံအောင်လှူဘို့ အလှူဒကာ အလှူအမများ သတိထားရမယ်၊ ဤဒေသနာကတော့ အရပ်ရပ် အနယ်နယ်မှာ ဟောလဲ ဟောနေကျ ပြောနေကျ ဒေသနာပါဘဲ။

သို့ပေမဲ့ လှူခါနီး တန်းခါနီး သတိရအောင် ဘုန်းကြီးက ဟောတာပါ၊ အဲဒီမှာ အလှူခံပုဂ္ဂိုလ် အင်္ဂါသုံးပါး, အလှူပေးပုဂ္ဂိုလ် အင်္ဂါသုံးပါးဆိုတော့ သုံးပါး နှစ်လီခြောက်ပါးပေါ့။ ဆဠင်္ဂသမန္နာဂတ = အင်္ဂါခြောက်ပါးဆိုတယ်။ ရှေးဦးစွာ အလှူခံပုဂ္ဂိုလ် အင်္ဂါသုံးပါး ပြောကြအုံးစို့ရဲ့။ အလှူခံပုဂ္ဂိုလ် အင်္ဂါသုံးပါးဆိုတာ ဘာတုန်းဆိုတော့— ဝီတရာဂေါ ဝါ ရာဂဝိနယာယ ပဋိပန္နော ဝါ-တဲ့ ဘုရားရှင်က အင်္ဂါတရပ်လို့ဟောတယ်။ ဝီတရာဂေါ ဝါ၊ ကင်းသောရာဂရှိသော ရဟန္တာပုဂ္ဂိုလ်သည် သော်လည်းကောင်း။ ဟောတု၊ ဖြစ်ပလေစေ။ ရာဂဝိနယာယ၊ ရာဂကိလေသာ လောဘဆိုတဲ့ ကိလေသာတရားဆိုးကို ပယ်နိုင်ဖျောက်နိုင်တဲ့ အကျိုးငှါ။ ပဋိပန္နော ဝါ၊ ကျင့်နေတဲ့ပုဂ္ဂိုလ်သည်သော်လည်းကောင်း။ ဟောတု၊ ဖြစ်ပလေစေ။ ရာဂ

ကင်းတဲ့ပုဂ္ဂိုလ်၊ သို့မဟုတ် ရာဂကင်းအောင် ကျင့်နေတဲ့ ပုဂ္ဂိုလ်။ အဲဒါ အင်္ဂါတရပ်။

ဝီတဒေါသော ဝါ ဒေါသဝိနယာယ ပဋိပန္နော ဝါ= ဝီတဒေါသော ဝါ၊ ဒေါသကင်းသောပုဂ္ဂိုလ်သည် သော်လည်းကောင်း။ ဒေါသဝိနယာယ၊ ဒေါသကင်းရန် အကျိုးငှါ။ ပဋိပန္နော ဝါ၊ ကျင့်နေသူသည် သော်လည်းကောင်း။ ဟောတု၊ ဖြစ်ပလေစေ။ အဲဒါ အင်္ဂါတရပ်ဘဲ။ ဒေါသကင်းအောင် ကျင့်နေတဲ့ပုဂ္ဂိုလ်လို့ ဆိုလိုတယ်။ ဒေါသကင်းပြီးဖြစ်တဲ့ ပုဂ္ဂိုလ် ဒေါသကင်းအောင် ကျင့်နေတဲ့ ပုဂ္ဂိုလ် အင်္ဂါတရပ်။

ဝီတမောဟော ဝါ မောဟဝိနယာယ ပဋိပန္နော ဝါ= မောဟကင်းပြီးဖြစ်တဲ့ ပုဂ္ဂိုလ် မောဟကင်းအောင် ကျင့်နေတဲ့ပုဂ္ဂိုလ် အဲဒါ အင်္ဂါတရပ်။ ဒီတော့ ယခု ခေတ်ထဲမှာ ရာဂ, ဒေါသ, မောဟကင်းတဲ့ ပုဂ္ဂိုလ်တွေ ရှိချင်လဲရှိပေလိမ့်မယ်ပေါ့။ သို့ပေမဲ့ ယခုမျက်မြင် ဘုရားရှင်၏ တပည့်သားသာဝကပုဂ္ဂိုလ်တွေဟာ အားလုံးရာဂကင်းအောင် ကျင့်နေတဲ့ အင်္ဂါတရပ်နဲ့လဲ ပြည့်စုံကြတယ်။ ဒေါသကင်းအောင် ကျင့်နေတဲ့ အင်္ဂါတရပ်နဲ့လဲ ပြည့်စုံကြတတ်။ မောဟကင်းအောင် ကျင့်နေတဲ့ အင်္ဂါတရပ်နဲ့လဲ ပြည့်စုံကြတယ်၊ ဤသို့ အင်္ဂါ သုံးပါးနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်များ ဖြစ်နေကြသည်။

ယခု သာသနာတော် ထွန်းကားနေတဲ့အချိန်မှာ ရာဂ, ဒေါသ, မောဟကင်းအောင် ကျင့်နေတဲ့ ပုဂ္ဂိုလ်တွေဟာ အခု ရဟန်းသံဃာတော်များလဲ ကျင့်ကြတာဘဲ။ ဟောဒီ အလှူရှင်ကြီးများက ဖိတ်ကြားပြီးတော့ ကျွေးမဲ့ မွေးမဲ့ လူ

ပုဂ္ဂိုလ်တွေကလဲဘဲ သရဏဂုံသီလ ဆောက်တည်လို့ပါဘဲ၊ သီလ ဆောက်တည်တာ ဘာ့ကြောင့် ဆောက်တည် ဆောက်တည် တရားဆိုးတွေ မိမိတို့သန္တာန်မှာ ကင်းအောင်လို့ ကျင့်သုံး ဆောက်တည်တာဘဲ၊ ဘုရား, တရား, သံဃာ ရတနာသုံးပါး ကို ကိုးကွယ်တာ ဘာ့ကြောင့် ကိုးကွယ် ကိုးကွယ် ဘုရားရှင် ဟောတော်မူတဲ့ တရားတော်ကို ကျင့်သုံးပြီး ရာဂ, ဒေါသ, မောဟ ကင်းအောင်ကျင့်နေတဲ့ ပုဂ္ဂိုလ်တွေဘဲ၊ အဲ–အလှူခံ ပုဂ္ဂိုလ်တွေကတော့ ယခုခေတ်ထဲမှာ အင်္ဂါလုံလောက်ကြပါ ပေတယ်၊ သာသနာ ကွယ်သွားတဲ့ အချိန်အခါကျတော့ သရဏဂုံ တည်တဲ့ပုဂ္ဂိုလ်ရမလား ရှာလို့တွေ့ပါ့မလား၊ ယခုလို သာသနာတော် ထွန်းကားတဲ့ အချိန်အခါမှာသာ သရဏဂုံ တည်တဲ့ပုဂ္ဂိုလ် ရနိုင်တယ်၊ ငါးပါးသီလ လုံခြုံအောင် ထိန်း သိမ်းတဲ့ ပုဂ္ဂိုလ်တွေ ရနိုင်တယ်၊ ဆယ်ပါးသီလ လုံခြုံအောင် ထိန်းသိမ်းတဲ့ပုဂ္ဂိုလ်တွေ ရနိုင်တယ်၊ အဆင့်ဆင့် တက်ပြီး တော့ ဆယ်ပါးသီလလုံခြုံအောင် ထိန်းသိမ်းတဲ့ ရှင်သာ မဏေများ ရနိုင်တယ်၊ ထို့ထက် ဘာတွေ ရနိုင်သေးတုန်း ဆိုတော့ နှစ်ရာ့နှစ်ဆယ်ခုနစ်သွယ် သိက္ခာပုဒ်တော်များကို ကျင့်သုံးနေကြတဲ့ အရှင်မြတ်ကြီးတွေကို လှူဘို့ရာ တန်းဘို့ရာ ပင့်လို့ရနိုင်တယ်၊ အလှူခံပုဂ္ဂိုလ်တွေ ကြွပါလို့ပင့်ထားလို့ ရတယ်၊ အလှူပြုလုပ်နိုင်တယ်။ အဲဒါ သာသနာတော်ကြီး ထွန်းကားတဲ့အချိန်အခါမို့ ရှိတာ၊ သာသနာမရှိတဲ့ အချိန် အခါမှာ မရဘူး၊ အလှူခံပုဂ္ဂိုလ် အင်္ဂါဘက်ကတော့ လုံ လောက်ပါပြီ၊ အင်္ဂါသုံးရပ် ပြည့်စုံကြပါပြီ။

အလှူပေးတဲ့ ပုဂ္ဂိုလ်များကလဲ အင်္ဂါသုံးရပ် ရှိရမယ်တဲ့၊ အဲဒီအင်္ဂါသုံးရပ်က ဘာတွေတုန်း ဆိုတော့—ပုဗ္ဗေဝ ဒါနာ သုမနော=ဒါနာ၊ စွန့်ကြဲပေးကမ်း လှူဒါန်းသည်မှ။ ပုဗ္ဗေဝ၊ ရှေးအဖို့၌ပင်လျှင်။ သုမနော၊ ဝမ်းမြောက်ဝမ်းသာသော စိတ်ရှိသည်။ အသြ၊ ဖြစ်ရာ၏။ မလှူခင်က ဝမ်းသာကြပါ။ အဲဒါ ပဌမအင်္ဂါ။ ပုဗ္ဗစေတနာ ဆိုလိုသည်၊ ပုဗ္ဗ-စေတနာ ဖြစ်တဲ့ အချိန်အခါမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်အောင် ကြိုးစားရမယ်။ ယခုလာမည့်လေးရက်နေ့မှာ အလှူပွဲကြီးကို ခမ်းခမ်းနားနား ကျင်းပမယ်လို့ ဆိုပြီးတော့ ဟို–ကြာမြင့်တဲ့ကာလကတည်းက ကြိုးစားလာခဲ့တာ၊ ဒီကြိုးစားမှုဟာ ယခုတော့ အတော်နီးနေပြီ၊ နီးနေတဲ့ အတောအတွင်းမှာ နှလုံးမသာမယာ ဖြစ်အောင် ပြုလုပ်တတ်တဲ့ အပြောအဆို အလုပ်အကိုင် ဒါတွေကို အထူး ရှောင်ကြဉ်ရမယ်၊ လှူမယ်တန်းမယ် လုပ်တုန်းမှာ စိတ်ဆင်းရဲစေတတ်တဲ့ အမှုအရာများကို သတိထားရမယ်၊ အင်မတန် အရေးကြီးသော အချိန်ရောက်ပြီ၊ လှူမှုနဲ့ ပတ်သက်ပြီးတော့ ဝမ်းမြောက်နေစေဘို့အင်မတန် အရေးကြီးသောအချိန် ရောက်ပြီ၊ ပိုးမွေးသကဲ့သို့ မွေးရလိမ့်မယ် သတိထားပါ၊ အဲဒါက မလှူခင်ကာလက ဝမ်းမြောက်မှု ဝမ်းသာမှုဘဲ၊ စိတ်နှလုံး မသာယာတဲ့ စကားများကိုတော့ မပြောရန် တိုက်တွန်း တောင်းပန်ထားရမယ်၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်စေမဲ့ စကားလုံးတွေကိုသာ ပြောပါလို့ တိုက်တွန်း တောင်းပန်ရမယ်။ အဲဒီ ပဌမအင်္ဂါ အင်မတန် အရေးကြီးသည်။

ဒုတိယအင်္ဂါက ဘာလဲဆိုတော့— ဒဒံ စိတ္တံ ပသာဒယေ=ဒဒံ, ဒဒန္တော၊ ပေးလှူသူတို့၏ ပေးဆဲ လှူဆဲခဏ၌ ပေးဆဲလှူဆဲဖြစ်တဲ့ပုဂ္ဂိုလ်သည်။ စိတ္တံ၊ စိတ်ကို။ ပသာဒယေ၊ ကြည်လင်ရွှင်ပျစေရာ၏။ လှူတုန်း တန်းတုန်းမှာ လှူဆဲ တန်းဆဲမှာ ဝမ်းမြောက်မှုလေး အပြည့်အဝပါပါစေ၊ ကျပ်ပြည့်တင်းပြည့်ဖြစ်အောင် လှူတုန်းတန်းတုန်းမှာလဲ စိတ်ညစ်စရာလေး စိုးစဉ်းမျှမရှိအောင် သတိထားရလိမ့်မယ်။ ဒုတိယအင်္ဂါဆိုတာ မုဉ္စစေတနာခေါ်တယ်၊ ကြားဘူးပြီးသားတရားတွေပါဘဲ။

ထို့နောက် တတိယအင်္ဂါအတွက်က အပရစေတနာဆိုတယ်။ အဲဒါ အပရစေတနာကို— ဒတွာ အတ္တမနော ဟောတိ=ဒတွာ၊ ပေးလှူ၍-ပေးလှူပြီးနောက်။ အတ္တမနော၊ မိမိစိတ်ရှိသည်၊ ဝမ်းမြောက်ဝမ်းသာသော စိတ်ရှိသည်။ အသ၊ ဖြစ်ရာ၏။ အဲဒီလိုဟောထားတယ်၊ အဲဒါကလဲ အင်မတန်အရေးကြီးတာဘဲ ပေးလှူပြီးတဲ့ နောက် အဖန်တလဲလဲ ဝမ်းသာနေရမယ်ဆိုတာကို ဘယ်လို ဝမ်းသာရမယ်ဆိုတာ တော့ ဟို-ကသိုဏ်းဆယ်ပါးထဲမှာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း, ဓမ္မာနုဿတိကမ္မဋ္ဌာန်း, သံဃာနုဿတိကမ္မဋ္ဌာန်း, သီလာနုဿတိ, စာဂါနုဿတိ။ ဘုရားဂုဏ်ကို အဖန်တလဲလဲ အောက်မေ့မှု ဗုဒ္ဓါနုဿတိ ပုတီးစိတ်၊ အဲဒါက ဂုဏ်တော်ပုတီးစိတ်တာ။ ထို့နောက် ဓမ္မာနုဿတိ, သံဃာနုဿတိဂုဏ်တော်ပုတီးစိတ်၊ သီလာနုဿတိ ဥပုသ်သည်များ ပုတီးစိတ်တာ ငါယနေ့ သီလ လုံခြုံသည်၊ ငါးပါးသီလလုံခြုံသည်၊ ဆယ်ပါးသီလလုံခြုံသည်၊ စသည်ဖြင့် ပုတီးစိတ်တာ သီလာ-

နုဿတိ ဘာဝနာတဲ့၊ နောက် စာဂါနုဿတိ ဘာဝနာက မည်သည့်ရက် မည်သည့်အချိန်ကာလက မည်သည့် အရှင် သံဃာတော်တို့အား မည်သည့်အလှူဝတ္ထုတို့ကို လှူဒါန်းခဲ့ရ ပါပေ၏ဆိုပြီးတော့ ပုတီးစိတ်ပါ၊ အဖန်တလဲလဲ အမှတ်ရပြီး ဝမ်းမြောက်ဝမ်းသာရှိရမယ်ဆိုတာကိုပါပုတီးစိတ်ရန်ဘုန်းကြီး က တိုက်တွန်းပါတယ်။ အင်မတန် အမှတ်တရ ခမ်းခမ်းနား နား ပျော်ပျော်ရွှင်ရွှင် လှူခဲ့ရတဲ့အလှူကြီးကို ပစ်မထား ပါနဲ့၊ ပုတီးစိတ်ပေးရမယ်တဲ့၊ မည်သည့်နေ့ မည်သည့်အချိန် မည်သည့်ကာလက မည်သည့်အရပ်ဒေသ၌ မည်သည့် အရှင် သူမြတ်တို့အား မည်သည့်ဝတ္ထုပစ္စည်းများကို လှူဒါန်းခဲ့ရပါ သည်၊ အဲသလို ပုတီးစိတ်ပေးရမယ်။ တနေ့ကို ပုတီးတပတ် လောက် စိတ်မယ်ဆိုရင် ပုတီးတပတ် တရာ့ရှစ်ရမယ်ဆိုရင် ထိုအလှူကြီးမျိုး တရာ့ရှစ်ကြိမ်လှူသည်မည်၏။ တနေ့ကို တရာ့ရှစ်ကြိမ် တရာ့ရှစ်ကြိမ် ထပ်ပြန်တလဲလဲ လှူလှူနေရင် ပုတီးတပတ်ဆိုရင် တရာ့ရှစ်ကြိမ် တရာ့ရှစ်ကြိမ် လှူရာရောက် နေတော့ တသက်လုံးများ အသက်ရှည်သမျှကာလပတ်လုံး ပုတီးစိတ်မယ်ဆိုရင် မျက်တောင်တခပ်အတွင်းမှာ မျက်စိ တမှိတ်အတွင်းမှာ ကုဋေတသိန်းမက စိတ္တုပ္ပါဒ်တွေ ဖြစ်တယ် ဆိုတော့ ပုတီးတလုံးအတွင်းမှာ ဖြစ်တဲ့ စိတ္တုပ္ပါဒ်ဟာ ဘယ် လောက်များမယ်ဆိုတာ ချင့်ချိန်ကြည့်ပါ။

အဲဒီမှာ ကုဋေတသိန်းမကဖြစ်နေတဲ့ စိတ်ကလေးတွေကို စုပေါင်းပြီးတော့ ဘာလုပ်လိုက်မလဲဆိုတော့ ဥပမာအားဖြင့် စိတ်ခေါ်တဲ့ဆိုတာ အထည်ကိုယ် ဝတ္ထုဒြပ် မရှိတာဖြစ်တော့ အ ထည်ကိုယ် ဝတ္ထုဒြပ်ရှိတဲ့အနေနဲ့ တင်စားပြီးတော့ ကုဋေ

တသိန်းမကဖြစ်တဲ့ စိတ္တုပ္ပါဒ်ကလေးကို နှမ်းတလုံးခန့် မုန်ညင်းစေ့တလုံးခန့် ခန့်မှန်းပြီး ထားမယ်ဆိုရင် တသက်လုံး တနေ့ ပုတီးတပတ်လောက် တပတ်လောက်စိတ်ထားတဲ့ ပုတီးပတ်ပေါင်းများစွာ တသက်လုံးဆိုလို့ရှိရင် ဘယ်လောက်များမလဲတဲ့၊ ချင့်ချိန်ကြည့်တော့။

ဒါ့ကြောင့် ဒါနကောင်းမှုဖြစ်စေ, သီလကောင်းမှုဖြစ်စေ, ဘာဝနာကောင်းမှုဖြစ်စေ အဲဒီပြုထားတဲ့ ကောင်းမှုကလေးကို အဖန်တလဲလဲ အမှတ်ရပြီး ဝမ်းမြောက်ဝမ်းသာနဲ့ ပုတီးစိတ်မယ်ဆိုရင် မြင့်မိုရ်တောင်ကြီးလောက်လဲ ဖြစ်နိုင်တယ်၊ မဟာသမုဒ္ဒရာကြီးလိုလဲ ဖြစ်နိုင်တယ်၊ ဘုရားရှင်ဒေသနာတော်မှာ မဟာသမုဒ္ဒရာကြီးဟာ ဂါလံပေါင်း ဘယ်လောက်ရှိတယ်လို့ ချင့်တွက်ခြင်းငှါ ရေတွက်ခြင်းငှါ စွမ်းနိုင်ပေတယ်လို့ ဟောဒီဆင္ဂုဏ်သမန္နာဂတဖြစ်တဲ့ ယခုနပြောတဲ့ အင်္ဂါခြောက်ပါးနဲ့ ပြည့်စုံတဲ့ ကောင်းမှုဟာ နှိုင်းယှဉ်တိုင်းတာခြင်းငှါ မတတ်ကောင်းဘူးတဲ့၊ ဟောဒီသဘောသွားကိုသာ ကြည့်ပါတော့၊ အလှူရှင်တွေကို သတိပေးပါတယ်၊ ပုတီးတနေ့ကို တပတ်လောက် တပတ်လောက် စိတ်ပါ၊ မိမိတို့အလှူကြီးကို မျက်စိမြင်အောင်ကြည့် တနေ့ ပုတီး တပတ်တပတ်ရအောင် စိတ်၊ ဘယ်လိုစိတ်ရမလဲ ဤမည်သောအခါန်၌ ဤမည်သော အရှင်မြတ်တို့အား ဤမည်သော အလှူဝတ္ထုတို့ကို ငါလှူခဲ့ရပါပေပြီလို့ မျက်စိထဲတော့ မြင်အောင်ကြည့်ရမယ်၊ အဲသလို ကြည့်ပြီးစိတ်တော့ ဘာဖြစ်တုန်း တကြိမ်တခါလှူလိုက်ရုံနဲ့ အကြိမ်ပေါင်းများစွာ အမြောက်အမြားကြီးတွေ ဖြစ်သွားမှာဘဲတဲ့၊ ဒီလိုဖြစ်ခဲ့တဲ့ထုံးတွေဟာလဲရှိတယ်။

ကော် ပုပ္ပံ ယဇိတ္ထာန၊ အသီတိဝဿကောဋ္ဌိယော•စသည် ဖြင့် ပန်းတပွင့်ထဲလှူခဲ့တဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ရောက်သည့်ဘဝ အထိ သူချည်း အကျိုးဝင်ဝင်ပေးသွားလို့ အခြားအကုသိုလ် တရားတွေ အကျိုးမဝင်အောင် အကျိုးမပေးနိုင်အောင် သူ ချည်း ကာဆီးကာဆီး ငါချည်း အကျိုးပေးမယ်လို့ သည့်ပြင် ကုသိုလ်တရားတွေကို သူက အခွင့်မပေးဘူး၊ ပန်းလှူခဲ့တဲ့ ပန်းတပွင့်လှူခဲ့တဲ့ စေတနာကလေးက ထပ်ပြန်တလဲလဲ သူ ချည်း အကျိုးပေးသွားတာဘဲ၊ အဲဒါ ဘာဖြစ်လို့တုန်း အခုန ဘုန်းကြီးပြောခဲ့တဲ့ ပုတီးစိတ်လို့ တသက်လုံး ဝမ်းမြောက်ဝမ်း သာဖြစ်တယ်၊ အလုအယက် ရှင်ဘုရင်က တိုင်းပြည်မှာရှိတဲ့ ပန်းဟူသမျှ ဘယ်သူမှမပေးရ မရောင်းရ ငါ့ကိုသာပေးရမည် ငါ့အားသာပေးရမည် အမိန့်ထုတ်ထားတဲ့ကြားထဲက မိမိပိုင် ပန်းကို ရှင်ဘုရင်ကိုမပေးဘဲနဲ့ ကိုယ့်ဟာကို ဘုရားသွားလှူ၊ သို့မဟုတ် အဲဒီကြားထဲက ရအောင်ဝယ်ပြီးတော့ ဘုရားလှူ တယ်၊ ရှင်ဘုရင်နဲ့ပြိုင်ပြီးတော့ အလှူလှူခဲ့ရတဲ့ အတွက်ဘဲ ဝမ်းမြောက်ရတဲ့ အောင်ပွဲကြီး ရခဲ့တဲ့အတွက် အမှတ်တရ အဖြစ် အဲဒီစေတနာကလေးဟာ တသံသရာလုံးလိုက်ပြီးတော့ သူချည်း အကျိုးပေးသွားတာဟာ နောက်ဆုံး ဘုရားရှင်နဲ့ တွေ့တဲ့အချိန်အထိ သူဘဲ အကျိုးပေးသွားတယ်၊ အဲဒီလို အကျိုးပေးသွားတော့ တကြိမ်သာပူခဲ့တဲ့ ယခုနတုန်းက ပုတီးစိတ်မှုတွေဟာ အပရစေတနာတွေ ထပ်ပြန်တလဲလဲ ပွါး တဲ့အတွက် တသံသရာလုံး နိဗ္ဗာန်ရောက်သည်အထိ သူချည်း အခွင့်ရခဲ့ခြင်း ဖြစ်ပါတယ်။

ဒါ့ကြောင့် အလှူရှင်များကို လှူပြီးတဲ့နောက်မှာ တနေ့ကို ပုတီးတပတ်တပတ် တတ်နိုင်သလောက် တသက်လုံး စိတ်လိုက စိတ်ပါ၊ အဲသလို စိတ်ရမယ်လို့ တိုက်တွန်းပါတယ်။ အပရစေတနာမြောက်မှ အင်္ဂါသုံးပါး ညီညွတ်တယ်၊ အပရစေတနာသည် အတိုင်းအတာ မရှိအောင် အများကြီးရမှ ဆဋ္ဌင်္ဂ-သမန္နာဂတ ဖြစ်တဲ့ အင်္ဂါခြောက်ရပ် ပြည့်စုံသော အလှူကြီး ဖြစ်နိုင်တယ်၊ အဲသလို အလှူကြီးကမှ မဟာသမုဒ္ဒရာထက် ကြီးသော အကျိုးများကို ခံစားနိုင်ကြပေမည်၊ အဲဒါ ဒါန လုပ်ပုံ လုပ်နည်းနဲ့ ပတ်သက်ပြီးတော့ ဟောပြတဲ့ ဒေသနာ ဖြစ်ပါသည်။

ဤဒေသနာတော်တို့ကို နာခံမှတ်သားကြရသော ကောင်းမှု စေတနာတို့ကြောင့် မိမိတို့ လိုလားနှစ်သက်အပ်, တောင့်တအပ်, မြတ်နိုးအပ်သော ကောင်းကျိုး ချမ်းသာ အဖြာဖြာတို့နှင့် အခါခပ်သိမ်း ပြည့်စုံလျက် ဝဋ္ဋဒုက္ခအားလုံး ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ အကျွန်ုပ်တို့ လျင်မြန်ထုတ်ချောက် ရောက်ရပါလိုကုန်၏ဟု ဆုတောင်းပတ္တနာ ပြုကြကုန်ရာသတည်း။

**သာဓု ... သာဓု.... သာဓု....**

ဤတရားတော်ကို မကွေးမြို့ ရတနာလှိုင် အသံချဲ့စက်ပိုင်ရှင်
ဦးသန်းမောင် အသံဖမ်းကြိုးခွေမှတဆင့် ကူးယူသည်။

၁၃၃၃-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၄) ရက်နေ့
ချောက်မြို့ မဟာဝိသုတာရာမ
စလင်းကျောင်းတိုက်အတွင်း ကျင်းပသော
ရတနသိင်္ဂီသိမ်သမုတ်ကံ သိမ်အောင်မင်္ဂလာအလှူပွဲ၌

**ပခုက္ကူမြို့**
**မဟာဝိသုတာရာမတိုက် တိုက်အုပ်ဆရာတော်**
**အရှင်နန္ဒိယမဟာထေရ်**
**မိန့်ကြားတော်မူအပ်သော**

# ဩဝါဒကထာ

---

ဩဝါဒပေးပါဆိုလို့ ဩဝါဒပေးရမှာဘဲ၊ တရားတော့ မဟောပါဘူး၊ တိုတိုကျဉ်းကျဉ်း ဩဝါဒပေါ့။ ယနေ့ ဒကာတို့ ဘာလုပ်ကြဒါလဲဆိုတော့ သာသနာ့အလုပ် သာသနာ၏ အခြေအမြစ်မူလဖြစ်တဲ့ ကုသိုလ်ကြီး သိမ်သမုတ်အလှူမင်္ဂလာ ပွဲကြီး လုပ်ကြတယ်ဆိုပါတော့၊ ကုသိုလ်မှု ပြုလုပ်ကြတယ် ဆိုရင် အကျိုးအမျိုးမျိုး ရနိုင်ပါတယ်၊ အကျိုးတွေရအောင် ခုတရား ဒေသနာကို နာယူမှတ်သားကြပေတော့၊ တရား တော်ကို နာယူပြီး တရားတော်လာသည့်အတိုင်း လိုက်နာ၍

သဒ္ဓါတရား အရင်းခံထားပြီးတော့ ယခုထက်ပိုမိုပြီး ဒါနမှု, သီလမှု, ဘာဝနာမှုတွေကို ကြိုးစားပြီး ပြုလုပ်ကြရမယ်။

လောကမှာ ပုဂ္ဂိုလ်လေးမျိုးရှိတဲ့ အကြောင်း ဘုရားရှင် ဟောကြားထားဒါ ရှိတယ်၊ မှတ်မှတ် သားသား နာယူကြ။ နန်နဲပြောဦးမယ်။ ပုဂ္ဂလပညတ်ဒေသနာတော်မှာ ကြွက်လေး မျိုး ဥပမာထားပြီး ပုဂ္ဂိုလ်လေးမျိုးခွဲခြား ဟောပြထားတာ ရှိတယ်။ အဲဒီပုဂ္ဂိုလ်လေးမျိုးဟာ ဘယ်ဟာလဲဆိုတော့—

တွင်းကိုသာတူး၍ တွင်းမအောင်းတဲ့ကြွက်နဲ့တူတဲ့ ပုဂ္ဂိုလ် တမျိုး, တွင်းကိုတော့မတူး သူများတူးတဲ့တွင်းကို အောင်းတဲ့ ကြွက်နဲ့တူတဲ့ ပုဂ္ဂိုလ်တမျိုး, ကိုယ်တိုင် တွင်းကိုတူးပြီး တွင်းကိုလဲ အောင်းတဲ့ကြွက်နဲ့တူတဲ့ ပုဂ္ဂိုလ်တမျိုး, တွင်းလဲ မတူး သူများတူးတဲ့တွင်းလဲ မအောင်းတဲ့ ကြွက်နဲ့တူတဲ့ ပုဂ္ဂိုလ် တမျိုး–ဆိုပြီး ကြွက်လေးမျိုး ဥပမာထားပြီး ပုဂ္ဂိုလ်လေး မျိုးကို ခွဲခြားပြီး ဟောတော်မူခဲ့ပါတယ်။

အဲဒီကြွက်လေးမျိုးထဲကတွင်းကိုသာတူး၍ တွင်းမအောင်း တဲ့ ကြွက်နဲ့တူတယ်ဆိုဒါ ကိုယ်တိုင်တွင်းကိုတူးပါ၏၊ သို့ပေမဲ့ ကိုယ်တူးတဲ့ တွင်းထဲမှာ မအောင်းဘူး၊ အဲဒီ ကြွက်နဲ့ တူတဲ့ ပုဂ္ဂိုလ်ဟာ ဥပမာ ရေနံတွင်းတော့ တူးပါ၏၊ ရေနံတွင်းက ထွက်တဲ့ အမြတ်အစွန်းတွေ အရသာတွေ မခံစားကြရတဲ့ ပုဂ္ဂိုလ်တွေ ရှိကြတယ် မဟုတ်လား။ အဲဒီပုဂ္ဂိုလ်တွေဟာ တွင်းတူးတဲ့ပုဂ္ဂိုလ် တွင်းမအောင်းဘူးပေါ့။ ဒါကသာမန် ထားပါအုန်း။ ဒါက တွင်းတော့မတူးဘူး၊ သူများတူးထားတဲ့ တွင်းကို လိုက်ပြီး အောင်းနေတဲ့ကြွက်ဆိုတဲ့ သူနဲ့တူတဲ့ ပုဂ္ဂိုလ် မျိုးလဲ ရှိသတဲ့။ အဲဒီ ပုဂ္ဂိုလ်မျိုးလဲ ရှိသတဲ့ဆိုတာ ရေနံတွင်း

ကိုယ်တိုင်မတူးဘူး၊အမြတ်အစွန်း အရသာတွေကို ခံစားနေတဲ့ ပုဂ္ဂိုလ်မျိုးမှသာ လောကမှာ သာသနာရေးနဲ့ မဆိုင်သေးဘူး၊ ထို့နောက် တွင်းလဲ တူးတယ်၊ တွင်းလဲအောင်းတယ်ဆိုတဲ့ ကြွက်လို။ ဟော–ရေနံတွင်းတူး၏၊ ရေနံတွေကိုလဲ ရောင်းစားရ၏၊ အဲဒီပုဂ္ဂိုလ်က တမျိုးတဲ့၊ တွင်းလဲတူးတယ်၊ တွင်းလဲအောင်းတယ်၊ အကျိုးအရသာတွေ ခံစားတယ်၊ ထို့နောက် တွင်းလဲ မတူးဘူး၊ တွင်းလဲ မအောင်းဘူး၊ရေနံတွင်းနဲ့ ဘာမှ မပတ်သက်ဘူး၊ အဲဒီ ကြွက်ဟာ တွင်းမအောင်းဘဲနဲ့ သူများလို တွင်းလဲ မတူးဘဲနဲ့ ဆိုတော့ စဉ်းစားကြည့်စမ်း၊ ကြွက် တကောင်ဟာ တွင်းလဲ အောင်းမနေဘူး၊ သူများလို တွင်းလဲ မတူးဘူးဆိုလို့ရှိလျှင် ကြောင်, ခွေး, စတဲ့ အန္တရာယ်တွေ အင်မတန် များတာပေါ့၊ ဒါလောက် အန္တရာယ်များနေတဲ့ ကြွက်လို့ ခေါ်ရမတဲ့၊ ရေနံတွင်းလဲ မတူးဘူး၊ ရေနံအရသာလဲ မခံစားရဘူး၊ လောက ဥပမာ,ဥပမေယျမှာ အဲဒီပုဂ္ဂိုလ်တွေ ရှိတာပေါ့၊ ရေနံမြေကြီးထဲမှာ နေရပေမဲ့ ရေနံတွင်းလဲ မတူးရဘူး ရေနံအရသာလဲ မခံစားရဘူး၊ ဒီပုဂ္ဂိုလ်မျိုးလဲ ရှိတာပေါ့၊ ဒါဟာ လောက ဥပမာ,ဥပမေယျဘဲ။

သာသနာနဲ့စပ်တဲ့ ဥပမေယျကို ခိုင်းနှိုင်း ရှာဖွေလို့ရှိရင် တွင်းတော့ တူးပါရဲ့ တွင်းမအောင်းဘူး၊ တွင်းတူးတဲ့ပုဂ္ဂိုလ် ဆိုတာ ဘာလဲလို့ဆိုတော့ သုတ္တ, ဂေယျ-စတဲ့ ဘုရားရှင်ဟော ပြတဲ့ ပရိယတ်ဒေသနာတွေကို ကိုယ်တိုင် ဝင်ပြီးတော့ သာ-သနာ့ဘောင်ဝင်, ကိုယ်တိုင် ပရိယတ္တိ ဒေသနာတော်တွေ ကို သင်ကြား လေ့ကျင့်တတ်မြောက်အောင် ကြိုးစား အား ထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ တွင်းတူးနေတဲ့ တွင်းတူးဗိုလ်တွေ

ပါဘဲတဲ့။ ဂါမံ ကတ္တာ၊ တွင်းကိုကား တူးပါ၏။ နော ဝသိ-တာ၊ တွင်းမအောင်းဘူး။ မိမိလို့လ ဝီရိယ စွမ်းအားရှိသ လောက် ပရိယတ္တိဓမ္မတွေကို သင်ကြားထားပေမဲ့ ဒီပရိယတ္တိ-ဓမ္မတွေကို သင်ကြားထားပေမဲ့ ဒီပရိယတ္တိအရသာ မခံစား ဘဲနဲ့ ပရိယတ္တိလာရှိတဲ့အတိုင်း မကျင့်သုံးကြဘူးဆိုရင် **တွင်း ကား တူး၏၊ တွင်း မအောင်း။** စာသင်လျက်, စာဖတ်လျက်, တရားနာလျက်, တရားနာနေတာဟာလဲ တွင်းတူးတာ ပါ ဘဲ၊ စာဖတ်နေတာလဲ တွင်းတူးနေတာပါဘဲ။ အဲဒီလို မိမိ တို့ ဖတ်တယ်,သင်တယ်, နာတယ်, ကြားတယ်ဆိုတဲ့ ပရိယတ္တိ ဓမ္မတွေ မိမိတို့ရရှိလာပေမဲ့ ရရှိတဲ့အတိုင်း မကျင့်သုံးဘူးဆိုရင် တွင်းကားတူးပါသည်၊ တွင်းမအောင်း။ **"အသိခေါက်ရက်နဲ့ အဝင်နက်၏"** ဟု ဆိုတဲ့ လောကစကားလိုဘဲ တတ်သိလျက် သားနဲ့ တတ်သိတဲ့အတိုင်း မကျင့်သူကို ပထမကြွက်နဲ့ တူတယ် လို့ ဘုရားရှင်ကဟောတော်မူတယ်။ အဲဒါ နောက်ဥပမာတွေနဲ့ နည်းတူမှန်းပြီးတော့ သိနိုင်ပါတယ်။

ကိုယ်တိုင်တွင်းမတူးဘူး၊ သူများတူးတဲ့တွင်းမှာ အောင်း တယ်ဆိုတာကတော့ မိမိတို့ကိုယ်တိုင် သာသနာ့ဘောင်ဝင်ပြီး တော့ သာသနာဝန်ထမ်း ရဟန်းအဖြစ်နဲ့ကျင့်သုံးပြီး ပိဋကတ် သုံးပုံ နိကာယ်ငါးရပ် ပရိယတ္တိဒေသနာတော်တွေကို မသင် ကြားနိုင်ဘူး၊ ဒီလိုမသင်နိုင် မကြားနိုင်ဘဲနဲ့အရှင်မြတ်တို့ထံမှ နည်း, သင်ကြားတဲ့ပုဂ္ဂိုလ်ထံမှ နည်းနာနိဿယ ယူပြီးတော့ ဒုစရိုက်မကျင့်နဲ့ဆိုတာတွေကို လိုက်နာပြီး ဒုစရိုက်မကျင့်ဘူး။ ငါးပါးသီလ ထိန်းသိမ်းရမယ်၊ ခါးဝတ်ပုဆိုးကဲ့သို့ လုံခြုံအောင် အဆုံးအမပေးလို့, အဲဒီ ငါးပါးသီလလုံခြုံအောင် ထိန်းသိမ်းလို့

အဲဒီ ငါးပါးသီလ, သမထဘာဝနာ, ဝိပဿနာဘာဝနာများကို ပွါးကြ စီးကြ၍ ဒီလို ဟောပြောချက်ကလေးရပြီးတော့ ဟောပြောတဲ့အတိုင်း ငါးပါးသီလ ထိန်းကြသည်၊ ဒုစရိုက်တွေကို ရှောင်ကြဉ်ကြသည်၊ သုစရိုက်တွေကိုကျင့်သုံးကြသည်၊ သမထလုပ်ငန်း, ဝိပဿနာလုပ်ငန်းဆိုင်ရာ ကလေးတွေကို တတ်စွမ်းသလောက် လုပ်ကြသည်လို့ဆိုရင် အဲဒါက ကိုယ်တိုင် တွင်းမတူးဘဲနဲ့ သူများတူးတဲ့တွင်းကို အောင်းကြသည်။ ဒါက ဘယ်လိုပုဂ္ဂိုလ်တွေကို ဆိုလိုသလဲဆိုတော့ ယခု ဘုန်းကြီးတို့ မျက်မှောက်ရောက်နေတဲ့ ဒကာ ဒကာမတွေဟာ ကိုယ်တိုင်ကား တွင်းမတူးနိုင်၊ တွင်းတူးပေးထားတဲ့ ပုဂ္ဂိုလ်တွေအထဲက ရတဲ့ တွင်းလွတ်တွေကိုဝင်ပြီး အောင်းနေကြတဲ့ ဒကာတွေလို့ ဆိုရလိမ့်မယ်၊ ကြားရဲ့လား။ ယခု ဒါယကာ ဒါယိကာမတွေဟာ ဘုန်းတော်ကြီးများတူးထားတဲ့ တွင်းထဲကိုဝင်ပြီးတော့ အောင်းနေကြတဲ့ ပုဂ္ဂိုလ်တွေလို့ ဆိုပါတယ်၊ အဲဒါက နော ဂါမံ ကတ္တာ ဝသိတာ=နော ဂါမံ ကတ္တာ၊ တွင်းကား မတူး။ ဝသိတာ၊ တွင်းကား အောင်း၏။ ဒုတိယပုဂ္ဂိုလ် မြင်ကြပြီမဟုတ်လား။ ငါတို့ဟာ တွင်းတူးဗိုလ်ထဲကလား တွင်းရဲ့အရသာခံစားနေတဲ့ တွင်းအောင်းသမားလား၊ ဒါ-စဉ်းစားရမယ်။ အဲဒါ ဒုတိယပုဂ္ဂိုလ်။

တတိယပုဂ္ဂိုလ်ဆိုတာ တွင်းလဲတူးသတဲ့ တွင်းလဲအောင်းသတဲ့ ပိဋကတ်တော်တွေကို ကျကျနန လိုက်နာလေ့ကျင့်သင်ကြားထားပြီး တတ်မြောက်နေကြတယ်။ တတ်မြောက်တဲ့အတိုင်းလဲ ပိဋကတ်တော်လာတဲ့ ကျင့်စဉ် ကျင့်လမ်းတွေကိုလဲ မလွတ်တန်း ကြိုးစား ကျင့်သုံးနေကြတယ်။ အဲဒီပုဂ္ဂိုလ်က

တွင်းလဲတူးတယ်၊ တွင်းလဲအောင်းတယ်တဲ့။ ရဟန်းတော်များ ယခုဒါယကာတို့ မျက်မှောက်မှာရှိတဲ့ ပရိယတ္တိဝန်ဆောင် အရှင်မြတ်တွေဟာ တွင်းလဲတူးနေကြတယ်၊ တွင်းတူးဗိုလ်တွေပါဘဲ။ တတ်နိုင်သလောက် မိမိတို့ ပရိယတ္တိဒေသနာတော်မှာ လာရှိတဲ့ ကျင့်စဉ် ကျင့်လမ်းတွေကိုလဲဘဲ လိုက်နာကျင့်သုံးနေကြတဲ့ ပုဂ္ဂိုလ်တွေ၊ ကျင့်သုံးပြီး အလိုအလျောက် ကိုယ်စွမ်းအားရှိသလောက် လိုက်နာ ကျင့်သုံးနေကြတယ်။ ဤခေတ် ဤခါကြီး၌ တွင်းလဲတူးသည်၊ တွင်းလဲအောင်းသည် ဆိုတဲ့ ကြွက်ဥပမာနဲ့တူတဲ့ ပုဂ္ဂိုလ်တွေမျက်မှောက် ထင်ထင်ရှားရှား ရှိသေးတယ်။

ထိုပုဂ္ဂိုလ်တွေနဲ့ အဆင်သင့်ကြုံကြိုက်တဲ့ ဒါယကာ ဒါယိကာမတွေလဲဘဲ ကံအင်မတန် ကောင်းကြတယ်။ နောက်ပိုင်းကြလျှင် တွင်းတူးပေမဲ့ တွင်းမအောင်းတဲ့ ပုဂ္ဂိုလ်တွေ တွေ့ချင်တွေ့ရလိမ့်မယ်။ တွင်းလဲတူးကြ၏၊ ပရိယတ္တိကို သင်ကြားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ အမြောက်အမြား ရှိကြသည်။ ပရိယတ္တိလာသည့်အတိုင်း လိုက်နာနေတဲ့ အရှင်မြတ်တွေလဲ အမြောက်အမြား ရှိသေးတယ်။ ထိုအရှင်မြတ်တွေနဲ့ ကြုံကြိုက်တွေ့ကြတဲ့ ဒါယကာ ဒါယိကာမတွေဟာ ကံကောင်းကြသည်။ ဘာပြုလို့လဲဆိုတော့——အနုတ္တရံ ပုညက္ခေတ္တံ လောကဿ—— ဆိုတာ သံဃာ့ဂုဏ်တော်ထဲမှာ ထည့်သွင်း ပေါင်းယူပြီး ရနိုင်တဲ့ အရှင်မြတ်တွေလို့ ဆိုရမယ်။ သံဃာ့ဂုဏ်တော်ကို လူတိုင်း လူတိုင်း နှုတ်တက်ရတယ်။ လောကဿ၊ သတ္တလောက၏။ အနုတ္တရံ၊ မိမိထက် သာသော အရာမရှိသော။ ပုညက္ခေတ္တံ၊ ကောင်းမှုမျိုးကို စိုက်ပျိုးရာ

လယ်ယာမြေ ကောင်းရှိ၏။ အဲဒီ သံဃာတော်အရှင်မြတ်တွေဟာ သမ္မုတိသံဃာတော်တွေ ဖြစ်စေကာမူ–အနုတ္တရိ ပုညက္ခေတ္တံ–ထည့်သွင်းပြီး ယူရတာဘဲ။ အနုတ္တရပုညခေတ်ကြီးနဲ့ တိုက်ရိုက်ကြုံတွေ့နေကြတဲ့ သူတွေဖြစ်လို့ မိမိတို့ ပြုတဲ့ ကောင်းမှုမျိုးစေ့တွေဟာ လယ်ကောင်း မြေကောင်းပေါ်မှာ ချပြီးစိုက်လို့ အသီးအနှံတွေ ပြည့်ပြည့်၀၀ ခံစားနိုင်တဲ့ အချိန်ရှိတယ်လို့ ဆိုရမယ်။

အဲ နောက်ဆုံး ပုဂ္ဂိုလ်ကတော့–နော ဂါမံ ကတ္တာ နော ၀သိတာ=နော ဂါမံ ကတ္တာ၊ တွင်းလဲမတူး။ နော ၀သိတာ၊ တွင်းလဲ မအောင်း။ စာလဲမသင်ဘူး ကျင့်စဉ် ကျင့်လမ်းလဲ မကျင့်ဘူးဆိုတဲ့ အမျိုးအစားလဲ ရှိတယ်။ ဘုရားရှင်က ၀ိဘဇ္ဇ၀ါဒီ ပုဂ္ဂိုလ်ဖြစ်တယ်။ ၀ိဘဇ္ဇ၀ါဒီ ဆိုတာဟာ အမျိုးမျိုး အထွေထွေခွဲ၀ေပြီးတော့ ဟောတတ်တဲ့ အရှင်မြတ်ကြီးလို့ ဆိုလိုသည်။ ပုဂ္ဂိုလ်တမျိုးထဲ တထစ်ချ ဒီလို ဟောပြောတာမဟုတ်ဘူး။ ပုဂ္ဂိုလ်ဆိုတာ ယခုဘဲ ဟောတယ် လေးမျိုးရှိတယ်။ ကြွက်လေးကောင်နဲ့ တူတဲ့ ပုဂ္ဂိုလ်လေးမျိုးရှိတယ်လို့ ဟောပါတယ်။

အဲ ယခုလို တွင်းတူးတဲ့ ပုဂ္ဂိုလ်၊ တွင်းအောင်းတဲ့ ပုဂ္ဂိုလ်တွေ ထင်ထင်ရှားရှားရှိနေတာဟာ နောက်နားမှာ ကြည့်လိုက်ရင် တွင်းတူးတဲ့ ပုဂ္ဂိုလ်ရှားသွားရင် မခက်ဘူးလား။ ပရိယတ္တိ၀န်ကိုထမ်းနေတဲ့ ဟောဒီကျောင်းတိုက်ထဲမှာ ဒီမြို့မှာရှိတဲ့ သံဃာတော်ကလေးတွေ အခြားမြို့မှာရှိတဲ့ ပရိယတ္တိ၀န်ဆောင် အရှင်မြတ်တွေ အဲဒီ ပုဂ္ဂိုလ်တွေကို မလှဲနိုင်တဲ့ အမည်ပေးရရင် တွင်းတူးဗိုလ်တွေလို့ အမည်ပေးရလိမ့်မယ်၊

တွင်းတူးနေတာဘဲ။ ရေနံတွေထွက်အောင် အဲဒီနည်းလိုပေါ့။ ရေနံထွက်အောင် တွင်းတူးထားတယ်။ ပရိယတ္တိသာသနာတော်ကို ပစ်မထားဘဲနဲ့ ဒီပရိယတ္တိဝန်ကြီးကို ဆောင်နေတဲ့ ပုဂ္ဂိုလ်တွေလို့ ဆိုရလိမ့်မယ်။

နောက်–ဝသိတာ နော ဝသိတာ–ဆိုတဲ့ ဒီပုဂ္ဂိုလ်တွေဟာ ကိုယ်တိုင်အောင်းတဲ့ ပုဂ္ဂိုလ်,မအောင်းတဲ့ပုဂ္ဂိုလ်လို့ နှစ်မျိုးခွဲထွက်တယ်။ တိုတိုတုတ်တုတ်ပြောရရင် သင်ထားတဲ့အတိုင်း သိထားတဲ့ အတိုင်း ကျင့်သူလဲရှိတယ်၊ သင်ထား သိထားတဲ့အတိုင်း မကျင့်သူလဲရှိကြတယ်။ အားလုံးဟာ သင်ထား သိထားတဲ့အတိုင်း ကျင့်လိမ့်မယ်လို့ ပုံသေမမှတ်ရဘူး။ ဒီတော့ကာ ဒကာ ဒကာမတို့က ဘယ်လိုစိတ်ကူးရှိရမလဲလို့ဆိုတော့ ငါတို့တတွေသည် ယခု ဒါနသီလ ဘာဝနာတို့ကို ပွားများရတာဟာ ဟောဒီ ပုဂ္ဂိုလ်တွေကြောင့် ဒါန သီလ ဘာဝနာပွါးများရတယ်လို့မှတ်ရမယ်။ ပွားများလို့ရှိရင် အကျိုးခံစားရတယ်လို့ ဒီတွင်းတူးထားလို့သာ ငါတို့တတွေ ဒီကောင်းမှုကြီးတွေကို လုပ်ခွင့် ရကြတယ်လို့ ဒီလို အာရုံပြုပြီးတော့ ပရိယတ္တိ ဝန်ကို ဆောင်ပေါ်ရပြီး ကျေကျေ နပ်နပ်နဲ့ ဆရာဒကာ ညီညွတ်စွာ ထောက်ပံ့သွားမယ် ဆိုလျှင် သာသနာ့နဂ္ဂဟ ကုသိုလ်ကြီးဖြစ်ကြမယ်။ နောင်လာနောက်သားတွေလဲ ဒီတွင်းတွေ ရှိနေလျှင် ထို တွင်းတွေမှာ အောင်းပြီးတော့ ကျင့်သုံးသွား၍ ဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်ကြလိမ့်မည်။ အဲဒါကို နှလုံးသွင်း ဆင်ခြင်ပြီး သကာလ တွင်းတူးဗိုလ်တွေ လောကမှာ ပေါများလာအောင် ငါတို့တတွေ ဆောင်ရွက်ကြမယ်လို့ ရည်ရွယ်ချက်နဲ့ ယနေ့စုရုံး

ကြတာ အမှန်စင်စစ်က ပရိယတ္တိသာသနာ တည်းဟူသော တွင်းကိုတူးမဲ့ တွင်းတူးပုဂ္ဂိုလ်လေးတွေ မြောက်မြားစွာ ပေါ်ပေါက်လာအောင် ငါတို့ ဝိုင်းဝန်း ထောက်ပံ့ပြီးတော့ တွင်းတူးခပေးမယ်လို့ ဒီလိုရည်ရွယ်ချက်နဲ့ သာသနာပြုကြပါ။ ဟာ ဒီကိုယ်တော်က နေပုံ ထိုင်ပုံကိုက မကောင်းပါဘူးလို့ အဲဒီ မကောင်းတာကို မြင်မနေရဘူး။ ဒီနောင်လာ နောက်သား အဆက်ဆက် တွင်းအောင်နိုင်အောင် အရှင်မြတ်များက တွင်းတူးပေးတာဘဲလို့ နှလုံးသွင်းပြီးတော့ ကောင်းတာများကို မြင်ပြီးတော့ သာသနာကို အားပေးကြရမည်။

တွင်းတူးဗိုလ်များ မရှိလို့ တွင်းမရှိလျှင် လူနှင့်တကွ ရဟန်းတော်တွေအားလုံး ဘာဖြစ်သွားမလဲ ဆိုတော့–နော ဂါမံ ကတ္တာ နော ဝသိတာ–တွင်းလဲမတူး တွင်းလဲမအောင်း။ တွင်းမတူး တွင်းမအောင်းတဲ့ကြွက်ဟာ ကြောင်စာ, ခွေးစာ ဖြစ်ရမယ်။ ဒုက္ခဘုံ ဒုက္ခနယ်ကြီးထဲမှာ ကပ်ရတဲ့ သတ္တဝါတွေဟာ လုံခြုံရာ မနေရဘဲနဲ့ ဘာဖြစ်မလဲလို့ဆိုရင် ဒုက္ခတွေ အမြောက်အမြားနဲ့ တိုးကြမယ်။ သာသနာတော် ထွန်းကားနေတဲ့ ဌာနမှာ သာသနဆိုင်ရာ ဒီသမ္မာဒိဋ္ဌိသဒ္ဓါတရားတွေ လက်ကိုင်ထားပြီး ကောင်းမှု ကုသိုလ်တွေကို ဆက်ကာ ဆက်ကာ ပွါးများမှု ဘေးရန်အန္တရာယ် ကြုံစေကာမူ သာမန်မျှလောက်သာ ကြုံသည်။ ဒီသာသနာတော် မရှိတဲ့ အရပ်ဒေသမှာ သတင်းစာ ထည်းမှာ ဖတ်ကြည့် စမ်းပါ၊ ထောင်သောင်းချီပြီးတော့ သတ္တဝါတွေ အန္တရာယ်နဲ့ ကြုံကြတယ်။ လျှင်လျှပ်လို့ ရေဘေးကြုံလို့ လေဘေးကြုံလို့ အင်မတန် ကြောက်မက်ဖွယ်ကောင်းတဲ့ အန္တရာယ်တွေ တွေ့ကြ ကြုံကြ

တယ်။ သူတို့ဆီမှာ တွင်းတူးသမားလဲ မရှိဘူး၊ တွင်းလဲ မအောင်းရဘူး။ တွင်းမတူးလို့ တွင်းမအောင်းလို့ ဘာတွေ ကြုံနေတုန်းဆိုတော့ လေဘေး ရေဘေးစတဲ့ ခွေးတို့ ကြောင်တို့ရဲ့ အစာတွေဖြစ်ကြတယ်။

ဒါကြောင့် သာသနာတော်ကြီးကို တွင်းတူးတဲ့ ပုဂ္ဂိုလ်တွေ အမြောက်အမြား ပေါ်စေပြီးတော့ ဒီ သာသနာတော်ကြီး မပျက်အောင် ထမ်းဆောင်ဘို့ ယနေ့ငါတို့ သာသနာပြုကြ မည်ဆိုတာကို အာရုံပြုပြီးတော့ သာသနာတော်ကို ချီးမြှောက် ထောက်ပင့်ရန် ဩဝါဒစကား ပြောကြားပါတယ်။

**သာဓု—သာဓု—သာဓု။**

ဤ ဩဝါဒကို ချောက်မြို့ မြသုံးလုံး မော်တော်ယာဉ် ပိုင်ရှင် ဦးသိန်းမောင် အသံဖမ်းကြိုးခွေမှ တဆင့် ကူးယူသည်။

**ဩဝါဒ ကထာများပြီး၏။**

# ဓမ္မဒါန ကုသိုလ်ရှင်များ

❖❖❖❖❖❖❖❖❖❖❖❖

ပခုက္ကူမြို့ စာတိုက်တန်းရပ် ဦးတင်မောင်-
ဒေါ်တင်အေးတို့က .... .... အုပ်ရေ—၂၀၀၀။

ပခုက္ကူမြို့ မုံညင်းစုရပ် ကျောင်းအမကြီး
ဒေါ်လှကြွယ်နှင့် ဒေါ်ပု၊ ဒေါ်တင်ညွန့်၊
တူ-တူမတစုတို့က .... .... .... အုပ်ရေ—၁၀၀၀။

ပခုက္ကူမြို့ မုံညင်းစုရပ် ဦးရာစိုး-ဒေါ်စန်းရင်
သားသမီးတစုတို့က .... .... .... အုပ်ရေ—၅၀၀။

ပ-မ-ဗ-သ-စ—၁၄၀၁—၂၃·၉-၇၁—၃၅၀၀။ (၂)

# စမ္ဗဒါန ကုသိုလ်ရှင်များ

◆◆◆◆◆◆◆◆◆◆◆◆◆◆

မခုက္ကူမြို့ စဝတိုက်တန်းရပ် ဦးတင်မောင်-
ဒေါ်တင်အေးတို့က .... .... အုပ်ရေ – ၂၀၀၀။

ပခုက္ကူမြို့ မုံညင်းစုရပ် ကျောင်းအမကြီး
ဒေါ်လှကြွယ်နှင့် ဒေါ်ပု၊ ဒေါ်တင်ညွန့်၊
တူ-တူမတစုတို့က .... .... .... အုပ်ရေ – ၁၀၀၀။

ပခုက္ကူမြို့ မုံညင်းစုရပ်ဦးရာစိုး-ဒေါ်စန်းရင်
သားသမီးတစုတို့က .... .... .... အုပ်ရေ – ၅၀၀။